# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄) အမှတ် (၇၈)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့။


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘူတန်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၁၇**

၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကျရောက်သော ဘူတန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘူတန်နိုင်ငံ ဘုရင်မင်းမြတ် ဂျင်မီခေဆာ နန်းဂျဲလ် ဝန်ချပ်ထံသို့ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၃ ကော်လံ ၅*

# နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းရေးအတွက် လက်တွဲပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ လီယွမ်ချောင်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် တရုတ်-မြန်မာ ဘက်စုံမဟာဗျူဟာမြောက် ချစ်ကြည်ရေး၊ ဒေသတွင်း ဆက်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံသာတူညီမျှ အပြန်အလှန် ကူညီဆောင်ရွက်ရေး၊ နှစ်နိုင်ငံသဘောတူညီချက်များကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ပိုမိုမြှင့်တင်ရေး၊ အခြေခံအဆောက်အအုံကဏ္ဍတိုးမြှင့်ရေး၊ နှစ်နိုင်ငံပြည်သူလူထုအကြား ယဉ်ကျေးမှုပူးပေါင်းမြှင့်တင်ရေး၊ နှစ်နိုင်ငံနယ်စပ် ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းရေးအတွက် လက်တွဲပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံနိုင်ငံ့ခေါင်းဆောင်များ အပြန်အလှန် ချစ်ကြည်ရေးခရီးလည်ပတ်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးကျော်ဆန်း၊ ဦးအုန်းမြင့်၊ ဦးဇေယျာအောင်၊ ဦးဝင်းမြင့်၊ ဦးအေးမြင့်ကြူ၊ ဒေါက်တာကံဇော်၊ ဦးသန်းဌေးတို့ တက်ရောက်ကြပြီး ဧည့်သည်တော်တရုတ်နိုင်ငံဒုတိယသမ္မတ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ယန်ဟို့လန်လည်း တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ လီယွမ်ချောင်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

## တရားမျှတရေးအတူတကွမြှင့်တင်ပေး ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှတရားရုံးများ၏ ဝန်ဆောင်မှုများမြှင့်တင်ရေးအတွက် တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်းထုတ်ပြန်

စာမျက်နှာ ၈

# မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ တည့်မတ်မှန်ကန်



**တွေ့ဆုံမေးမြန်း-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**

**ဘူဆန် ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များသည် တည့်မတ်မှန်ကန်သည့် လုပ်ငန်းစဉ်များဖြစ်ကြောင်း ရှုမြင်သည့်အပြင် တောင်ကိုရီးယား၏ ပြုပြင်ပြောင်းလဲမှုသမိုင်းကြောင်းအပါအဝင် ကိုရီးယားနှစ်နိုင်ငံအကြား ဆက်ဆံရေးသမိုင်းကြောင်းတို့မှ အကောင်းအဆိုးတို့ကို သုံးသပ်ဆင်ခြင်ကာ ပိုမိုကောင်းမွန်သည့် ဒီမိုကရေစီနိုင်ငံအဖြစ် ဖြစ်ထွန်းသွားစေလိုကြောင်း တောင်ကိုရီးယားသမ္မတမဒမ်ပတ်ဂွန်ဟေးက ပြောကြားသည်။

ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ရှိ ဘက်စ်ကိုကွန်ဗင်းရှင်းခန်းမ၌ ဒီဇင်ဘာ ၁၁ ရက်နှင့် ၁၂ရက်တို့၌ ကျင်းပသော (၂၅)ကြိမ်မြောက် အာဆီယံ-ကိုရီးယားဆက်ဆံရေး အထိမ်းအမှတ် ထိပ်သီး အစည်းအဝေးအပြီး နိုင်ငံတကာမီဒီယာများနှင့် သတင်းစာ

*စာမျက်နှာ ၁၀ ကော်လံ ၁*

## ယနေ့ မာတိကာ


ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှုကြောင့် ဂျပန်နိုင်ငံတွင် ကြက် ၄၀၀၀ ကို သုတ်သင် စာမျက်နှာ » ၄

မန်စီးတီးနှင့်ဘာစီလိုနာ ချန်ပီယံလိဂ် ၁၆ သင်းပြိုင်ပွဲတွင် ဒုတိယအကြိမ် ဆက်တိုက်ကြုံ စာမျက်နှာ » ၁၄

အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအလုပ်သမားများနေ့ (International Migrants Day) စာမျက်နှာ » ၁၅



ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၁၁၊ တဆထလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0314) / (ဆေးမှုန့်)TMR 000394(0314)

တဟွပ်ဟွပ်နဲ့ အိပ်မရအောင်ဆိုးနေတဲ့ချောင်း ကွမ်းရွက်ပုံ ဆေးကောင်း

ကွမ်းရွက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ရွာများကိုမျှ ဓော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ မိဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေးပန်ကြားအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

ဒူးနာ၊ ခါးနာ၊ ကိုးပေါင်းရောဂါ၊ ထုံကျင်ကိုက်ခဲအကြောဝေဒနာရှင်များနှင့် ချောင်းဆိုး၊ ရင်ကျပ်၊ မိုက်နာလျှင် လိမ်း

မူးဝေ၊ ရင်တုန်၊ ဇက်ကြောတက်လျှင် ရှူ

ဂမုန်းရှင် လေငန်းကာကွယ်လိမ်းဆေးရည်

10111 Y 009386 ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၈/၂၀၀၈ တဆထလ/ တိုး(၀၃၃)

ဆေးညွှန်းပါအတိုင်း လိမ်းဆေးရည်ကို သေသေချာချာ လိမ်းပေးရုံဖြင့် ရောဂါဝေဒနာများ သက်သာပျောက်ကင်းစေပါသည်။ ရှူဆေးအဖြစ်လည်း အသုံးပြုနိုင်ပါသည်။

အမြို့မြို့ ဆေးတိုင်းမှာ ရရှိနိုင်ပါသည်။

ဂမုန်းရှင် လေငန်းကာကွယ်လိမ်းဆေးရည်သည်

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# သင့်သွေးဖြင့် အသက်ကယ်တင်ပါ

အလှူတကာ့အလှူတွင် မိမိ၏ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခုကို တစ်ပါးသူတစ်ဦးတစ်ယောက်အား "ကျန်းမာပါစေ၊ ချမ်းသာပါစေ" ဟူသော စိတ်ကောင်းဆန္ဒဖြင့် လှူဒါန်းပေးသောအလှူထက် မည်သည့်အလှူမျှ အမြတ်ဆုံးဖြစ်လိမ့်မည်မဟုတ်ပေ။ မိမိ၏ အသက်ခန္ဓာနှင့် ရင်းနှီး၍ လှူဒါန်းပေးဆပ်ခြင်းသည်သာ အမြတ်ဆုံးအလှူဖြစ်ပါသည်။ ဤသို့ လှူဒါန်းခြင်းကို ဇီဝိတဒါနဟုလည်း ဆိုကြသည်။

ဇီဝိတဒါနအလှူအမျိုးမျိုးရှိရာတွင် မိမိ၏သွေးဖြင့် တစ်ပါးသူအား ကယ်တင်ပေးခြင်းသည် အမွန်မြတ်ဆုံးအလုပ်ဖြစ်သကဲ့သို့ အမြတ်ဆုံး အလှူဒါနလည်းဖြစ်ပေ၏။ သွေးလှူဒါန်းခြင်းကို လူတိုင်းလုပ်နိုင်ခဲ၏။ စိတ်ကောင်းစေတနာကောင်းရှိသူများ ကျန်းမာ၍ ရောဂါဘယကင်းရှင်းသူများသာလုပ်နိုင်၏။ သွေးလှူဒါန်းခြင်းသည် လူတိုင်းလုပ်နိုင်သည်ဟု ထင်ရသော်လည်း ပင်ကိုအားဖြင့် ကျန်းမာသန်စွမ်းသူ ဖြစ်ရပါမည်။ ရောဂါဘယကင်းရှင်းသူဖြစ်ရပါမည်။ သို့မှသာ မိမိ၏သွေးကောင်း သွေးသန့်ဖြင့် တစ်ပါးသူ၏အသက်တစ်ချောင်းကို ကယ်တင်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း သွေးလှူရှင်များသည် စေတနာရှင်များဖြစ်ကြသည့်အားလျော်စွာ ပါရမီရင့်သန်သူများဖြစ်ရာ သွေးဖြင့်ပါရမီဖြည့်ဆည်းနေသူများလည်းဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် ကားလန်းစတိုင်းနားဆိုသူက လူတစ်ဦးနှင့်တစ်ဦး သွေးကူးပေးနိုင်သော သွေးအုပ်စုကြီး လေးခုတွေ့ရှိခဲ့ပြီးနောက် လူနာများအား သွေးသွင်းကုသခြင်းလုပ်ငန်းသည် တဖြည်းဖြည်း တိုးတက်အောင်မြင်လာခဲ့သည်ဟု ပညာရှင်တို့က ဆိုပါသည်။ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးမရမီကာလ ၁၉၃၅ ခုနှစ် မှစတင်ကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ သွေးသွင်းကုသခြင်းလုပ်ငန်းကို စတင်ခဲ့ကြောင်း သိရသည်။ ထိုစဉ်က သွေးများကို သွေးလှူရှင်များထံမှ အခကြေးငွေထောက်ပံ့ခြင်းဖြင့် စုဆောင်းခဲ့ရပြီး ၁၉၆၂ ခုနှစ်တွင်မူ သွေးများစေတနာအလျောက် လှူဒါန်းခဲ့ကြရာ ယနေ့ခေတ်တိုင်အောင်ပင်ဖြစ်ပါသည်။

မျက်မှောက်ခေတ်တွင် သွေးလှူဒါန်းခြင်းကို တစ်ဦးတစ်ယောက်ချင်းသာမက အသင်းအဖွဲ့များအလိုက် သွေးလှူဘဏ်များသို့ သွားရောက်လှူဒါန်းနေကြပြီဖြစ်ပါသည်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းများ၊ ကြက်ခြေနီလူငယ်များ၊ ကုမ္ပဏီဝန်ထမ်းများ အစရှိသဖြင့် သွေးလှူဒါန်းခြင်းကို မကြာခဏပြုလုပ်လေ့ရှိပါသည်။

သွေးသွင်းလူနာများ တိုးပွားလာသည့်အလျောက် သွေးလိုအပ်ချက်သည်လည်း မြင့်မားလာလျက်ရှိပါသည်။ ဆေးရုံများ၏ သွေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လူတိုင်းတွင်တာဝန်ရှိပါသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် မည်သူမဆို သွေးသွင်းကုသမှု မဖြစ်နိုင်ဟုမဆိုနိုင်ပါ။ လူသားအချင်းချင်း စာနာထောက်ထား ကိုယ်ချင်းစာတရားထားရှိကာ သွေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လှူဒါန်းသင့်ပေသည်။ သို့ပါ၍ လူတိုင်းလူတိုင်း ကျန်းမာသန်စွမ်းနေချိန် အမြတ်ဆုံးဒါနကို လက်မလွတ်ရလေအောင် ဒါနမျိုးစေ့စိုက်ထူလှူဒါန်းခြင်းဖြင့် တစ်ပါးသူ၏အသက်ကို ကယ်တင်ရာရောက်သည့်အတွက် သွေးလှူဒါန်းခြင်းကို တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သင့်ပေကြောင်း။ ။

ပြည်သူ့အကျိုး ဖော်ဆောင်ဖို့

အခွန်မှန်စွာ ပေးဆောင်စို့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# နိုင်ငံခြားသားဧည့်သည်ဝင်ရောက်မှု နှစ်ကုန်တွင်သုံးသန်းကျော်မည်ဟုမှန်း

**နေပြည်တော် ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံသို့ နိုင်ငံခြားသားဧည့်သည် ရောက်ရှိမှုသည် ယခုနှစ် ဒီဇင်ဘာလ ပထမပတ်အထိ ၂ သန်းခွဲသိန်းကျော်ရှိပြီး နှစ်ကုန်တွင် မူလမျှော်မှန်းထားသည့် ၃ သန်းကျော်ခန့်ရှိလာမည်ဖြစ်ကြောင်း၊ ငွေဆောင်ကမ်းခြေဒေသသို့ လာရောက်လည်ပတ်ကြသော ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များသည်လည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလျက်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဌေးအောင်က ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ဒီဇင်ဘာ ၁၄ရက် နေ့လယ်ပိုင်းတွင် ငွေဆောင်ကမ်းခြေ Ngwe Saung Yacht Club & Marina အစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ငွေဆောင်-ချောင်းသာဟိုတယ်ဇုန်မှ လုပ်ငန်းရှင်များနှင့် မန်နေဂျာများကိုတွေ့ဆုံရာ၌ အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံတွင် ယခုကဲ့သို့ ယဉ်ကျေးမှုနှင့် သဘာဝအရင်းအမြစ်များ တည်ရှိနေသည့်အတွက် နိုင်ငံခြားဧည့်သည်များ လာရောက်လေ့လာနေခြင်းဖြစ်ပါကြောင်း၊ ယင်းအမွေအနှစ်များ ပျက်သုဉ်းသွားပါက မည်သူမျှလာရောက်ကြမည်မဟုတ်ပါကြောင်း၊ ထို့အတွက် မိမိတို့၏ အမွေအနှစ်များ မပျက်စီးမဆုံးရှုံးရအောင် အားလုံးဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ကြောင်းလည်း ထည့်သွင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်၌ ထိုင်းနိုင်ငံ ခရီးသွားနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး Ms.Kobkarn Wattanavrangkul ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ထိုင်းနိုင်ငံခရီးသွားနှင့် အားကစားဝန်ကြီးက မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံစလုံး ပိုမိုအကျိုးကျေးဇူးရှိမှာဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် အဆင့်မြင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားသည်။ ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံခရီးစဉ်ဒေသတစ်ခု အစီအမံကိုကျယ်ပြန့်စွာ ဆောင်ရွက်သွားနိုင်ကြောင်း၊ အိမ်နီးချင်းများဖြစ်၍ နယ်စပ်ဒေသခရီးသွားလုပ်ငန်း ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လိုပါကြောင်း၊ ဒေသတွင်းသာမက နိုင်ငံတကာခရီးသွားပြပွဲများတွင် ပူးပေါင်းမြှင့်တင်ဆောင်ရွက်လိုကြောင်း ဆွေးနွေးညှိနှိုင်းသည်။

ဒီဇင်ဘာ ၁၃ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ ဆံတော်ရှင်မြတ်မော်တင် စေတီတော်သို့ရောက်ရှိပြီး ဘုရားပွဲတော် အချိန်တွင် လာရောက်ဖူးမြော်ကြမည့် ပြည်တွင်းပြည်ပ ဘုရားဖူးများ အဆင်ပြေစွာ တည်းခိုနေထိုင်နိုင်ရေးအတွက် တည်းခိုရိပ်သာတည်ဆောက်ရေးလုပ်ငန်းခွင်သို့ လှည့်လည်ကြည့်ရှုသည်။

ယင်းသို့ ကြည့်ရှုရာတွင် ပြည်ထောင်စုဝန်ကြီးက ဘုရားပွဲတော်မတိုင်မီ ဧည့်သည်များ စနစ်တကျတည်းခိုနေထိုင်နိုင်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

## လသာမြို့ စစ်မှုထမ်းဟောင်း သက်ကြီးအဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် စည်းရုံးရေးကော်မတီနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာသင်စရိတ်၊ သက်ကြီးအဖွဲ့ဝင်၊ အရန်အဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီတွင် လသာမြို့နယ် စဥ့်အိုးတန်းလမ်းရှိ အဖွဲ့တည်ရာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ သဘာပတိ ဗိုလ်မှူး ကျင်မှိန်(ငြိမ်း)က အမှာစကားပြောကြားပြီး နှစ်ပတ်လည်အစီအရင်ခံစာကို ကော်မတီအတွင်းရေးမှူးက တင်သွင်းအတည်ပြုချက်ရယူသည်။ ယင်းနောက် ကော်မတီအဖွဲ့ဝင်များ၏ သားသမီး ကျောင်းသား ကျောင်းသူ ခုနစ်ဦးအား ပညာသင်စရိတ်နှင့် သက်ကြီးကော်မတီအဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင် ၁၁၀ တို့ကို ထောက်ပံ့ငွေပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုချစ်**



## အခြေခံအင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြောသင်တန်း သီပေါမြို့နယ် နမ့်ဟူးနွဲ့ ကျေးရွာ၌ကျင်းပ

**သီပေါ ဒီဇင်ဘာ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်ရှမ်းစာပေနှင့်ယဉ်ကျေးမှုကော်မတီမှ ကြီးမှူးဖွင့်လှစ်သော အမှတ်စဉ် (၂/၂၀၁၄) အခြေခံအင်္ဂလိပ်စာရေး၊ ဖတ်၊ ပြောသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီက မန်ဟဲကျေးရွာအုပ်စု ရွှေပြည်အေးရိပ်သာ နမ့်ဟူးနွဲ့ကျောင်းတိုက်၌ ကျင်းပသည်။

အစီအစဉ်အရ သဘာပတိဦးစိုင်းငို့ကွမ်းနှင့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်တို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့မိမြို့ဖဦးအောင်ခင်၊ ဦးစိုင်းသန်းမောင်(ကျောက်မဲ)တို့က မိမိတို့တိုင်းရင်းသားယဉ်ကျေးမှုဘာသာစာပေများအပြင် နိုင်ငံတကာသုံးအင်္ဂလိပ်စာကိုလည်း တတ်မြောက်အောင်ယခုကဲ့သို့ ဖွင့်လှစ်သင်ကြားပေးသဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

အဆိုပါ သင်တန်းသို့ ကျေးရွာအုပ်စုအသီးသီးမှကျေးလက်လူငယ်မောင်မယ်များ ၃၀၀ ကျော်တက်ရောက်ကြပြီး အမေရိကန်နိုင်ငံသူတစ်ဦးနှင့် ဩစတြေးလျနိုင်ငံသူတစ်ဦးတို့က နည်းပြအဖြစ်ဆောင်ရွက်ပေးမည်ဖြစ်ကာ သင်တန်းကာလမှာ တစ်လခွဲဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်ဖလှယ်မှု ကဏ္ဍများ တိုးမြှင့်သွားရေး တရုတ်နှင့်အာဆီယံနိုင်ငံများအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၁၆**

မြန်မာ-တရုတ် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာလီယွမ်ချောင်တို့ တက်ရောက်ကြသည်။

အဆိုပါ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့်အတူ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာလီယွမ်ချောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ယန်ဟိုလန်နှင့် သံရုံးမှတာဝန်ရှိသူများလည်း တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများ ဆက်လက်တိုးမြှင့်ရေး၊ ၂၀၁၅ ခုနှစ်တွင် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်သည့်(၆၅)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားများ ခမ်းနားစွာကျင်းပရေး၊ ယဉ်ကျေးမှုအပါအဝင် နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်ဖလှယ်မှုကဏ္ဍများ တိုးမြှင့်သွားရေး၊ တရုတ်နှင့် အာဆီယံနိုင်ငံများအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲ အပြီးတွင် ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာလီယွမ်ချောင်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် အာဆီယံ-တရုတ်ယဉ်ကျေးမှု ဖလှယ်ရေး (၂၀၁၄)ပိတ်ပွဲ အခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာလီယွမ်ချောင် ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များအား မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**

## ပြည်တွင်းသတင်း

**✻ ရှေ့ဖုံးမှ**

အလားတူ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင်ကျရောက်သော ဘူတန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ဘူတန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှာရင်းတော့ဂေးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘူတန်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၁၇**

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်နေ့တွင် ကျရောက်သော ဘူတန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘူတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ရင်ဇင်ဒိုဂျီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ဗိုလ်ရှုခံအခမ်းအနားနှင့် ပတ်သက်သည့် မှတ်တမ်းအထောက်အထားများ လှူဒါန်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့်အတူ ဗိုလ်ရှုခံအခမ်းအနားကို နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ပါသည်။

ဗိုလ်ရှုခံအခမ်းအနားနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရေး သတင်းစာနှင့် ရုပ်မြင်သံကြားအစီအစဉ်များတွင် ပြန်လည်ဖော်ထုတ်ပြသသွားမည်ဖြစ်သည့်အတွက် ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၂ ခုနှစ်အထိ ကျင်းပခဲ့သည့် ဗိုလ်ရှုခံအခမ်းအနားဆိုင်ရာ ဓာတ်ပုံမှတ်တမ်းများ၊ အသံဖိုင်များ၊ ရုပ်ရှင်မှတ်တမ်းများ၊ အခြားသောအထောက်အထားများကို ဗိုလ်ရှုခံအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး ပြန်ကြားရေးနှင့် လူထုလှုံ့ဆော်ရေးဆပ်ကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်၊ ဖုန်း ၀၆၇-၄၁၂၂၄၂၊ အီးမေးလ် myintkyaw103@gmail.com သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**ဗိုလ်ရှုခံအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ပြန်ကြားရေးနှင့် လူထုလှုံ့ဆော်ရေးဆပ်ကော်မတီ**

# မဲဆန္ဒရှင် အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ရန် လူမှုအဖွဲ့အစည်းများ၊ အနုပညာရှင်များ၊ မီဒီယာများနှင့် ပူးပေါင်း

**ရန်ကုန် ဒီဇင်ဘာ ၁၆**

၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးနိုင်ရေးအတွက် မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် အနုပညာရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ၏ပူးပေါင်းဆောင်ရွက်မှု လိုအပ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ပြောကြားသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် ရန်ကုန်မြို့ရှိ မီကာဆာဟိုတယ်၌ ယနေ့နံနက်ပိုင်းက လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စတုတ္ထအကြိမ် အလုပ်ရုံဆွေးနွေးပွဲကျင်းပစဉ် ပြောကြားခဲ့ပြီး မီကာဆာဟိုတယ်၌ပင် ရုပ်ရှင်၊ ဂီတ အနုပညာရှင်များနှင့် သီးသန့်တွေ့ဆုံ၍ ယင်းကဲ့သို့ ထပ်မံပြောကြားခဲ့ခြင်းဖြစ်သည်။

ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်မျှတသည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို လာမည့် အောက်တိုဘာ နောက်ဆုံးအပတ်သို့မဟုတ် နိုဝင်ဘာလဆန်းပိုင်းတွင် ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းသို့ ကျင်းပနိုင်ရန်အတွက် မဲစာရင်းပြုစုခြင်းနှင့် မဲဆန္ဒရှင်ပညာပေးခြင်းအပိုင်းများတွင် လူမှုအဖွဲ့အစည်းများအနေဖြင့် မည့်သည့်နေရာကဏ္ဍမှ မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်ကြမည်ကို ဝိုင်းဝန်းစဉ်းစားညှိနှိုင်းအဖြေရှာကြရန်အတွက် ယနေ့ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအလုပ်ရုံ ဆွေးနွေးပွဲ၌ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းဆိုင်ရာများ၊ ကျားမရေးရာနှင့် ပတ်သက်သော လုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲဆိုင်ရာ စောင့်ကြည့်အကဲခတ်သူများ လိုက်နာရမည့်ကျင့်ဝတ်၊ အသိအမှတ်ပြုလွှာ၊ လျှောက်ထားရမည့် လုပ်ငန်းစဉ်များအား အဖွဲ့လိုက် အုပ်စုများဖွဲ့ပြီး ဆွေးနွေးကြပြီး အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ သဘောထားနှင့် အကြံပြုချက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ စာဖြင့်ရေးသားတင်ပြရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရုပ်ရှင်၊ ဂီတ အနုပညာရှင်များနှင့် တွေ့ဆုံရာ၌ လွတ်လပ်မျှတသည့် ရွေးကောက်ပွဲကျင်းပပေးနိုင်ရန်အတွက် အနုပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုကိုလည်း ရယူလိုကြောင်း၊ ပြည်သူလူထုကို ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးရာတွင် အနုပညာရှင်များက ပူးပေါင်းဆောင်ရွက်ပါက ပြည်သူများ ပိုမိုသိရှိနားလည်နိုင်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲများတွင် လူထုအားအမှန်တကယ် ကိုယ်စားပြုသည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်နိုင်ရန် အနုပညာရှင်များ၏ ပူးပေါင်းပါဝင်မှုလိုအပ်ကြောင်း ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**



ရွေးကောက်ပွဲ ကော်မရှင်နှင့် ရုပ်ရှင်၊ ဂီတအနုပညာရှင်များ တွေ့ဆုံပွဲသို့တက်ရောက်ခဲ့သည့် ပြန်ကြားရေးဝန်ကြီးဦးရဲထွဋ်က "၂၀၁၅ မှာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ဆိုရင် အကောင်းဆုံး စောင့်ကြည့်တဲ့ နည်းစနစ်ကတော့ မဲဆန္ဒရှင်တစ်ဦးချင်း ကိုယ်တိုင်က မဲစာရင်းကောက်တာကစပြီး မဲပေးတဲ့နေ့အထိ မဲဆန္ဒရှင်တွေက မဲစာရင်းမှာ ပါမပါ ဘယ်လိုစစ်ရမလဲ။ မဲစာရင်းမှာ မပါရင် ဘယ်လိုပြောရမလဲ။ ကြိုတင်မဲဆိုတာ ဘယ်လိုပေးရလဲ၊ ဘယ်သူတွေက ပေးခွင့်ရှိလဲ၊ ကြိုတင်မဲပေးတာဟာ ဘယ်အချိန်ထိ တရားဝင်လဲ၊ ဒါမျိုးတွေအားလုံးကို သိဖို့ ပညာပေးဖို့တွေက အနုပညာရှင်တွေရဲ့ အကူအညီကိုတောင်းတာ၊ အနုပညာရှင်တွေက ဒီနေ့အစည်းအဝေးမှာကူညီဖို့ သဘောတူတယ်" ပြောကြားသည်။

ယင်းတွေ့ဆုံပွဲတွင် ရုပ်ရှင်၊ ဂီတနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များပါဝင်သည့် လုပ်ငန်းအဖွဲ့များကို လာမည့်ဇန်နဝါရီလအတွင်း ဖွဲ့စည်းသွားမည်ဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်မှ ပြည်သူသို့ အသိပေးချင်သည့် အချက်အလက်များကို သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များမှတစ်ဆင့် ရေဒီယိုဇာတ်လမ်း၊ ရုပ်သံဇာတ်လမ်း၊ ဆောင်ပုဒ်များ ပြုလုပ်ဖန်တီးသွားရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

**ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်**

# အသက်မွေးဝမ်းကျောင်း သင်တန်းများ လျှောက်ထားနိုင်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်း ရန်ကုန်မြို့မှ အသက် ၁၈ နှစ် မှ ၄၅ နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် သုံးလသင်တန်းများဖြစ်သော ကွန်ပျူတာသင်တန်း၊ စက်ချုပ်သင်တန်း၊ ဓာတ်ပုံသင်တန်း၊ ဆံသသင်တန်းနှင့် ပိုးဇာပုံနှိပ်သင်တန်းများကို ဇန်နဝါရီ ၅ ရက်တွင် သင်တန်းအပတ်စဉ် (၃/၂၀၁၅-၂၀၁၆) ကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းအား တက်ရောက်သင်ကြားလိုသူများသည် မသန်စွမ်း သက်ကြီးသင်တန်းကျောင်း အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၉၆၆၀၇၁၂၊ ၀၉-၄၂၀၁၂၄၈၄၀နှင့် ၀၉-၅၀၃၄၆၉၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် သင်တန်းတက်ရောက်ခွင့်ရသူများအား လစဉ် ထောက်ပံ့ကြေး၊ အဆောင်နေ၊ နေ့စားစရိတ်ငြိမ်းနှင့် နယ်မှလာရောက်သော သင်တန်းသားများအတွက် အိမ်ပြန်ခရီးစရိတ်တို့ကိုပါ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း



# ဆီးရီးယားစစ်အခြေစိုက်စခန်းနှစ်ခု သူပုန်များသိမ်းပိုက်

**အိုင်းဒလစ် ဒီဇင်ဘာ ၁၆**

ဆီးရီးယားနိုင်ငံရှိ အယ်လ်ခိုင်ဒါနှင့် ၎င်း၏ မဟာမိတ်သူပုန်အုပ်စုများက အိုင်းဒလစ်ပြည်နယ် မြောက်ပိုင်းအဓိက စစ်အခြေစိုက်စခန်းနှစ်ခုကို ထိန်းချုပ်လိုက်ပြီဖြစ်ကြောင်း တက်ကြွလှုပ်ရှားသူများက ပြောသည်။

အယ်လ်နူစရာတပ်ဦး အဖွဲ့ဝင်များသည် တနင်္ဂနွေနေ့နံနက်ပိုင်းက ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီးနောက် တနင်္လာနေ့၌အဆိုပါစစ်အခြေစိုက်စခန်းများကို ထိန်းချုပ်နိုင်ခဲ့သည် ဟုဆိုသည်။

ဝါဒီအယ်ဒီစစ်အခြေစိုက်စခန်းသည် အိုင်းဒလစ် ပြည်နယ်၏ အဓိကအခြေစိုက်စခန်းတစ်ခုဖြစ်သည်။ ယင်းအခြေစိုက်စခန်းသည် မန်ရပ်အယ်နုမန်းမြို့ပြင်၌ရှိရာ နိုင်ငံ၏တောင်မြောက်ကားလမ်းမကြီးအနီး၌ တည်ရှိသည်။

အဆိုပါတိုက်ပွဲတွင် အစိုးရတပ်ဖွဲ့ဝင် အနည်းဆုံး ၃၁ ဦးနှင့် အယ်လ်နူစရာအဖွဲ့ဝင် ၁၂ ဦးသေဆုံးခဲ့သည်။ ဝါဒီအယ်ဒီစစ်အခြေစိုက်စခန်းမှ တပ်ဖွဲ့ဝင်အများစုသည် တပ်ဆုတ်ကာ ဟာမီဒီယာအခြေစိုက်စခန်းသို့ ပြောင်းရွှေ့ခဲ့ရကြောင်း ဒေသခံတက်ကြွလှုပ်ရှားသူ အာဆက်ကန်ဂျိုက ပြောသည်။ နာရီပိုင်းအတွင်း အယ်လ်နူစရာ၊ ဂျန်းအယ်အာဆာနှင့် အာဟာအယ်လ်ဆလမ် အဖွဲ့များက ဟာမီဒီယာစစ်အခြေစိုက်စခန်းကို ထပ်မံသိမ်းပိုက်လိုက်သည်ဟု ဆိုသည်။ ယင်းတိုက်ခိုက်မှုအတွင်း အရာရှိတစ်ဦး အပါအဝင် တပ်ဖွဲ့ဝင် ၁၅ ဦး သေဆုံးခဲ့သည်။ **(ဘီဘီစီ)**

# ရှင်းကျန့်၌ ဓားကိုင်တိုက်ခိုက်မှုသုံးဦးဒဏ်ရာရ

**ရှင်းကျန့် ဒီဇင်ဘာ ၁၆**

ရှင်းကျန့်မြို့ ဘတ်စ်ကားဂိတ်တစ်ခု၌ ဓားကိုင်ရမ်းကားတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ ဘတ်စ်ကားစောင့်နေသူသုံးဦး ဒဏ်ရာရရှိသွားပြီး ဓားကိုင်အမျိုးသားတစ်ဦးအား ရဲအဖွဲ့က ဖမ်းဆီးလိုက်သည်။



အဆိုပါဖြစ်စဉ်သည် တနင်္လာနေ့ညပိုင်းက ပြည်နယ်မြို့တော် အူရွမ်ကျီ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တိုက်ခိုက်သူများ မည်သည့်အဖွဲ့မှ ဖြစ်သည်ကို ချက်ချင်းမသိရသေးဟု ဆိုသည်။ သို့ရာတွင် အာရှအလယ်ပိုင်း ရှင်းကျန့်ဒေသတွင် မကြာသေးမီလများက ဘာသာရေးပဋိပက္ခကြောင့် တင်းမာမှုများဖြစ်ပွားခဲ့သည်။ တရုတ်အာဏာပိုင်များအနေဖြင့် အဆိုပါဒေသ၌ လုံခြုံရေး တင်းကျပ်လျက်ရှိရာ အကြမ်းဖက်မှုများကို ဖြိုခွင်းခြင်း၊ ဖမ်းဆီးခြင်းနှင့် ကွပ်မျက်ခြင်းများ ပြုလုပ်လျက်ရှိသည်။

အူရွမ်ကျီတွင် ယခုနှစ်အတွင်း တိုက်ခိုက်မှုများ ဖြစ်ပွားလာခဲ့ရာ မေလအတွင်းက ယာဉ်နှစ်စီးဖြင့် တိုက်ခိုက်မှုအတွင်း အနည်းဆုံး ၃၁ ဦး သေဆုံးပြီး ၉၀ ဒဏ်ရာရရှိခဲ့သည်။

**(ဘီဘီစီ)**

# ပါကစ္စတန်စာသင်ကျောင်းတိုက်ခိုက်မှု ၁၂၆ ဦးထက်မနည်း သေဆုံး

**ပီရှာဝါ (ပါကစ္စတန်) ဒီဇင်ဘာ ၁၆**

တာလီဘန် သေနတ်သမားများက ပါကစ္စတန်နိုင်ငံ ပီရှာဝါမြို့ရှိ စစ်တပ်က ဖွင့်လှစ်ထားသော စာသင်ကျောင်းတစ်ခုကို ဒီဇင်ဘာ ၁၆ ရက်တွင် စီးနင်းတိုက်ခိုက်ခဲ့ရာ ကလေးသူငယ်များအပါအဝင် ၁၂၆ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၁၂၂ ဦးဒဏ်ရာရရှိကာ ကျန်ရာနှင့်ချီသော ကျောင်းသားများကို ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါအခင်းဖြစ်မှုနှင့်ပတ်သက်၍ စစ်တပ်သည် ယင်းစာသင်ကျောင်းဆောင်ကြီးကို ဝန်းရံထားပြီး အထဲ၌ပိတ်မိနေသေးသော ကလေးများအားကယ်တင်ရေးအတွက် စစ်ဆင်မှုတစ်ခုလုပ်ဆောင်လျက်ရှိကြောင်း ပါကစ္စတန်တပ်မတော်က ပြောကြားသည်။

စီးနင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် နာရီအတော်ကြာအထိတိုင်အောင် ယင်းကျောင်းဆောင်အတွင်းမှ ပစ်ခတ်သံများနှင့် ပေါက်ကွဲသံများကို ဆူညံစွာကြားနေရကြောင်း အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိနေသော ရိုက်တာသတင်းထောက်တစ်ဦးက ပြောကြားသည်။ အဆိုပါသေဆုံးသူ ၁၂၆ ဦးအနက်အများစုမှာ အသက် ၁၀ နှင့် ၂၀နှစ်အရွယ်ကလေးသူငယ်များဖြစ်ကြောင်း၊ သေနတ်သမားလေးဦးကိုလည်း အခင်းဖြစ်ရာနေရာတွင် အသတ်ခံခဲ့ရပြီးကျန်သေနတ်သမားများကိုယခုရှာဖွေလျက်ရှိကြောင်း ဒေသဆိုင်ရာဆေးရုံသတင်းရပ်ကွက်က ဖော်ပြသည်။

တိုက်ခိုက်မှုဖြစ်ပွားစဉ်တွင် ကျောင်းထဲ၌ကျောင်းသားနှင့် ဆရာ ဆရာမများ ၅၀၀ ခန့်ရှိမည်ဟု ယူဆရကြောင်း၊ သို့သော် ဓားစာခံအဖြစ် ထိန်းသိမ်းထားသော ကျောင်းသားအရေအတွက်ကိုမူ အသေးစိတ်မသိရသေးကြောင်း၊ ဒဏ်ရာရရှိသူများသည် ဒေသဆိုင်ရာဆေးရုံရှိအရေးပေါ် ခွဲစိတ်ဌာန၌ ဆေးဝါးကုသမှု ခံယူလျက်ရှိကြကြောင်း သတင်းတွင် ရေးသားဖော်ပြသည်။

**(ရိုက်တာ)**

## ပင်ဆဲလ်ဗေးနီးယား၌ သေနတ်ပစ်မှုများ ဖြစ်ပွား

**ပင်ဆဲလ်ဗေးနီးယား ဒီဇင်ဘာ ၁၆**

အမေရိကန်နိုင်ငံ ပင်ဆဲလ်ဗေးနီးယား၌ နေရာသုံးခုတွင် သေနတ်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ရာ ခြောက်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားကြောင်း ပြည်နယ်တာဝန်ရှိသူက ပြောသည်။

ရဲတပ်ဖွဲ့က အသက် ၃၅ နှစ်အရွယ် ဘရက်ဒလေဝီလုံစတုန်း အမည်ရှိ သံသယရှိသူအား လိုက်လံရှာဖွေလျက်ရှိသည်။ ၎င်းအမျိုးသားသည် သေနတ်ကိုင်ထားဖွယ်ရှိပြီး အန္တရာယ်ပြုနိုင်ကြောင်း၊ နေအိမ်များအတွင်း နေကြရန်လိုကြောင်း ရဲအဖွဲ့က ပြောသည်။

အဆိုပါ သံသယရှိသူသည် ၎င်း၏ဇနီးဟောင်း နစ်ကိုစတုန်း၊ မိခင်၊ အဘွား၊ ညီမ၊ ညီမ၏ ခင်ပွန်းနှင့် ၁၄ နှစ်အရွယ်သမီးတို့အား သတ်ဖြတ်ခဲ့သူဖြစ်သည်။

မစ္စတာစတုန်းသည် ဆံပင်အနီရောင်ရှိပြီး အကျီဝတ်ဆင်ထားသည်။ ပထမဆုံးတိုက်ခိုက်မှုသည် မစ္စတာစတုန်း၏ ခယ်မဟောင်းပတ်ထရီစီယာဖလစ်၏ နေအိမ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သူမသည် ခင်ပွန်းဖြစ်သူနှင့်အတူ အသတ်ခံလိုက်ရသည်။ သမီးနှစ်ဦးမှာလည်း ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။

**(ဘီဘီစီ)**

## ဝန်ကြီးဟောင်း၏ အကျင့်ပျက်ခြစားမှုတွင်ပါဝင်သည့် စီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးကို ထောင် နှစ် ၂၀ ချမှတ်

**ပေကျင်း ဒီဇင်ဘာ ၁၆**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဟောင်းဖြစ်သူ Liu Zhijun ၏ အကျင့်ပျက်ခြစားမှုတွင်ပါဝင်ခဲ့သူ တရုတ်စီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးတစ်ဦးကို ထောင်ဒဏ်နှစ် ၂၀ ချမှတ်ခဲ့ကြောင်း ပေကျင်းရှိ ဒေသတရားရုံးတစ်ရုံးက ပြောခဲ့သည်။

Ding Yuxi အမည်ရှိ အဆိုပါအမျိုးသမီးကို လာဘ်ပေးလာဘ်ယူမှုနှင့် တရားမဝင်စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှုတို့ကြောင့် ဂျူရီလူကြီးများက ယခုကဲ့သို့ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

Ding ကို ယွမ် ၂ ဒသမ ၅ ဘီလီယံ(အမေရိကန်ဒေါ်လာ ၄၀၄ သန်း) ဒဏ်ငွေပေးဆောင်စေခဲ့ပြီး ယွမ်သန်း ၂၀ တန်ဖိုးရှိ ပစ္စည်းများကို သိမ်းယူခဲ့သည်။ **(ဆင်ဟွာ)**

## ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှုကြောင့် ဂျပန်နိုင်ငံတွင် ကြက် ၄၀၀၀ ကို သုတ်သင်

**မီယာဇာကီ ဒီဇင်ဘာ ၁၆**

ဂျပန် ကြက်ငှက်တုပ်ကွေးရောဂါပိုးကူးစက်ခံရသော ကြက်သုံးကောင်ကို ဂျပန်နိုင်ငံ မီယာဇာကီရှိ မွေးမြူရေးခြံတွင် တွေ့ရှိခဲ့ရပြီးနောက် ယင်းမွေးမြူရေးခြံရှိ ကြက် ၄၀၀၀ ကို သုတ်သင် ရှင်းလင်းခဲ့သည်။

မီယာဇာကီ အုပ်ချုပ်ရေးအဖွဲ့က ပြောကြားရာတွင် လိုအပ်သော ကာကွယ်ရေးအစီအစဉ်များကို အင်္ဂါနေ့နှောင်းပိုင်းတွင် ပြုလုပ်မည်ဖြစ်ပြီး ယင်းအစီအစဉ်များတွင် ကြက်များကို မြေမြှုပ်ခြင်းနှင့် နိုဘီအိုက် မြို့တော်ရှိ မွေးမြူရေးခြံအား ရောဂါကင်းစင်စေရန် ပြုလုပ်ခြင်းတို့ပါဝင်သည်။

အဆိုပါရောဂါအတွက် ခွဲတ်ခွဲစမ်းသပ်မှု အတည်ပြုခြင်းများအား မကြာမီရက်များအတွင်း အတည်ပြုနိုင်မည်ဟု မျှော်လင့်ထားသည်။

ဒေသအုပ်ချုပ်ရေးအဖွဲ့အနေဖြင့် ရောဂါ ဖြစ်ပွားနေသော မွေးမြူရေးခြံနှင့် သုံးကီလိုမီတာပတ်လည်အကွာအဝေးတွင်ရှိသော မွေးမြူရေးခြံတွင် ကြက်များအား ရွှေ့ပြောင်းခြင်းကို ရပ်ဆိုင်းထားပြီး လိုအပ်သော စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ အဆိုပါနေရာနှင့် ၁၀ ကီလိုမီတာပတ်လည် ကွာဝေးသော မွေးမြူရေးခြံတွင်လည်း ကြက်များရွှေ့ပြောင်းခြင်းကို ရပ်ဆိုင်းထားပြီး လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်သည်။

တိုကျိုတွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများအား ရောဂါပိုးမွှားထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်ရန် ညွှန်ကြားခဲ့သည်။

**(ကျိုဒို)**

## တရုတ်နိုင်ငံအလယ်ပိုင်း မူးယစ်ဆေးဝါး စစ်ဆင်ရေး၌ ၂၂ ဦးဖမ်းဆီးရမိ

**ကျန်ကျို့ ဒီဇင်ဘာ ၁၆**

တရုတ်နိုင်ငံ ပြည်နယ်များစွာ၌ ရဲတပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါး စစ်ဆင်ရေးပြုလုပ်ခဲ့ကြောင်း တရုတ်နိုင်ငံ အလယ်ပိုင်း ဟေနန်ပြည်နယ် ရဲတပ်ဖွဲ့က အင်္ဂါနေ့က ပြောကြားသည်။

အဆိုပါ စစ်ဆင်ရေး၌ သံသယရှိသူ ၂၃ ဦးကို ယွမ် ၂ ဒသမ ၅ သန်း (အမေရိကန်ဒေါ်လာ ၄၀၃၆၄၉ ဒေါ်လာ) ကျော်နှင့် ယာဉ်လေးစီးနှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

Xiangcheng ခရိုင်၌ နေထိုင်သူ Zhang အမည်ရှိ ရွာသားသည် ၂၀၁၃ ခုနှစ်က ရုတ်တရက်ကြွယ်ဝချမ်းသာလာခဲ့ရာ ရဲတပ်ဖွဲ့ဝင်များက သင်္ကာမကင်းဖြစ်ခဲ့ပြီးနောက် စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ပြီး အဆိုပါစစ်ဆင်ရေးကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းစစ်ဆင်ရေးကို ဩဂုတ်လမှ စက်တင်ဘာလအတွင်း ပြုလုပ်ခဲ့ရာ သံသယရှိသူ ၂၂ ဦးကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

# နတ်တလင်းမြို့နယ် ရေမွေးကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

**နတ်တလင်း ဒီဇင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် အနောက်ဘက် တာပွန်နယ်မြေမီးသတ်စခန်းနှင့်ခုနစ်မိုင်ကျော်ကွာဝေးသော ရေမွေးကျေးရွာတောင်ပိုင်း၌ ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီခွဲက ဦးကိုစိုး (၅၈ နှစ်)နေအိမ်မီးဖိုမှ ထမင်းချက်ရာ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ အရန်မီးသတ်တပ်ဖွဲ့ဝင်များမှ အပေါ့စားမီးသတ်စက်သုံးလုံးဖြင့် ၎င်းပတ်ဝန်းကျင်ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ကြ၍ ၁၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားသည်။ မီးလောင်မှုကြောင့် လူနေအိမ်သုံးလုံး မီးလောင်ဆုံးရှုံးသွားပြီး တာပွန်နယ်မြေမီးသတ်စခန်းနှင့် ရဲစခန်းတို့မှ စခန်းမှူး ရဲအုပ်အောင်နိုင်ဝင်းနှင့်အဖွဲ့ မီးသတ်စခန်းခွဲတာဝန်ခံ ဝေယံထွဋ်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးသင့်ပြည်သူများ နေထိုင်ရေး၊ စားသောက်ရေးတို့အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးနန်းပု၊ ကျေးရွာအထောက်အကူပြု ကော်မတီများနှင့်အတူ လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ မီးလောင်မှုဖြစ်ပွားသည့် အိမ်ရှင်ဦးကိုစိုးအား မီးပေါ့ဆမှုဖြင့် အရေးယူထားကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**



# ကျောက်သယ်ကား တိမ်းမှောက် တစ်ဦးသေဆုံး

**မကွေး ဒီဇင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ပိတောက်ပင်ကျေးရွာ မူလတန်းကျောင်းအနီး ဒီဇင်ဘာ ၁၄ ရက် နံနက် ၃ နာရီ ၄၅ မိနစ်က ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားပြီး အမျိုးသားတစ်ဦးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ သရက်-မင်းတုန်းကားလမ်းအတိုင်း သရက်မြို့မှ ကျောက်ကြီးကျေးရွာဘက်သို့ယာဉ်မောင်း စောနောင် (၃၀ နှစ်) ကသစ်ကန်ကျေးရွာ အောင်လံမြို့နယ်နေသူသည် ၉၄/---- လိမ္မော်ရောင် FAW ခြောက်ဘီး ကျောက်သယ်ယာဉ်ကို တစ်ဦးတည်းမောင်းနှင်လာစဉ် မိုင်တိုင်အမှတ် (၈)အနီးအရောက်တွင် လမ်း၏ ဝဲဘက်သို့ အရှိန်မထိန်းနိုင်ဘဲ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် စောနောင်တွင်ဒဏ်ရာရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ သရက်မြို့မရဲစခန်းက ယာဉ်မောင်း စောနောင်ကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

## နိုင်ငံတကာသတင်းများ

# နှစ် ၅၀ အတွင်း တရုတ်ရေခဲပြင်ကြီးများ ၁၈ ရာခိုင်နှုန်းခန့်လျော့ကျကြောင်း သုတေသီများပြောကြား

**ပေကျင်း ဒီဇင်ဘာ ၁၆**

တရုတ်နိုင်ငံ၏ ရေခဲပြင်ကြီးများသည် လွန်ခဲ့သည့် ၁၉၅၀ ပြည့်လွန်နှစ်များကတည်းက အကျယ်အဝန်းအားဖြင့် ၇၆၀၀ စတုရန်းကီလိုမီတာခန့်လျော့ကျပြီး ၁၈ ရာခိုင်နှုန်းခန့် ကျလာသည်ကို လေ့လာတွေ့ရှိရကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

တရုတ်နိုင်ငံသည် နိုင်ငံ၏ အနောက်ဘက်ခြမ်း ဒေသတွင် စတုရန်းကီလိုမီတာ ၅၁၈၄၀ ခန့် ကျယ်ဝန်းသည့် ရေခဲပြင် ၄၈၅၇၁ခု ရှိကြောင်း ၂၀၀၆ နှင့် ၂၀၁၀ ခုနှစ်အကြားက အာကာသမှ လေ့လာခဲ့သည့် အချက်အလက်မှ ပြသထားကြောင်း တရုတ်အကယ်ဒမီသိပ္ပံ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

တရုတ်၏ ရေခဲပြင်များသည် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ကျော်ကတည်းက နှစ်စဉ်ပျမ်းမျှ ၂၄၃ ဒသမ ၇ စတုရန်း ကီလိုမီတာနှုန်းဖြင့် ပျောက်ကွယ်လျက်ရှိကြောင်း တရုတ်အကယ်ဒမီ သိပ္ပံကျောင်းမှ သုတေသနလေ့လာချက်အရ သိရသည်။

တရုတ်၏ရေခဲပြင်များ အဆိုးရွားဆုံးလျော့ကျမှုကို ရှင်ကျန်းအီဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိ အယ်လ်တိုင်း တောင်တန်းဒေသနှင့် တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိ ဂန်ဒိုက်စ် တောင်တန်းဒေသများပေါ်တွင် အဓိကတွေ့ရှိရပြီး လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ကတည်းက ၃၇ ဒသမ ၂ ရာခိုင်နှုန်းနှင့် ၃၂ ဒသမ ၂ ရာခိုင်နှုန်းစီဖြင့် အသီးသီးလျော့ကျခဲ့ကြောင်း လေ့လာချက်မှ ဖော်ပြသည်။

ကျင်ဟိုင်း-တိဘက် ကုန်းပြင်မြင့် အထူးသဖြင့် ဂန်ဒိုက်စ်တောင်တန်း၏ အရှေ့ဘက်ခြမ်းတွင် တွေ့ရှိသလို ဟိမဝန္တာတောင်တန်း တောင်ပိုင်းနှင့် အနောက်ပိုင်းဒေသတို့တွင် ရေခဲများစံချိန်တင် အရည်ပျော်လျက်ရှိကြောင်း၊ ယင်းဒေသများတွင် နှစ်စဉ် ၂ ဒသမ ၂ ရာခိုင်နှုန်းဖြင့် ရေခဲများ အရည်ပျော်လျက်ရှိရသည်ကို လေ့လာတွေ့ရှိခဲ့ကြောင်း တရုတ်အကယ်ဒမီသိပ္ပံကျောင်းမှ ပြောကြားသည်။

# ဗီယက်နမ်အလယ်ပိုင်း ဥမင်လိုဏ်ခေါင်းပြိုကျမှု ၁၁ ဦးထက်မနည်း ပိတ်မိ

**ဟန္နွိုင်း ဒီဇင်ဘာ ၁၆**

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း လန်ဒေါင်းပြည်နယ်တွင် ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက ဥမင်လိုဏ်ခေါင်းပြိုကျမှုဖြစ်ပွားခဲ့ရာ ၁၁ ဦးထက်မနည်းပိတ်မိခဲ့ကြောင်း ဒေသခံမီဒီယာများက သတင်းဖော်ပြသည်။

ယင်း မတော်တဆဖြစ်မှုသည် ရေအားလျှပ်စစ် ဆောက်လုပ်ရေးလုပ်ကွက်တစ်ခုတွင် ဖြစ်ပွားခဲ့သည်ဟု ဒေသဆိုင်ရာသတင်းစာ VNEXPRESS က ဖော်ပြသည်။

သတင်းဖော်ပြချက်အရ အရှည်မီတာ ၇၀၀ ဆောက်လုပ်ရန် ဒီဇိုင်းရေးဆွဲထားသော ဥမင်အတွင်း အလုပ်သမားများ အလုပ်လုပ်ကိုင်နေစဉ် ဥမင်ဝင်ပေါက်မှ မီတာ ၅၀၀ ခန့် ရှိနေရာတွင် ပြိုကျခဲ့ကြောင်း၊ ယင်းပြိုကျမှုဖြစ်ပွားချိန်၌ ဥမင်လိုဏ်ခေါင်းကို မီတာ ၆၀၀ အထိ ဆောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကယ်ဆယ်ရေးအဖွဲ့များသည် ဥမင်အတွင်း ပိတ်မိနေသည့်လူများကို အောက်ဆီဂျင်ဖြည့်သွင်းပေးရန် ကူညီရေးနည်းလမ်းများကို ရှာဖွေလျက်ရှိသည်ဟု သတင်းတွင် ဖော်ပြသည်။

အာဏာပိုင်များသည် ဥမင်အတွင်းရှိ ပိတ်မိနေသော လုပ်သားများကို အဆက်အသွယ်မလုပ်နိုင်သောကြောင့် ယင်းဥမင်ပြိုကျမှု၌ အသေအပျောက် အသေးစိတ်စာရင်းကို ယခုထိ မသိရှိနိုင်သေးကြောင်း သိရသည်။

**ဘာသာပြန်-ဂျေတီ**

## ပြည်တွင်းသတင်းနှင့် ဂေါ်ဂြာ

**✳ ကျောဖုံးမှ**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် MNL ချာရတီဖလားပြိုင်ပွဲကို ၂၀၁၂ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ယခင်ကတစ်ကျော့တည်းသာ ကျင်းပခဲ့သော်လည်း ယခုနှစ်တွင် ပုံစံပြောင်းကာ အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ယှဉ်ပြိုင်စေခြင်းဖြစ်သည်။ ၂၀၁၂ ပြိုင်ပွဲတွင် ဧရာဝတီအသင်း၊ ၂၀၁၃ ပြိုင်ပွဲတွင် ရန်ကုန်အသင်း၊ ၂၀၁၄ ပြိုင်ပွဲတွင် ကမ္ဘောဇအသင်းတို့က ဗိုလ်စွဲထားကြသည်။

ယခု ၂၀၁၅ ရာသီတွင် တွေ့ဆုံနေသည့် ရတနာပုံအသင်းနှင့် ဧရာဝတီအသင်းတို့မှာ ပြီးခဲ့သည့် ၂၀၁၄ ရာသီအမှတ်ပေးပြိုင်ပွဲတွင် တွေ့ဆုံစဉ်မှာ ရတနာပုံအသင်းက နှစ်ကျော့စလုံးအနိုင်ရခဲ့ပြီး ရှုံး၊ ထွက်ပြိုင်ပွဲတွင် ဧရာဝတီအသင်းက အနိုင်ရရှိထားသည်။ ယခုပြိုင်ပွဲမှ ရရှိထားသော ကွင်းဝင်ကြေးအားလုံးကို လှူဒါန်းသွားမည်ဖြစ်သည်။

# မြန်မာအမျိုးသားလေကြောင်း ပြည်တွင်းခရီးစဉ်လက်မှတ်များ ဝယ်ယူနိုင်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

မြန်မာအမျိုးသားလေကြောင်းမှ ပြည်တွင်းလေဆိပ် ၂၆ မြို့ ပျံသန်းနေသည့် ခရီးစဉ်များအား ပုံမှန်ခရီးစဉ် ရေးဆွဲပြီး ဒီဇင်ဘာ ၁၅ ရက်မှ စတင်ပျံသန်းလျက်ရှိကြောင်းနှင့် ခရီးစဉ်လေယာဉ်လက်မှတ်များကို www.flymna.com Website တွင် ဝင်ရောက်၍ Online တွင် မိမိသွားလိုသည့်ရက်များအတွက် ကြိုတင်လေယာဉ်လက်မှတ်ဝယ်ယူခြင်း၊ Credit Card များဖြင့် တိုက်ရိုက်ဝယ်ယူခြင်းများ၊ ရုံးချုပ်တွင် လာရောက်ဝယ်ယူခြင်းများ ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သံချေးတက်ဗုံးသီးဟောင်းတစ်လုံး ပေါက်ကွဲ

**မြိတ် ဒီဇင်ဘာ ၁၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ပပြင်ကျေးရွာ၏ အနောက်ဘက်တစ်မိုင်ခန့်အကွာ ဥယျာဉ်ခြံအတွင်း၌ ဒီဇင်ဘာ ၁၅ ရက် နံနက် ၇ နာရီက မြေပေါ်တစ်ဝက်ခန့် ပေါ်နေသည့် အရှည် ခြောက်လက်မ၊ အချင်း နှစ်လက်မခန့်ရှိသော သံချေးတက် ဗုံးသီးဟောင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပပြင်ကျေးရွာနေထိုင်သူ စောဂျူးထား (၃၈ နှစ်) ဥယျာဉ်ခြံလုပ်ကိုင်သူသည် ဇနီးဖြစ်သူ နော်ဖီးဟပ် (၃၃ နှစ်) ဥယျာဉ်ခြံလုပ်ကိုင်သူနှင့်အတူ ၎င်း၏ ကွမ်းသီးခြံအတွင်း ကွမ်းသီးခူးရန် ရောက်ရှိစဉ် မြေပေါ်တစ်ဝက်ခန့် ပေါ်နေသည့် အရှည်ခြောက်လက်မ၊ အချင်း နှစ်လက်မခန့်ရှိသော သံချေးတက်ဗုံးသီးဟောင်းတစ်လုံးကို တွေ့ရှိခဲ့သဖြင့် စောဂျူးထားက ဗုံးသီးအား ဖော်ယူကြည့်ရှုပြီး ၎င်း၏ သုံးပေခန့်အကွာ မြေပေါ်သို့ ပစ်ပေါက်လိုက်ရာ ပေါက်ကွဲမှုဖြစ်ပွားပြီး စောဂျူးထား၏ ဝဲ/ယာခြေဖမိုး နှင့် ဒူးခေါင်းနှစ်ဖက်တို့တွင် စုတ်ပြတ်(မစိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့သဖြင့် မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ တက်ရောက်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**မိုးဟိန်း(မြိတ်)**

# ယာဉ်အောက်အိပ်ပျော်နေသူ ကားကြိတ်သေဆုံး

**ကျောက်တန်း ဒီဇင်ဘာ ၁၆**

ကျောက်တန်းမြို့နယ်တွင် ဒီဇင်ဘာ ၁၅ ရက် နံနက် ၇ နာရီခွဲက သီလဝါလမ်းမကြီး၏ လမ်းဘေးတွင် ရပ်ထားသော 4B/------ Nissan ဆီဘောက်ဆာ ယာဉ်အား ယာဉ်မောင်းဖြစ်သူ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်နေသူ ကိုနန်းဦး (၃၃ နှစ်)က မောင်းနှင်ထွက်ခွာစဉ် ယာဉ်၏အောက်တွင် အိပ်ပျော်နေသော ယာဉ်နောက်လိုက်ဖြစ်သူ ကိုထွန်းနိုင် (၃၅ နှစ်)ကို ယာဉ်၏ ဝဲဘက်နောက်ဘီးဖြင့် ကြိတ်မိခဲ့ကြောင်း သိရသည်။ ထိုသို့ ကြိတ်မိခဲ့သဖြင့် ကိုထွန်းနိုင်တွင် ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားသဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ကိုနန်းဦးကို သီလဝါနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုးဝင်း (SP)**


နေပြည်တော် | ဖုန်း- 251277 251288

မင်္ဂလာ (၂) | ဓမ္မစေတီ(၂) မြေနီကုန်း | ဖုန်း - ၀၉၇၇၃၂၅၄၀၉၁ ၀၉၇၇၃၂၅၄၀၉၂

မင်္ဂလာဒိုင်းမွန်း | ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊ ၀၉၄၀၂၇၆၅၆၄၂

၁၉ . ၁၂ . ၂၀၁၄ ရက်မှစတင်၍ တစ်ပြိုင်တည်းပြသမည်

ပွဲချိန်သတိပြု ၁၀:၀၀နာရီ ၁၂:၃၀နာရီ ၃:၃၀နာရီ ၆:၃၀နာရီ ၉:၃၀ နာရီ




ရွှေဆောင်(၁) | ဖုန်း- 01370787 097301704

မင်္ဂလာ စံပြ | ဖုန်း - ၀၉၇၇၃၁၇၆၀၀၀ ၀၉၇၇၃၁၇၆၁၁၁ ၀၉၇၇၃၁၇၆၂၂၂

မင်္ဂလာဒိုင်းမွန်း | ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊ ၀၉၄၀၂၇၆၅၆၄၂

၁၉ . ၁၂ . ၂၀၁၄ ရက်မှစတင်၍ တစ်ပြိုင်တည်းပြသမည်

ပွဲချိန်သတိပြု ၁၀:၀၀နာရီ ၁၂:၃၀နာရီ ၃:၃၀နာရီ ၆:၃၀နာရီ ၉:၃၀ နာရီ



ဥပဒေရေးရာ

*ပြည်သူများအနေဖြင့် ဥပဒေရေးရာများကို ပိုမိုသိရှိနားလည်စေရန်အတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုစံနှုန်းနှင့်ကိုက်ညီသည့် ဥပဒေဆိုင်ရာ ဆောင်းပါးများကို အခါအားလျော်စွာ ဖော်ပြသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ဥပဒေရေးရာ စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# လွှတ်တော်နည်းဥပဒေများနှင့်အညီ တင်သွင်းဆွေးနွေးဆုံးဖြတ်သင့်သည့် အရေးတကြီးအဆိုများ

ဒေါက်တာ သီဟန်ဦး

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်များတွင်အရေးကြီးအဆိုများ တင်သွင်းနေသည်မှာ အကြိမ်မနည်းတော့။ အရေးကြီးအဆို တင်သွင်းဆုံးဖြတ်ပြီးတိုင်းလည်း ဘဝင်မကျသည့်အသံများကို ကြားနေရသည်မှာ အကြိမ်မနည်းတော့။ တိုင်းပြည်အတွက် အရေးကြီးသည့် ကိစ္စရပ်များကို အရေးတကြီးတင်သွင်းဆုံးဖြတ်တာ ဘယ်လိုအကြောင်းတွေကြောင့် ဘဝင်မကျဖြစ်နေရတာလဲဆိုတာ လေ့လာဆန်းစစ်ဖို့ကောင်းပါတယ်။ အဖြေကတော့ တစ်ခုတည်းသာရှိပါတယ်။ အဲဒါကတော့ အရေးကြီးအဆိုများ တင်သွင်းဆွေးနွေးဆုံးဖြတ်ရာမှာ လွှတ်တော်နည်းဥပဒေများအတိုင်း တိကျစွာ လိုက်နာခြင်းမရှိခဲ့သောကြောင့်သာ ဖြစ်ပါတယ်။ ဒီဆောင်းပါးမှာ အရေးကြီးအဆိုများရဲ့ အကြောင်းအရာနဲ့ အကောင်းအဆိုးကို လုံးဝဆွေးနွေးမှာမဟုတ်ပါဘူး။ ဒါမှသာ ဘက်လိုက်မှုကင်းကင်းနဲ့ လိုအပ်ချက်ကို ထောက်ပြနိုင်မှာဖြစ်ပါတယ်။

**လူသားပီသသော စိတ်၊ လူသားပီသသော အသိဉာဏ်ဖြင့် ရှုမြင်သုံးသပ်ခြင်း**

ရှုပ်ထွေးတဲ့ လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို မတင်ပြမီ အရေးကြီးအဆိုတင်သွင်းခဲ့တဲ့ ဖြစ်စဉ်တစ်ခုကို တင်ပြလိုပါတယ်။ စာဖတ်ပရိသတ်များ အနေနဲ့လည်း ဒီဖြစ်စဉ်ကို ဥပဒေရှုထောင့်ကနေ မကြည့်သေးဘဲ လူသားပီသတဲ့စိတ်၊ လူသားပီသတဲ့ အသိဉာဏ်နဲ့ ဝေဖန်သုံးသပ်ပေးစေလိုပါတယ်။ တရားမျှတတယ်၊ တရားမျှတမှု မရှိဘူးဆိုတာကို ဥပဒေကို နားလည်မှဆုံးဖြတ်နိုင်တာမဟုတ်ဘဲ လူတွေရဲ့ ပကတိခံစားတတ်တဲ့ အသိစိတ်နဲ့လည်း ဆုံးဖြတ်နိုင်တာကို လက်တွေ့ပြသချင်လို့ ဖြစ်ပါတယ်။

**၂၀၁၂ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့ ပြည်သူ့လွှတ်တော်မေးခွန်းများ မေးမြန်းခြင်းအစီအစဉ်အပြီးမှာ လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၃ အရ အရေးကြီးအဆို တင်သွင်းဖို့ဖိတ်ခေါ်ခဲ့ပါတယ်။ ဒေါ်နန်းဝါနုတင်သွင်းတဲ့ အဆိုကတော့ 'မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ ပိတ်ဆို့မှုများနှင့်ပတ်သက်၍ လူတစ်ဦးတစ်ယောက်မှုဖြစ်စေ၊ အသင်းအဖွဲ့တစ်ခုမှုဖြစ်စေ လျှော့ချပေးရန်' ဖြစ်ပါတယ်။ အဲဒီနောက်မှာ မြိတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေးမြင့်နဲ့ ရသေ့တောင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေတို့က ထောက်ခံဆွေးနွေးကြပါတယ်။ သူတို့နှစ်ယောက် ထောက်ခံဆွေးနွေးတာက လက်တန်းထပြောတာမျိုးမဟုတ်ဘဲ အသင့်ပါလာတဲ့ စာရွက်ကို ဖတ်ပြီး ထောက်ခံဆွေးနွေးကြတာဖြစ်ပါတယ်။ အဲဒီနောက်မှာ NLD ပါတီက လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးဖြစ်တဲ့ ဦးနိုင်ငံလင်းနဲ့ ဦးစိန်ဝင်းတို့ကလည်း ဝင်ရောက်ဆွေးနွေးကြပါတယ်။ သူတို့ကတော့ ဒီအစီအစဉ်ကို အခုမှ သိလို့ လက်တန်းထပြီး ဆွေးနွေးကြတာဖြစ်ပါတယ်။ သူတို့နှစ်ယောက်ကတော့ ဒီအဆိုကို သဘောမတူချင်ပါဘူး။ အဲဒီနောက်မှာ မဲခွဲပါတယ်။ မဲခွဲတော့ အဆိုကို အတည်ပြုလိုက်ပါတယ်။**

အဲဒီည သတင်းထောက်တွေက မေးမြန်းတော့ NLD ကပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးမင်းသိန်းက 'ကျွန်တော်တို့ လွှတ်တော်ထဲ ဝင်ရောက်လာတာဟာ နိုင်ငံရေးထောင့်ပိတ်လုပ်ဖို့မဟုတ်ပါဘူး၊ ကစားပွဲတစ်ခုကို ကစားဖို့လာတာမဟုတ်ပါဘူး၊ ဒီအဆိုက လွှတ်တော်ကိုယ်စားလှယ်တွေကို ဘာအကြောင်းမှ မကြားထားဘူး၊ အဲဒီတော့ ဝင်ရောက်ဆွေးနွေးဖို့ခက်နေတယ်လို့ ဖြေပါတယ်။' ဒေါ်အောင်ဆန်းစုကြည်ကလည်း ယင်းအဆိုသည် ကြိုတင်သိရှိထားမှုမရှိခြင်းကြောင့် နောက်ပိုင်းတွင် ပြောစရာဖြစ်လာမည်လို့ပြောကြားကြောင်း ဦးဖြိုးမင်းသိန်းက ပြောပါတယ်။ ဒီအရေးကြီးအဆိုနဲ့ ပတ်သက်ပြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ဖတ်ထားဖူးခြင်း မရှိသေးတဲ့ ကျွန်တော့်မိတ်ဆွေအများစုရဲ့ မှတ်ချက်ကတော့ 'အရေးကြီးအဆို ဆိုပြီး သိထားတဲ့လူတွေက ကြိုတင်ပြင်ဆင်လာရင် သိမထားတဲ့သူတွေအတွက် နစ်နာတယ်၊ ကန့်ကွက်ချင်ရင်တောင် အချက်အလက်ရှာရခက်မယ်'၊ 'ပါတီရဲ့ သဘောက ဘယ်လိုရှိမယ်ဆိုတာမသိဘဲ ဝင်ဆွေးနွေးမယ်ဆိုရင် အဆင်မပြေနိုင်ဘူး'၊ 'အခုအဆိုသွင်း၊အခုဆုံးဖြတ်ချက်ချတယ်ဆိုတော့ စဉ်းစားဆုံးဖြတ်ရခက်မယ်' စသည်တို့ပဲ ဖြစ်ပါတယ်။

NLD က ကိုယ်စားလှယ်တွေ ပြောတာနဲ့ သဘောတရားချင်း အတူတူပဲဖြစ်ပါတယ်။ စာဖတ်ပရိသတ်လည်း ဒီလိုပဲ ခံစားမိမှာပါ။ ဒါဆို ဒီလိုအရေးကြီးအဆိုတင်သွင်းတာဟာ တရားမျှတမှုမရှိသလို ဖြစ်နေမှာပါ။ အဲဒီနောက်ပိုင်းမှာ ပြည်သူ့လွှတ်တော်နဲ့ ပြည်ထောင်စုလွှတ်တော်မှာ အရေးကြီးအဆို အကြိမ်ကြိမ် တင်သွင်းပါတယ်။ တင်သွင်းတိုင်းလည်း ဒီနည်းစနစ်အတိုင်း ကျင့်သုံးပါတယ်။ တကယ်ရော လွှတ်တော်ဆိုင်ရာ နည်းဥပဒေက ဒီလိုအဆိုတင်၊ ဒီလိုဆွေးနွေးဆုံးဖြတ်ဖို့ ခွင့်ပြုထားပါသလားဆိုတာ လေ့လာသင့်ပါတယ်။ လက်ရှိကျင့်သုံးနေတဲ့ လွှတ်တော်ဆိုင်ရာ နည်းဥပဒေများဟာ ဗြိတိသျှပါလီမန်က နည်းဥပဒေများနဲ့ တော်တော်များများမှာ ဆင်တူတဲ့အတွက် ဒီလိုဖြစ်စရာတော့ မရှိပါဘူး။

**အရေးကြီး အဆိုတင်သွင်းဆွေးနွေး ဆုံးဖြတ်ပုံ အဆင့်ဆင့်**

**အရေးကြီးအဆိုကို ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တွေမှာ တင်မယ်ဆိုရင် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၁၃၃ ကို ရည်ညွှန်းပြီး ကိုးကားပါတယ်။ ပြည်ထောင်စုလွှတ်တော်မှာတင်မယ်ဆိုရင်တော့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၆၆ အတိုင်းတင်ရပါမယ်။ ပုဒ်မ ၁၃၃ နဲ့ ပုဒ်မ ၆၆ တို့မှာ ရေးသားထားတဲ့ စကားလုံးတွေက အားလုံးအတူတူပဲ ဖြစ်ပါတယ်။ ထူးခြားတာက ဒီပုဒ်မတွေမှာ အရေးကြီး အဆိုဆိုတဲ့ စကားလုံး တစ်လုံးမှမပါဘဲ အရေးတကြီးအဆိုဆိုတဲ့ စကားလုံးကိုတော့ သုံးစွဲထားပါတယ်။**

ပုဒ်မ ၁၃၃ နဲ့ ပုဒ်မ ၆၆ မှာ ခေါင်းစဉ် တပ်ထားတာကတော့ 'အရေးကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ဆွေးနွေးခြင်း' ဖြစ်ပါတယ်။ အကြောင်းအရာက နှစ်ခုဖြစ်ပါတယ်။ တစ်ခုက အဆိုတင်သွင်းခြင်းဖြစ်ပြီး တစ်ခုက ဆွေးနွေးခြင်းဖြစ်ပါတယ်။

သဘောကတော့ အဆိုတင်သွင်းတာက ဆွေးနွေးရန် အဆိုတင်သွင်းခြင်းပဲ ဖြစ်ပါတယ်။ အဆိုတင်သွင်းခွင့်ကို လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုလွှတ်တော်နာယကက ခွင့်ပေးနိုင်ပေမယ့် ဆွေးနွေးခွင့်ကိုတော့ လွှတ်တော်က ဆုံးဖြတ်တာဖြစ်ပါတယ်။ ဒါက ဘယ်အဆိုမဆိုမှာ ဒီအတိုင်းပဲ ဖြစ်ပါတယ်။

ပုဒ်မ ၁၃၃ နဲ့ပုဒ်မ ၆၆မှာ (က)(ခ) (ဂ) ဆိုပြီး အပိုင်း ၃ ပိုင်းပါပါတယ်။ (က)ကတော့ 'ဥက္ကဋ္ဌ(နာယက)သည် အောက်ပါ စည်းကမ်းချက်များနှင့်ညီညွတ်လျှင် ယင်းနေ့အတွက် လွှတ်တော်အစည်းအဝေးအစီအစဉ်နှင့် လုပ်ငန်းကို ရပ်ဆိုင်းစေ၍ အများပြည်သူနှင့်သက်ဆိုင်သော လောလောဆယ်အရေးတကြီးကိစ္စတစ်ရပ်ကိုဆွေးနွေးရန် အဆိုတင်သွင်းခွင့်ပြုနိုင်သည်' ပဲ ဖြစ်ပါတယ်။ အဲဒီအောက်မှာ စည်းကမ်းချက်တွေရေးထားပါတယ်။ သဘောကတော့ စည်းကမ်းနဲ့ညီရင် အဲဒီအဆိုကိုလွှတ်တော်ကိုတင်ဖို့ ဥက္ကဋ္ဌ (နာယက) ကခွင့်ပြုနိုင်တယ်ဆိုတာပါပဲ။ ဒီအထိကတော့ ဘာမှ မမှားသေးပါဘူး။ ပုဒ်မ ၆၆(ခ)၊ ၁၃၃ (ခ)ကို ဆက်ဖတ်ကြည့်ပါ။ 'ဥက္ကဋ္ဌ (နာယက)သည် ယင်းအဆိုနှင့်စပ်လျဉ်း၍ နည်းဥပဒေ ခွဲ(က) ပါစည်းကမ်းချက်များနှင့် ညီညွတ်သည်ဟု ယူဆလျှင် (၁) မေးခွန်းများ မေးမြန်းဖြေကြားပြီးသည့်နောက်တွင်ဖြစ်စေ ထိုနေ့အတွက် အစီအစဉ်တွင် ဖော်ပြထားသောကိစ္စရပ်များ မစတင်မီဖြစ်စေ၊ ယင်းအဆိုကို လွှတ်တော်သို့ဖတ်ပြရမည်' သဘောကတော့ မေးခွန်းမေးပြီးတဲ့အချိန်ဒါမှမဟုတ် ဘာအစီအစဉ်မှ မစသေးခင်အဆိုကို ဥက္ကဋ္ဌ (နာယက) က ဖတ်ပြရမယ်လို့ဆိုလိုတာဖြစ်ပါတယ်။ ဒီအထိလည်း မှန်နေပါသေးတယ်။ ပြဿနာက ပုဒ်မ ၁၃၃၊ ပုဒ်မ ၆၆ ရဲ့နည်းဥပဒေခွဲ (ခ)(၂) မှာစပါတယ်။ (ခ) (၂)ကတော့ 'ထိုနေ့အတွက် သတ်မှတ်ထားသောအစည်းအဝေးအစီအစဉ်ကို ညနေ ၃ နာရီခွဲအချိန်တွင် ရပ်ဆိုင်း၍ အရေးတကြီးအဆိုကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ သုံးပုံတစ်ပုံထက်မနည်းက ထောက်ခံလျှင် လွှတ်တော်က သဘောတူသည်ဟု ယူဆရမည်။ ထို့နောက် အစည်းအဝေး၏ မူလအစီအစဉ်ကို ထိုနေ့အတွင်း အချိန်သတ်မှတ်၍ ရွှေ့ဆိုင်းနိုင်သည် သို့မဟုတ် သီးခြားသတ်မှတ်သောရက်တစ်ရက်သို့ရွှေ့ဆိုင်းနိုင်သည်။ ယင်းသို့ သတ်မှတ်ရွှေ့ဆိုင်းလိုက်သည့် နေ့ရက်နှင့် အချိန်တွင် ယင်းအဆိုကို ဆွေးနွေးစေရမည်'ပဲဖြစ်ပါတယ်။

**ရေးထားတာက ရှင်းပါတယ်။ သဘောပေါက်အောင် ထပ်ရှင်းရမယ်ဆိုရင် အရေးကြီးအဆိုကို လွှတ်တော်ဥက္ကဋ္ဌ(နာယက) က ဖတ်ပြပြီးတာနဲ့ချက်ချင်း မဆွေးနွေးကြပါဘူး။ အစည်းအဝေးရဲ့မူလ အစီအစဉ်တွေကို ညနေ ၃ နာရီခွဲအထိ ဆက်လုပ်ပါတယ်။ ၃ နာရီခွဲမှာ မူလအစည်းအဝေးကို ရပ်လိုက်ရပါတယ်။ (ပုံမှန်ဆိုရင် ညနေ ၄ နာရီမှာအစည်းအဝေး ပြီးပါတယ်) ပြီးတော့ အရေးကြီးအဆိုကိုလွှတ်တော်မှာဆွေးနွေးခွင့်ပြုမလား၊ မပြုဘူးလားဆိုတာကို ဆန္ဒမဲရယူရပါမယ်။ လွှတ်တော်ကိုယ်စားလှယ် သုံးပုံတစ်ပုံက ဆွေးနွေးခွင့်ပြုတယ်ဆိုရင် ဒီအဆိုကို ဆွေးနွေးလို့ရပါပြီ။ ဒီနေ့မှာပဲ ဆွေးနွေးမလား၊ နောက်တစ်ရက်ရက်မှ ဆွေးနွေးမလားဆိုတာကို လွှတ်တော်က ဆုံးဖြတ်ရပါမယ်။ ဒီလိုသာလုပ်မယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်တွေဟာ အရေးကြီးအဆိုပါအကြောင်းအရာကို ချက်ချင်းဆွေးနွေးစရာမလိုဘဲ အချိန်ရသွားမှာဖြစ်လို့ တရားမျှတမှုရှိပါတယ်။ နံနက် ၁၀ နာရီမှာသိတဲ့ကိစ္စကို ညနေ ၃ နာရီခွဲနောက်ပိုင်းမှာ ဒါမှမဟုတ် နောက်နေ့မှ ဆွေးနွေးရတာဟာ ကိုယ်စားလှယ်တွေအတွက် အပန်းမကြီးပါဘူး။ ပါတီနဲ့လည်း တိုင်ပင်လို့ရမယ်။ အချက်အလက်လည်း ရှာလို့ရမယ်။ လွှတ်တော်ကိုယ်စားလှယ်အချင်းချင်းလည်း တိုင်ပင်လို့ရပါမယ်။**

အခုတော့ ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် သုံးပုံတစ်ပုံရဲ့ ဆန္ဒကို ရယူခြင်းမရှိဘဲ ချက်ချင်းဆွေးနွေးခိုင်းနေလို့သာ မကျေနပ်သံတွေ ပေါ်ထွက်နေခြင်းဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်မှာဆိုရင် လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၃၃(ခ)(၂)အတိုင်း တိကျစွာ လိုက်နာသင့်ပြီး ပြည်ထောင်စုလွှတ်တော်မှာဆိုရင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ ၆၆ (ခ)(၂)အတိုင်း တိကျစွာ လိုက်နာသင့်ပါတယ်။ ပုဒ်မ ၁၃၃ (ဂ)နဲ့ ပုဒ်မ ၆၆ (ဂ)ကတော့ လွှတ်တော်ကိုယ်စားလှယ်တွေ ဆွေးနွေးရင် ဥက္ကဋ္ဌခွင့်ပြုချက်မရဘဲ ၁၅ မိနစ်ထက် ပိုမဆွေးနွေးဖို့ ဖြစ်ပါတယ်။ပုံမှန်ဆိုရင် မိနစ် ၂၀ ခွင့်ပြုထားတာဖြစ်ပါတယ်။ အရေးကြီးအဆိုမှာတော့ ၁၅ မိနစ်ပဲရပါတယ်။ အဆိုကိုဆွေးနွေးပြီးလို့ ဆုံးဖြတ်ရင် ခါတိုင်းအဆိုတွေလိုပဲ မျှားရာမဲနဲ့ ဆုံးဖြတ်ပါတယ်။ ဒါဆိုရင်တော့ လွှတ်တော်နည်းဥပဒေများအတိုင်းသာ အတိအကျ လိုက်နာမယ်ဆိုရင် တရားမျှတမှုရှိမယ်၊ လွှတ်တော်ကိုယ်စားလှယ်တွေအတွက် အဆင်ပြေမယ်ဆိုတာ ထင်ရှားပါတယ်။ လွှတ်တော်နည်းဥပဒေအတိုင်းလည်း တိကျစွာလိုက်နာသင့်ပါတယ်။ ကျွန်တော်လွှတ်တော်မှာ ရှိစဉ်အခါကတည်းက ဒီမှားယွင်းမှုနည်းဥပဒေနဲ့ မညီမှုကို ထောက်ပြဖူးပါတယ်။ ဒီတစ်ခုတည်းတင်မဟုတ်ပါဘူး။ အခြားသော အကြောင်းအရာပေါင်းများစွာလည်း ရှိပါသေးတယ်။

အဲဒီလို ထောက်ပြတိုင်း ပြန်ပြောခံရတာက 'ဒါက လွှတ်တော်ဥက္ကဋ္ဌရဲ့ လုပ်ပိုင်ခွင့်ပဲ၊ သူအဆင်ပြေသလို လုပ်လို့ရတယ်' ဆိုတာမျိုးပဲ ဖြစ်ပါတယ်။ တကယ်တော့ မရပါဘူး။ ၁၃၃ (ခ)(၂)က အပျော်သဘော နည်းဥပဒေထဲမှာ ထည့်ထားတာမဟုတ်ပါဘူး။ တိကျစွာလိုက်နာဖို့ထည့်ထားတာပါ။ ဒါမှလည်း တရားမျှတမှုရှိမှာဖြစ်ပါတယ်။ နည်းဥပဒေ ပြဋ္ဌာန်းထားတာရှိရင် နည်းဥပဒေအတိုင်း လိုက်နာရပါတယ်။ လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇(ဃ)မှာ လွှတ်တော်လုပ်ငန်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ ဤနည်းဥပဒေများနှင့် ကိုက်ညီမှုရှိစေရန် ကြပ်မတ်ခြင်းဆိုပြီး ရေးသားထားပါတယ်။ သဘောက နည်းဥပဒေရှိရင် နည်းဥပဒေအတိုင်း လုပ်ဖို့ပါ။ နည်းဥပဒေမရှိဘူးဆိုရင်လည်း လုပ်ချင်တာလုပ်လို့မရပါဘူး။ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ရယူဆောင်ရွက်ရမယ်လို့ လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇(ဖ)မှာ ဖော်ပြထားပါတယ်။

**ကျွန်တော်ဟာ တစ်စုံတစ်ဦး၊ အဖွဲ့အစည်းတစ်ခုကို နစ်နာလိုစိတ်နဲ့ ဒီဆောင်းပါးကို ရေးတာမဟုတ်ပါဘူး။ ကျွန်တော်ဟာ လွှတ်တော်ရဲ့ အရေးပါတဲ့ အခန်းကဏ္ဍကို အလွန်ယုံကြည်ပါတယ်။ လွှတ်တော်ကောင်းရင် တိုင်းပြည်ကောင်းမယ်ဆိုတာကိုလည်း ယုံကြည်သူဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကို စံပြဖြစ်စေချင်ပါတယ်။ တရားမျှတမှုအားလုံးအတွက် စံပြဖြစ်စေလိုပါတယ်။ တရားဥပဒေစိုးမိုးရေးအတွက် စံပြဖြစ်စေလိုပါတယ်။ တကယ်တော့ တရားဥပဒေစိုးမိုးရေးဆိုတာ စကားလုံးအရသာ ခက်ခဲတာပါ။ လက်တွေ့မှာတော့ရေးထားတဲ့၊ ပြဋ္ဌာန်းထားတဲ့ဥပဒေအတိုင်း လိုက်နာခြင်းပါပဲ။ လွှတ်တော်အတွင်း မေးခွန်းများ မေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းတင်သွင်းဆွေးနွေးခြင်း၊ မဲခွဲဆုံးဖြတ်ခြင်း စတဲ့ကိစ္စတွေမှာလည်း ဆွေးနွေးထောက်ပြစရာများလည်း ရှိနေသေးတဲ့အတွက် အခါအခွင့်သင့်ပါက ဆွေးနွေးတင်ပြလိုပါတယ်။**

*(၂၅-၁၁-၂၀၁၄ ရက်နေ့ထုတ် ပြည်သူ့အရေးဂျာနယ်တွင် ဖော်ပြထားသည့် ဆောင်းပါးကို ဂျာနယ်နှင့်စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ဖော်ပြခြင်းဖြစ်ပါသည်။)*

**နည်းဥပဒေ ပြဋ္ဌာန်းထားတာရှိရင် နည်းဥပဒေအတိုင်း လိုက်နာရပါတယ်။ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇(ဃ)မှာ လွှတ်တော်လုပ်ငန်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ ဤနည်းဥပဒေများနှင့် ကိုက်ညီမှုရှိစေရန် ကြပ်မတ်ခြင်း ဆိုပြီးရေးသားထားပါတယ်။ သဘောက နည်းဥပဒေရှိရင် နည်းဥပဒေအတိုင်းလုပ်ဖို့ပါ။**

ပြည်တွင်းသတင်း

# မြန်မာ-ဩစတြေးလျ တပ်မတော်နှစ်ရပ်အကြား စစ်ရေးနှင့်မပတ်သက်သောကဏ္ဍများ ပူးပေါင်းဆောင်ရွက်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ် ၆၀ ကျော်ကြာ ကောင်းမွန်သောဆက်ဆံရေးတည်ဆောက်ထားနိုင်၍ နိုင်ငံနှစ်နိုင်ငံအကြား၊ တပ်မတော်နှစ်ရပ်အကြား အနာဂတ်တွင် နယ်ပယ်စုံမှ ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံ၏နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တွင် ထောက်ခံကူညီခဲ့မှုများ၊ တိုင်းပြည်ဖွံ့ဖြိုးရေးအခြေခံလုပ်ငန်းများတွင် ကူညီပေးခဲ့မှုများနှင့်ပတ်သက်၍ ကျေးဇူးတင်ရှိကြောင်း၊ အာရှဒေသနိုင်ငံများဖြစ်၍ နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးကောင်းမွန်ခြင်းဖြင့် ဒေသ၏လုံခြုံရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ တပ်မတော်နှစ်ရပ်အကြားတွင် စစ်ရေးနှင့်မပတ်သက်သောကဏ္ဍများတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီး H.E.Ms. Bronte Nadine Moules အား လက်ခံတွေ့ဆုံရာတွင် ပြောကြားသည်။ **(ယာပုံ)**



အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီး H.E.Ms. Bronte Nadine Moules နှင့် စစ်သံမှူး Captain Jonathan Burs Dudley တို့ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် တပ်မတော်နှစ်ရပ်အကြား လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ငြိမ်းချမ်းရေးထိန်းသိမ်းမှုသင်တန်း လေ့ကျင့်သင်ကြားနိုင်ရေးကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုဆိုင်ရာများကို အပြန်အလှန်ဆွေးနွေးကြသည်။

မြန်မာနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့သည် ၁၉၅၃ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ပြီး ၁၉၅၄ ခုနှစ် ဇွန်လတွင် ဩစတြေးလျနိုင်ငံ၏ ပထမဆုံးသံအမတ်ကြီးကို ခန့်အပ်ခဲ့၍ အပြန်အလှန်အားဖြင့် ၁၉၅၅ ခုနှစ် မေလတွင် ကင်ဘာရာမြို့၌ မြန်မာသံရုံး စတင်ဖွင့်လှစ်ကာ ပထမဆုံး မြန်မာနိုင်ငံသံအမတ်ကြီးကို ခန့်အပ်ခဲ့ကြောင်း သိရှိရသည်။

**(မြဝတီ)**



# အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီညှိနှိုင်းအစည်းအဝေး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် United Nations The Country Task Force on Monitoring and Reporting UN CTFMR တို့သည် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီ၏ လုပ်ငန်းစီမံချက် Plan of Action ကို ၂၀၁၂ ခုနှစ် ဇွန်လ ၂၇ ရက်တွင် နေပြည်တော်ရှိ သင်္ဂဟ ဟိုတယ်၌ လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါလုပ်ငန်းစီမံချက်ပါ ပူးတွဲစစ်ဆေးမှု လုပ်ငန်းအစီအစဉ်၊ နှစ်လည်သုံးသပ်မှုတို့နှင့် ပတ်သက်၍ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပခဲ့ပြီး အစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်နှင့် အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ယင်းအစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးဝေလွင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး တက်ရောက်လာကြသူ ကော်မတီဝင်များက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ် တားဆီးထိန်းသိမ်းရေး ကော်မတီကို ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်(၁၁)ဦးဖြင့် ဖွဲ့စည်းထားရာမှ ယခုအခါ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၁၄) ဖြင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ဒုတိယဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဒုတိယဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့အား အဖွဲ့ဝင်များအဖြစ် ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းခဲ့ရာ ယခုအခါတွင် အဖွဲ့ဝင် ၁၃ ဦးဖြင့် ဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တမူးခရိုင်ဖွံ့ဖြိုးတိုးတက်ရေး မြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေး

**တမူး ဒီဇင်ဘာ ၁၆**

နယ်စပ်ဒေသ တစ်ခုဖြစ်သော တမူးခရိုင် တမူးမြို့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းများစွာရှိသော မြို့နယ်တစ်ခုဖြစ်သည်။ သို့ဖြစ်၍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ဆက်လက်ပြီး စီမံခန့်ခွဲလုပ်ဆောင်သွားနိုင်ရေးအတွက် တမူးခရိုင်အတွင်းရှိ မြို့နယ်အသီးသီးမှ ကော်မတီများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဒုတိယ ဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဦးခင်မောင်စိုးနှင့် ဦးခင်ရီတို့က တမူးမြို့နယ် မြို့နယ်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် အစီအမံများနှင့်ပတ်သက်၍ ရှေးဦးစွာ ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးခင်မောင်စိုးနှင့် ဦးခင်ရီတို့က ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေး အလားအလာကောင်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက တမူးခရိုင်အတွင်း မြို့နယ်အသီးသီးမှ မြို့မိမြို့ဖများ၏ တင်ပြချက်များနှင့်ပတ်သက်၍ ပြန်လည်ညှိနှိုင်းဆွေးနွေးခြင်း၊ လက်ရှိပြုပြင်ပြောင်းလဲနေမှု လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ယင်းတွေ့ဆုံဆွေးနွေးပွဲကို ညနေ ၄ နာရီတွင် ရုပ်သိမ်းခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များသည် တမူးမြို့နယ် ဖွံ့ဖြိုးတိုးတက်မှုနှင့် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ နယ်စပ်စခန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားပညာရေးဥပဒေဆိုင်ရာကဏ္ဍအလိုက် ဥပဒေကြမ်းများဆွေးနွေးခြင်းနှင့် အမျိုးသားပညာရေးစီမံကိန်းများရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

အမျိုးသားပညာရေး ဥပဒေဆိုင်ရာ ကဏ္ဍအလိုက် ဥပဒေကြမ်းများ ရှင်းလင်းဆွေးနွေးခြင်းနှင့် အမျိုးသားပညာရေးစီမံကိန်းများရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ စိန်ရတုခန်းမ၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ ပညာရေးဝန်ကြီးဌာနနှင့် လုပ်ငန်းဆက်စပ်လျက်ရှိသော ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံရှိ တက္ကသိုလ် (၁၆၉)ခုမှ ပါမောက္ခချုပ်များနှင့် တက္ကသိုလ်ကိုယ်စားလှယ်များ၊ အငြိမ်းစားပညာရှင်များ၊ ပြင်ပပညာရှင်များ၊ CESR မှ တာဝန်ရှိသူများနှင့် ပညာရပ်ဆိုင်ရာ နယ်ပယ်အသီးသီးမှ ပညာရှင်များ စုစုပေါင်း ၃၉၀ ကျော်တို့ တက်ရောက်ဆွေးနွေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲတွင် ပညာရေးကဏ္ဍအလိုက် ဥပဒေများ၊ နည်းဥပဒေများ၊ အရည်အသွေးအာမခံမှုနှင့် အဆင့်အတန်းအသိအမှတ်ပြုမှုဆိုင်ရာ ကိစ္စရပ်များ၊ တက္ကသိုလ်အလိုက် ရေးဆွဲကျင့်သုံးမည့် တက္ကသိုလ်ပဋိညာဉ်တွင် ပါဝင်သင့်သောအချက်များ၊ တက္ကသိုလ်အလိုက် ဖွဲ့စည်းမည့် ကျောင်းသားအဖွဲ့အစည်းများ၊ ဆရာအဖွဲ့အစည်းများကို ဒီမိုကရေစီနည်းလမ်းနှင့်အညီ ရွေးချယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပညာရေးစီမံကိန်းဆိုင်ရာ ကိစ္စရပ်များကို သုံးရက်ကြာဆွေးနွေးကြမည်ဖြစ်ကြောင်းနှင့် ဤဆွေးနွေးပွဲပြီးပါက တက္ကသိုလ် (၁၆၉)ခု အနေဖြင့် တက္ကသိုလ်အလိုက် လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအလိုက်လည်းကောင်း ဆက်လက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အဆင့်မြင့်စက်ချုပ်သင်တန်း(၁/၂၀၁၄)ဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှကြီးမှူး၍ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်သည့် အဆင့်မြင့် စက်ချုပ်သင်တန်း(၁/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၂) ဒေါ်အမာက အဆင့်မြင့်စက်ချုပ်သင်တန်းများ ဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဥတ္တရခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါ်မီမီလွင်က အဆင့်မြင့် စက်ချုပ်သင်တန်းဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သင်တန်းသူများအား အဆင့်မြင့်စက်ချုပ်သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများကို မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ကျင်ခိုင်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၂)ဒေါ်အမာ၊ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းတို့က အသီးသီးပေးအပ်ခဲ့ကြသည်။

အဆိုပါ သင်တန်းသို့ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများမှ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၁၆ ရက်မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



ပြည်တွင်းသတင်း

# ပြည်သူများအနေဖြင့် အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်ပူးပေါင်းဆောင်ရွက်မှသာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အောင်မြင်နိုင်မည်ဟု ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းပြောကြား






**ရန်ကုန်  ဒီဇင်ဘာ  ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကန်သာယာ ဗိုလ်ချုပ်ကြေးရုပ်ကွင်း၌ ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက တောင်သူလယ်သမားရေးရာ လူထုတွေ့ဆုံပွဲကိုကျင်းပပြီး ဆုံးဖြတ်ချက်များနှင့် တောင်သူလယ်သမားရေးရာရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်၊ ဟသ်ာတခရိုင်၊ မအူပင်ခရိုင်၊ ဖျာပုံခရိုင်၊ မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင်အတွင်းရှိ မြို့နယ်များမှ တောင်သူလယ်သမားကြီးများ စုစုပေါင်း ၅၀၀၀ကျော် တက်ရောက်ကြသည်။

အစိုးရသစ်လက်ထက်၌ တောင်သူလယ်သမားရေးရာ လူထုတွေ့ဆုံပွဲကို ဧရာဝတီတိုင်းဒေသကြီး၏ မြို့တော်ပုသိမ်မြို့၌ ပထမဆုံးကျင်းပခဲ့ခြင်းဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ရာတွင် ယနေ့ တောင်သူလယ်သမားရေးရာ လူထုတွေ့ဆုံပွဲ၌ ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးမှုများသည် မျှော်လင့်ထားသည်ထက်ပို၍ အောင်မြင်မှုရှိပြီး အဓိပ္ပာယ်ပြည့်စုံလေးနက်သည်ကို တွေ့ရှိရပါကြောင်း၊ တောင်သူလယ်သမားများ၏မိသားစုများ အလုပ်အကိုင်ရရှိရေးအတွက် တိုင်းဒေသကြီးအတွင်း၌ စက်ရုံများ၊ အထည်ချုပ်လုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်ကို ကြားသိရသည့်အတွက် အင်မတန်မှ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ လူဦးရေတိုးပွားလာလေလေ လယ်သမားများပြားလာလေလေ လုပ်ကိုင်သည့်ဧရိယာနည်းပါးလာမည် ဖြစ်ပါကြောင်း၊ ယင်းသို့ဖြစ်ပေါ်လာချိန်၌ တောင်သူလယ်သမားများ၏ သားသမီးများ အလုပ်အကိုင်ရရှိရေးအတွက် ယခုကဲ့သို့ အမြော်အမြင်ရှိရှိ ဆောင်ရွက်ပေးနိုင်သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့အား ချီးကျူးမှတ်တမ်းတင်ရမည်ဖြစ်ပါကြောင်း။

ထို့နည်းတူစွာ ယနေ့ဆွေးနွေးပွဲ၌ အဓိကထား ပြောဆိုဆောင်ရွက်နေကြသည့် စိုက်ပျိုးစရိတ်များ ရရှိနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် လယ်သမားဘဏ် စီစဉ်ဆောင်ရွက်ပေးနေခြင်းသည်လည်း ယနေ့ ပကတိအခြေအနေနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့်အတွက် ဂုဏ်ယူကြောင်း၊ ယနေ့ ဆွေးနွေးချက်များကို ကြည့်ပါက လယ်ယာမြေပြဿနာများ ဖြေရှင်းပေးရေးကိစ္စတွင် တောင်သူလယ်သမားများ၏အကျိုးစီးပွားအတွက် တောင်သူလယ်သမား၏ အကျိုးစီးပွားကာကွယ်ရေးဥပဒေနှင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေများ အသက်ဝင်လာရန် အဓိကထား ဆွေးနွေးသွားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ယနေ့ မိမိတို့နိုင်ငံ၌ လွန်ခဲ့သော နှစ်ပေါင်း ၅၀ အတွင်း ဒီမိုကရေစီစံနှုန်းများ အရရှိဆုံးအချိန်ဖြစ်သည်ဟု ပြောရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ဒီမိုကရေစီအခွင့်အရေး၊ အခွင့်အလမ်းဆိုသည်မှာ ပြည်သူများ၏ လိုအပ်ချက်များ၊ ပြည်သူများ၏ဆန္ဒသဘောထားများ၊ အုပ်ချုပ်ကြမည့် အဖွဲ့အစည်းများ၊ ပြည်သူများ၏ သဘောထားဆန္ဒများကို ထင်ဟပ်စေသော ဥပဒေနှင့်အညီ ပြဋ္ဌာန်းပြီး အုပ်ချုပ် ရမည့်ကာလဖြစ်ပါကြောင်း၊ ယင်းအချက်သည် ဒီမိုကရေစီ၏ အနှစ်သာရပင်ဖြစ်ပါကြောင်း။

ပြည်သူများ၏ ဆန္ဒနှင့်အညီ အုပ်ချုပ်ရန်အတွက် ပြည်သူ့ဆန္ဒကို ထင်ဟပ်သည့်ဥပဒေများ ပြဋ္ဌာန်းပေးရန်လိုအပ်ပါကြောင်း၊ ပြဋ္ဌာန်းပေးလိုက်သည့်ဥပဒေသည် တရားမျှတပြီး အားလုံးက လိုက်နာဆောင်ရွက်နိုင်သည့် ဥပဒေမျိုးဖြစ်ရန်လိုအပ်ပါကြောင်း၊ တရားမျှတမှုမရှိ၊ အများက လိုက်နာမဆောင်ရွက်နိုင်သည့် ဥပဒေမျိုးဆိုလျှင် ယင်းဥပဒေသည် လက်တွေ့ကျမည် မဟုတ်ပါကြောင်း၊ ဥပဒေကို သိရှိနားလည်ပြီး ဥပဒေအတိုင်းကျင့်ကြံရန် လိုအပ်ပါကြောင်း၊ ဥပဒေကိုမသိပါ၊ ဥပဒေကိုနားမလည်ပါဟု ဆိုရုံဖြင့် ခွင့်လွှတ်၍ မရပါကြောင်း၊ ကိစ္စရပ်များကို ဖြေရှင်းရာတွင် ဥပဒေနှင့်အညီ ဖြေရှင်းရမည်ဖြစ်သည်ကို လက်ခံနားလည်ရန်လိုပါကြောင်း။

ထို့ကြောင့် ဒီမိုကရေစီအခွင့်အရေး၊ အခွင့်အလမ်းများကို ရယူအသုံးပြု ဆောင်ရွက်သည့်နေရာ၌ ပြည်သူများသည် အစိုးရအဖွဲ့၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် အားလုံးပူးပေါင်းဆောင်ရွက်မှသာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အောင်မြင်မည်ဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ ဒီမိုကရေစီအခွင့်အလမ်းများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ရိုးသားကြိုးစားကြသည့် ဧရာဝတီတိုင်းဒေသကြီးမှ ပြည်သူများအနေဖြင့် မိမိတို့တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် မိမိတို့ကိုယ်တိုင်ပါဝင်ပြီး ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၌ ဆောင်ရွက်ကြရန်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းမှုရှိရေးအားလုံးပါဝင် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့်ပြောကြားခဲ့သည်။ **(အပေါ်ဝဲပုံ)**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်ပြီး နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ တောင်သူလယ်သမားများ ဖြစ်ကြသည်။ ဧရာဝတီတိုင်းဒေသကြီးရှိ လူဦးရေ၏ ၇၄ ရာခိုင်နှုန်းသည် တောင်သူလယ်သမားများဖြစ်ကြ၍ ယခုကဲ့သို့ တောင်သူလယ်သမားရေးရာ တွေ့ဆုံပွဲကျင်းပနိုင်ခြင်းသည် တိုင်းဒေသကြီး၏ ထူးခြားသောဝိသေသများကို ပိုမိုထင်ရှား အသက်ဝင်စေခဲ့ပေသည်။

**(သတင်းစဉ်)**

---

※ *ကျောဖုံးမှ*

ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခုအစည်းအဝေးတွင် ဒေသတွင်း အာဆီယံနိုင်ငံများအကြား ရိုးသားဖြောင့်မတ်မှုဆိုင်ရာ မူဘောင်တစ်ရပ် ရေးဆွဲချမှတ်နိုင်စေရန်အတွက် မိမိတို့၏ မတူညီသောယဉ်ကျေးမှုနှင့် နိုင်ငံရေးနောက်ခံများကို ထည့်သွင်းစဉ်းစားကာ ဆွေးနွေးနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း။

ယခုအစည်းအဝေးတွင် မိမိတို့မြန်မာနိုင်ငံမှ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များ၊ အစိုးရဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများအနေဖြင့် အာဆီယံနိုင်ငံများမှ အဂတိတိုက်ဖျက်ရေးဆိုင်ရာ အတွေ့အကြုံများရရှိနိုင်ပြီး အာဆီယံမူဘောင်တစ်ရပ် ရေးဆွဲရာတွင်လည်း ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်းကို တည်ထောင်ရမည်ဖြစ်သဖြင့် တွေ့ကြုံလာနိုင်သည့် စီမံအုပ်ချုပ်မှုဆိုင်ရာ စိန်ခေါ်လာမှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် အခြေခံမူဘောင်များလည်း လိုအပ်နေချိန်ဖြစ်ပါကြောင်း။

တစ်ခုတည်းသော စီးပွားရေးအသိုက်အဝန်းကို တည်ထောင်ရာ၌ စိန်ခေါ်မှုများစွာ ကြုံလာနိုင်မည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့စီးပွားရေးအဆောက်အအုံ၏ လျင်မြန်စွာဖြစ်ပေါ်ပြောင်းလဲလာသည့်အခါတွင် ကြုံတွေ့လာရသည့် အဂတိလိုက်စားမှုပုံစံအသစ်များ၏ ရိုက်ခတ်မှုဆိုင်ရာ စိန်ခေါ်မှုများ၊ အဂတိလိုက်စားမှုဖြစ်ပေါ်စေနိုင်သည့် အခွင့်အလမ်းအသစ်များ၏စိန်ခေါ်မှုများ၊ နည်းပညာအသစ်များကြောင့် ဖြစ်ပေါ်လာစေနိုင်သည့် စိန်ခေါ်မှုများကိုလည်း ထည့်သွင်းစဉ်းစားပြီး ရင်ဆိုင်ကျော်လွှားရမည်ဖြစ်ပါကြောင်း။

အာဆီယံဒေသတွင်း ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်ကဲ့သို့နိုင်ငံများတွင် ၎င်းစိန်ခေါ်မှုများကို ပိုမိုကြုံတွေ့လာနိုင်ပါကြောင်း၊ အဂတိလိုက်စားမှုနှင့် ပတ်သက်၍ လက်ရှိတွေ့ကြုံနေရမှုများနှင့် နောက်ထပ်ပေါ်ပေါက်လာနိုင်သည့် စိန်ခေါ်မှုများကို ဒေသအတွင်းရှိ ဖွံ့ဖြိုးပြီးနှင့်ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံးအတွက် ဦးစားပေးအစီအစဉ်များကို ယခုအစည်းအဝေးက သတ်မှတ်ချထားပေးသင့်ပါကြောင်း။

ကောင်းမွန်သော စီမံအုပ်ချုပ်မှုဆိုင်ရာ ဖွဲ့စည်းမှုပုံသဏ္ဌာန်နှင့် အလေ့အကျင့်များ တိုးတက်ကောင်းမွန်မှုမရှိပါက မိမိတို့မျှော်မှန်းထားသည့် အာဆီယံစီးပွားရေး အသိုက်အဝန်းပါ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် အခက်အခဲများ ရင်ဆိုင်ရနိုင်ပါကြောင်း၊ စီးပွားရေး အသိုက်အဝန်းတစ်ခုအတွက် Hardware ဖြစ်သည့် အခြေခံအဆောက်အအုံနှင့် ဆက်သွယ်ချိတ်ဆက်မှုပိုင်းဆိုင်ရာများကို တည်ဆောက်ရန် လွယ်ကူသော်ငြား Software ဖြစ်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အဖွဲ့အစည်းပိုင်းဆိုင်ရာ တည်ဆောက်မှုများမှာမူ အချိန်ယူ တည်ဆောက်သွားရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ပြီးဖြစ်ပါကြောင်း၊ ဤအဖွဲ့အစည်းများသည် UN Convertion Against Corruption အရ ဆောင်ရွက်နေခြင်းပင် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ်မှစတင်၍ ကောင်းမွန်သော စီမံအုပ်ချုပ်မှုနှင့် သန့်ရှင်းသောအစိုးရ ဖြစ်ရေးဟူသည့် ရည်ရွယ်ချက်များဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နေပါကြောင်း၊ Transparency International (TI) က နှစ်စဉ်ထုတ်ပြန်သည့် မြန်မာနိုင်ငံအတွက် CPI အညွှန်းကိန်းတွင် မိမိတို့နိုင်ငံအနေဖြင့် အဂတိလိုက်စားမှုအများဆုံးနိုင်ငံများအုပ်စုတွင် ပါဝင်နေလျက်ရှိပါကြောင်း။

သို့သော်လည်း မိမိတို့၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် ကြိုးပမ်းအားထုတ်မှုများကြောင့် မိမိတို့၏ ရပ်တည်မှုအဆင့် တိုးတက်လာနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခုနှစ်အစောပိုင်းကာလတွင် မြန်မာနိုင်ငံအနေဖြင့် သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာရေး ဆောင်ရွက်မှု (EITI) ၏ (၄၅) နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် သတ်မှတ်ခြင်းကို ခံခဲ့ရပါကြောင်း၊ အာဆီယံနိုင်ငံများတွင် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့ပြီးနောက် တတိယမြောက် (EITI) ၏ အဖွဲ့ဝင်နိုင်ငံ ဖြစ်ပါကြောင်း၊ ထို့အပြင် မိမိတို့ မြန်မာနိုင်ငံအနေဖြင့် သဘာဝသယံဇာတ စီမံအုပ်ချုပ်မှုဆိုင်ရာ ညီလာခံတစ်ရပ်ကို ယခုနှစ် အောက်တိုဘာလတွင် ဖိတ်ခေါ်ကျင်းပခဲ့ပြီး ဖြစ်ပါကြောင်း။

မိမိတို့ (EITI) အဖွဲ့အနေဖြင့်လည်း လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံများတွင် သဘာဝသယံဇာတကဏ္ဍ၌ အခွန်ဘဏ္ဍာပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော စီမံအုပ်ချုပ်မှုတို့ကို ပိုမိုကောင်းမွန်လာစေရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးရေးအပေါ် တားဆီးနေသည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကိုလည်း ပြုပြင်ပြောင်းလဲကာ ရိုးရှင်းလွယ်ကူသည့် ပတ်ဝန်းကျင်ဖြစ်လာစေရန် ဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း။

ယခင်ကရှိခဲ့သည့် ကြိုးနီစနစ်၏ အခက်အခဲများ၊ အဂတိလိုက်စားမှုများကို တိုက်ဖျက်ကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံအနေဖြင့် အစိုးရရော၊ ပုဂ္ဂလိကကဏ္ဍကပါ လိုလားသည့် Business Integrity ရှိရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ ယခုအစည်းအဝေးတွင် အခြေခံမူဘောင်တစ်ရပ် ရေးဆွဲနိုင်သည်အထိ ဆွေးနွေးနိုင်သည့် အောင်မြင်မှုများ ရရှိလာနိုင်ပါစေရန် မျှော်လင့်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်၏ ကောင်းမွန်သော စီမံအုပ်ချုပ်မှု၊ ရိုးသားဖြောင့်မတ်မှုနှင့် လူ့အခွင့်အရေးဆိုင်ရာဌာန ဝန်ကြီး ဆီနေတာဒါတွတ် ပေါလ်လိုးဆန်ခွန်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဒေသတွင်းအဆင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများအပေါ် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓါတ်ပုံရိုက်သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ခေါင်းစဉ်ငယ်များဖြင့် ဆွေးနွေးခြင်း၊ ရှင်းလင်းတင်ပြခြင်းများကို ပြုလုပ်ကြသည်။

အဆိုပါ အခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

---

# ပထမဆုံးအကြိမ် နိုဗယ်လ်မြန်မာစာပေပွဲတော်အား ဇန်နဝါရီလတွင် နိုင်ငံတော်ပွဲလမ်းအသွင်ဖြင့် ကျင်းပမည်

**ရန်ကုန်  ဒီဇင်ဘာ  ၁၆**

မြန်မာစာပေလောကသားများ ပထမဆုံးအကြိမ် ဦးဆောင်ကျင်းပမည့် နိုဗယ်လ်မြန်မာစာပေပွဲတော်ကို လာမည့် ဇန်နဝါရီလ ၁၇ ရက်မှ ၁၉ ရက်အထိ ရန်ကုန်မြို့ရှိ အမျိုးသားကဇာတ်ရုံ၌ သုံးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း ပွဲတော်ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ စာရေးဆရာ ဖေမြင့်ထံမှ သိရသည်။

"နိုဗယ်လ်မြန်မာစာပေပွဲတော်လို့ ခေါင်းစဉ်တပ်ပြီး ပွဲတော်ပြုလုပ်တယ်ဆိုတာက စာပေနဲ့ ငြိမ်းချမ်းရေးကို ရည်ရွယ်ပြီးပြုလုပ်တာပါ။ နိုင်ငံတကာ စာပေတွေထဲမှာ ကောင်းတယ်လို့ လက်ခံထားပြီး ထင်ရှားတဲ့ နိုဗယ်လ်ဆုရ စာရေးဆရာတွေရဲ့ စာပေ တွေနဲ့ အဓိကအားဖြည့်မယ်။ မြန်မာစာပေ တိုးတက်မြင့်မားရေးအတွက် မြှင့်တင်ဖို့ ရည်ရွယ်ထားပြီး နိုင်ငံတော် ပွဲလမ်းကြီးတစ်ခုအသွင်ဖြစ်အောင် လုပ်ဆောင်မှာပါ" ဟု စာရေးဆရာ ဖေမြင့်က ပြောသည်။

ပွဲတော်ရက်များအတွင်း နိုဗယ်လ်ဆုရ နိုင်ငံတကာ စာရေးဆရာများ ရေးသားထားသည့် ဝတ္ထု၊ ကဗျာနှင့် အခြားစာပေများထဲမှ မြန်မာဘာသာသို့ ပြန်ဆိုခဲ့ဖူးသော စာအုပ်များနှင့် ထပ်မံဘာသာပြန်ဆိုထားသော စာအုပ်များကို ပြန်လည်ထုတ်ဝေမည်ဖြစ်သည်။ ယင်းသို့ထုတ်ဝေရာတွင် ပွဲတော်အထိမ်းအမှတ်အဖြစ် ပွဲတော် အမှတ်တံဆိပ်ကပ်နှိပ်ထားသော စာအုပ်အတွဲ ၅၀ မှ ၆၀ ခန့် ပါဝင်သည့် စာအုပ်တွဲများကို အထူး ပုံနှိပ်ထုတ်ဝေသွားမည်ဖြစ်ကြောင်းသိရသည်။

နော်ဝေနိုင်ငံမှ ငြိမ်းချမ်းရေး နိုဗယ်လ်ဆုရွေးချယ်ရေးကော်မတီမှ ကိုယ်စားလှယ်တစ်ဦး အပါအဝင် နိုင်ငံတကာမှ စာပေပညာရှင် ၁၂ ဦးနှင့် ပြည်တွင်းမှ စာပေပညာရှင်များက ပွဲတော်ရက်အတွင်း စာပေဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးဟောပြောသွားမည် ဖြစ်သည်။ နိုဗယ်လ်မြန်မာစာပေပွဲတော်ဖြစ်မြောက်ရေးအတွက် နော်ဝေနိုင်ငံမှ လွတ်လပ်စွာရေးသားခွင့် အမည်ရှိ အဖွဲ့အစည်းနှင့် ဆွီဒင်နိုင်ငံရှိ စာပေအဖွဲ့အစည်းများမှ တစ်စိတ်တစ်ပိုင်း ပါဝင်ကူညီသွားမည်ဖြစ်ကြောင်း ပွဲတော်ဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။

ပွဲတော်ကျင်းပသည့် သုံးရက်အတွင်း မနက်ပိုင်းနှင့် ညနေပိုင်းများတွင် စာပေဆိုင်ရာ ဟောပြောဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ ယာယီတဲများဖြင့် အစုအဖွဲ့လိုက် ဟောပြောဆွေးနွေးမှုများပြုလုပ်နိုင်ပြီး ကာတွန်း

*စာမျက်နှာ ၁၀ ကော်လံ ၅ သို့*

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ နေပြည်တော်သို့ရောက်ရှိ



**နေပြည်တော်  ဒီဇင်ဘာ  ၁၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ လီယွမ်ချောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ရောက်ရှိရာ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

ထို့နောက် ဒုတိယသမ္မတ မစ္စတာလီယွမ်ချောင်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြည်တွင်းသတင်း

◆ *ကျောဖုံးမှ*

ခရီးစဉ်တစ်ခုအတွက် စီးနင်းခမှာ မြန်မာကျပ်ငွေ နှစ်သိန်းခန့် ၁၉၉ ဒေါ်လာ ကျသင့်ကြောင်း သိရသည်။

ရေနွေးငွေ့စက်ခေါင်း မီးရထားခရီးစဉ်အတွင်း နံနက်ခင်း ပုဂံ-ကျောက်ပန်းတောင်း ဘူတာများသို့ နံနက်၊ ညနေအကြိုအပို့အစီအစဉ် ခရီးစဉ်အတွင်း ကျေးရွာတစ်ရွာတွင် စိုက်ခင်းခင်းပြခြင်းနှင့် တီးကော်ဖီကျွေးမွေးခြင်းအစီအစဉ်၊ ကျောက်ပန်းတောင်းဘူတာမှ ပုပ္ပား Resort ကားဖြင့် ပို့ပေးခြင်း၊ နေ့လယ်စာကျွေးခြင်း၊ ညနေပြန်လာသည့်အခါ ကျောက်ပန်းတောင်းဈေးသို့ ပို့ပေးခြင်းနှင့် ဘူတာသို့ ပြန်ကြိုပေးခြင်းတို့ကို ဝန်ဆောင်မှုအဖြစ် ဆောင်ရွက်ပေးမည်ဖြစ်သည်။

ပုဂံဘူတာမှ ကျောက်ပန်းတောင်းသို့ ( အစုန် ) ၁၃ မိုင်၊ ကျောက်ပန်းတောင်းမှ ပုဂံ(အဆန် ) ၁၅ မိုင် စုစုပေါင်း အသွားအပြန် ခရီး ရေနွေးငွေ့စက်ခေါင်း အထူးရထားခရီးစဉ် ပြေးဆွဲသည့်နေ့တွင် ပုဂံဘူတာမှ နံနက် ၇ နာရီ ၁၅ မိနစ်ထွက်ခွာပြီး ကျောက်ပန်းတောင်းသို့ ဆိုက်ရောက်ချိန် နံနက် ၁၁ နာရီ ၁၀ မိနစ်ဖြစ်ကာ ကျောက်ပန်းတောင်းမှ မွန်းလွဲ ၂ နာရီတွင် ပြန်လည်ထွက်ခွာပြီး ပုဂံသို့ ညနေ ၄ နာရီ ၃၆ မိနစ်ခန့် ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း တိုင်းအမှတ် (၁၁) မြန်မာ့မီးရထား(ပုဂံ)ထံမှ သိရသည်။

## ညအပူချိန်များလျော့နည်းလာနိုင်

**နေပြည်တော်  ဒီဇင်ဘာ  ၁၆**

မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ မိုးလေဝသတိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံမြောက်ပိုင်းမှ လေအေးများတိုးဝင်လာမှုကြောင့် ယနေ့ မွန်းတည့်မှ နောက်သုံးရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်ထိ ညအပူချိန်များ လျော့နည်းနိုင်မည်ဟု ခန့်မှန်းရသည်။ **(မိုး/ဇလ)**

# တရားမျှတရေး အတူတကွ မြှင့်တင်ပေး
# ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားရုံးများ၏ ဝန်ဆောင်မှုများ မြှင့်တင်ရေးအတွက် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းထုတ်ပြန်

**နေပြည်တော်  ဒီဇင်ဘာ  ၁၆**

မြန်မာ တရားစီရင်ရေးစနစ် တိုးတက်စေရန် ဆောင်ရွက်မည့် သုံးနှစ်တာ စီမံကိန်းတစ်ရပ်ကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ထုတ်ပြန်လိုက်သည်။

ယခု တရားစီရင်ရေးဆိုင်ရာ သုံးနှစ်တာ မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇)၏ မဟာဗျူဟာ လုပ်ငန်းအစီအစဉ်များသည် တရားစီရင်ရေးကဏ္ဍကို ပိုမိုကောင်းမွန်စေရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ချမှတ်ထားသည့် မူဝါဒများ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များအပေါ် ကောင်းမွန်စွာ အထောက်အပံ့ပြုသွားနိုင်မည်ဖြစ်သည်။

မဟာဗျူဟာစီမံကိန်း၏ အဓိက မျှော်မှန်းချက်မှာ တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူအများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ပေါ်ထွန်းရေး၊ အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့် မြန်မြန်စီရင်ဆုံးဖြတ်ရေးနှင့် တရားရုံးများ၏ဂုဏ်သိက္ခာ မြှင့်တင်ရေးစသည့် တရားစီရင်ရေးဆိုင်ရာ ရည်မှန်းချက်များကို အောင်မြင်မှုရရှိစေရန်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်ကို တိုးတက်မြင့်မားလာစေရန်ဖြစ်သည်။

အဆိုပါ ရည်မှန်းချက်အောင်မြင်စေရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ စီမံကိန်းရေးဆွဲရေးအဖွဲ့သည် နိုင်ငံတစ်ဝန်းရှိ တရားသူကြီးများ၊ တရားရုံးအသုံးပြုသူများထံမှ အရေးပါသော သတင်းအချက်အလက်များ စုဆောင်းခြင်း၊ တရားစီရင်ရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ဆန်းစစ်ခြင်း၊ ကျွမ်းကျင်သူများ၏ အကဲဖြတ်ချက်များကို သုံးသပ်ခြင်းနှင့် အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့် အာရှနှင့် ပစိဖိတ်ဒေသတွင်း တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုများအပေါ် လေ့လာခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ယင်းဆောင်ရွက်ချက်များမှ ထွက်ပေါ်လာသည့် အစီရင်ခံစာ စာတမ်းသည် အနာဂတ်တရားစီရင်ရေး၏မြင်ကွင်းကို အသေးစိတ်ပုံဖော်နိုင်သည့် အကောင်းဆုံး လုပ်ငန်းစီမံချက်တစ်ရပ်ဖြစ်သည်။

ယင်းသို့ တိုးတက်အောင်မြင်မှု ရရှိစေရန် သတ်မှတ်ထားသော နယ်ပယ်ကဏ္ဍရပ်များမှာ အများပြည်သူ၏ တရားမျှတမှု လက်လှမ်းမီရေးကို ကာကွယ်စောင့်ရှောက်ရန်၊ လူထု၏ အသိအမြင်ကို မြှင့်တင်ပေးရန်၊ တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် တာဝန်ယူဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးရန်နှင့် တရားစီရင်ရေး၏ သာတူညီမျှမှု၊ မျှတမှုနှင့် ဂုဏ်သိက္ခာကို အာမခံနိုင်သည့် ကတိကဝတ် ထိန်းသိမ်းရန်တို့ဖြစ်သည်။

ယင်းစီမံကိန်းတွင် တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှုကို ၈၀ ရာခိုင်နှုန်းနှင့် နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်းကို ၁၀၀ ရာခိုင်နှုန်း ရရှိနိုင်စေရန်အပါအဝင် သုံးနှစ်တာကာလအတွက် ခန့်မှန်းတိုင်းတာနိုင်သော ရည်မှန်းချက်များကို အကျဉ်းချုပ်ဖော်ပြထားသည်။ ယင်းသို့ တိုင်းတာရာတွင် တရားရုံးများသို့ ကွင်းဆင်း၍ တရားရုံးအသုံးပြုသူများ၏ စိတ်ကျေနပ်မှုအခြေအနေများကိုဆန်းစစ်လေ့လာမှုပြုခြင်း၊ ကိန်းဂဏန်းအချက်အလက်များကို ဆန်းစစ်ခြင်းတို့ ပြုလုပ်မည်ဖြစ်သည်။

မဟာဗျူဟာအစီအစဉ်များကို အထူးအရေးကြီး၊ ထိပ်တန်းအဆင့်ဦးစားပေးနှင့် အလယ်အလတ်ဦးစားပေး စသည့်ဦးစားပေးအစီအစဉ် သုံးရပ်ဖြင့် ဆောင်ရွက်မည်ဖြစ်သည်။ ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် မဟာဗျူဟာအရ အထူးအရေးကြီး လုပ်ငန်းရပ်များတွင် တရားရုံးဝန်ဆောင်မှုလုပ်ငန်းများကို အလွယ်တကူ လက်လှမ်းမီနိုင်ရေး အများပြည်သူတို့ သတင်းအချက်အလက်ရယူနိုင်သည့် ကောင်တာများ ထားရှိပေးခြင်း၊ မှုခင်းလုပ်ငန်းစဉ်များအချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှု တိုးတက်လာစေရေးအတွက် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်များ ဆောင်ရွက်ခြင်း၊ တရားသူကြီးများအတွက် သာတူညီမျှမှု၊ မျှတမှုနှင့် ဂုဏ်သိက္ခာဆိုင်ရာသင်တန်းများ တိုးမြှင့်ပို့ချပေးခြင်းတို့ ပါဝင်သည်။ နိုင်ငံတစ်ဝန်းလုံး၌ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမပြုမီ ရွှေ့ပြောင်းတရားရုံး အချို့၌ လက်တွေ့ကျင့်စဉ်နှင့် လုပ်ထုံးလုပ်နည်းအသစ်များအတွက် စမ်းသပ်ဆောင်ရွက်မည်ဖြစ်သည်။

စီမံကိန်းအကောင်အထည်ဖော်ခြင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မဟာဗျူဟာစီမံကိန်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီတစ်ရပ်ဖြင့် ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါကော်မတီသည် လုပ်ငန်းတိုးတက်မှု ပုံမှန်အစီရင်ခံစာများပြင်ဆင်ခြင်း၊ နှစ်စဉ်လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။ အထူးအစီအစဉ်များကို အကောင်အထည်ဖော်ရန်အတွက် တရားစီရင်ရေးကဏ္ဍသည် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

**တရားမျှတရေး အတူတကွ မြှင့်တင်ပေး**-တရားစီရင်ရေးဆိုင်ရာ သုံးနှစ်တာ မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇)ကို http://www.unionsupremecourt. gov.mm တွင် ကြည့်ရှုနိုင်သည်။

**(ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**

# ဂျပန်နိုင်ငံတက္ကသိုလ်များမှ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ နည်းပညာများကူညီထောက်ပံ့မည်

**နေပြည်တော်  ဒီဇင်ဘာ  ၁၆**

ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)၏ကူညီထောက်ပံ့မှုဖြင့် ဂျပန်နိုင်ငံရှိ တက္ကသိုလ်များက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ရေဆင်းတက္ကသိုလ်တွင် ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ဂျပန်နိုင်ငံ ကျူရှူးတက္ကသိုလ် (Kyushu University)နှင့် ကိုချီတက္ကသိုလ်(Kochi University) မှ ပါမောက္ခများနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်တို့ စိုက်ပျိုးရေးသုတေသနလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ နည်းပညာများ ထောက်ပံ့ပေးရေးနှင့် မြန်မာနိုင်ငံမှ JDS (Japan Development Scholarship) ဘွဲ့ရပညာရှင်များက ဂျပန်နိုင်ငံမှရရှိခဲ့သော အသိပညာဗဟုသုတများ၊ အသုံးဝင်ပုံများနှင့်ပတ်သက်သည့် နည်းပညာပိုင်းဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်ခဲ့သည်။

"၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်က JICA က အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆ သန်း ကူညီထောက်ပံ့ပေးထားပါတယ်။ အဲဒီငွေတွေကို အဆောက်အအုံဆောက်လုပ်ခြင်းနဲ့ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတွေမှာ အသုံးပြုသွားမှာဖြစ်ပါတယ်။ အဆောက်အအုံဆောက်လုပ်ခြင်းဆိုတာကတော့ ဓာတ်ခွဲခန်းနဲ့ဆိုင်တဲ့အဆောက်အအုံ ကိုးခုကို ဆောက်လုပ်သွားမှာ ဖြစ်ပါတယ်။ နောက်ပြီး ဓာတ်ခွဲခန်းသုံးပစ္စည်းတွေ၊ ခေတ်မီတဲ့လက်တွေ့ခန်းတွေကို တည်ဆောက်သွားမှာဖြစ်ပါတယ်။ နည်းပညာပူးပေါင်းဆောင်ရွက်ရေးပိုင်းမှာကတော့ ဂျပန်နိုင်ငံတိုကျိုတက္ကသိုလ်၊ ကျိုတိုတက္ကသိုလ်၊ ကိုဘေးတက္ကသိုလ်၊ ရာမဂူချိတက္ကသိုလ်၊ ချီဘာတက္ကသိုလ်များမှ ပါမောက္ခတွေက ရေဆင်းစိုက်ပျိုးရေးကျောင်းကဆရာ၊ ဆရာမတွေကို လာရောက်ပြီး သင်ကြားပေးသွားမှာဖြစ်ပါတယ်။ အခု လောလောဆယ်မှာတော့ ကိုရီးယားနိုင်ငံနဲ့ ဩစတြေးလျနိုင်ငံတက္ကသိုလ်မှ စိုက်ပျိုးရေးပညာရှင်များက နည်းပညာပိုင်းနဲ့ပတ်သက်ပြီး သင်ကြားပေးနေပါတယ်။ ဂျပန်နိုင်ငံကတော့ ၂၀၁၅ ဇွန်လပိုင်းထဲမှာ လာရောက်သင်ကြားမှာဖြစ်ပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်မှုတွေလုပ်တဲ့အတွက် နိုင်ငံတကာကနေ နည်းပညာတွေ ရရှိလာမှာဖြစ်ပါတယ်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်က သင်ကြားရေးတစ်ခုတည်းမဟုတ်ဘူးလေ။ သုတေသနလည်းလုပ်ရမယ်၊ တောင်သူတွေကိုလည်း အသိပညာပေးတွေလုပ်ရမယ်၊ ဒီလိုတွေလုပ်ဖို့အတွက်သူတို့လိုပညာရှင်တွေလိုအပ်ပါတယ်" ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က ပြောသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် နိုင်ငံခြားတက္ကသိုလ်များနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းမှုများ ဆောင်ရွက်လျက်ရှိသည်။ ပူးပေါင်းဆောင်ရွက်နေသည့် နိုင်ငံခြားတက္ကသိုလ်များမှာ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ကိုရီးယားနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဂျပန်နိုင်ငံတို့မှ ဖြစ်သည်။ ဆက်လက်၍ နယ်သာလန်၊အမေရိကန်နှင့် ပြင်သစ်တက္ကသိုလ်များမှလည်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် နည်းပညာပိုင်းဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် လာရောက်လေ့လာလျက်ရှိကြောင်း သိရသည်။

"အခုကတော့ သူတို့က အနာဂတ် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်တွေအတွက် လာရောက်လေ့လာတာပါ။ သူတို့က ကျွန်တော်တို့ မလုပ်နိုင်တဲ့ သုတေသနပိုင်းဆိုင်ရာနည်းပညာရပ်တွေကို ကူညီထောက်ပံ့ပေးသွားမှာပါ။ ဥပမာပြောရရင် ရာသီဥတုပူတဲ့နေရာမှာ စိုက်ပျိုးမယ့်စပါးမျိုးက အပူဒဏ်ခံနိုင်မယ့် စပါး၊ ရေငတ်ခံနိုင်တဲ့စပါးတွေစိုက်မယ်ဆိုရင်လိုအပ်တဲ့ မျိုးစပ်နည်းတွေအတွက် သူတို့ဆီက သုတေသနပိုင်းဆိုင်ရာ နည်းပညာတွေ အများကြီးရမယ်။ စပ်မျိုးစပါးထုတ်လုပ်ရေးအတွက် လိုအပ်တဲ့ နည်းပညာ၊ ပညာရှင်တွေလိုအပ်မယ်ဆိုရင် ပံ့ပိုးပေးဖို့အဆင်သင့်ရှိဖို့လိုပါတယ်။ အဲဒီမှာ သုတေသနပိုင်းအတွက် ကိုယ်ကရှာရမှာမျိုးမဟုတ်ဘူး၊ သူတို့ရှာပြီးသားကိုပဲ ကိုယ်က သုံးရမှာဖြစ်တယ်။ ဒီနေရာမှာ မြန်မာနိုင်ငံရာသီဥတုနဲ့ ကိုက်ညီတဲ့ နည်းပညာတွေကိုပဲသုံးမှာဖြစ်တဲ့အတွက် အဆင်ပြေတယ်။ Export ပို့မယ့်ဆန်တွေဆိုပါစို့၊ အဲဒီမှာ တချို့နိုင်ငံတွေက ဆန်ကို စေးမှကြိုက်တာ၊ အဲဒီ မြေဆီထဲမှာ နိုက်ထရိုဂျင်ဓာတ်တွေများသွားမယ်ဆိုရင် ဆန်ကဖွာသွားမယ်၊ Export ပို့မယ့်စပါးဆိုရင် အရည်အသွေး ဘယ်လောက်ထားရမလဲ၊ အဲဒီအရည်အသွေးရအောင် မြေဩဇာဘယ်လိုကျွေးမလဲ ဆိုတဲ့ အချက်တွေလိုအပ်ပါတယ်။

ကျွန်တော်တို့ဆီမှာက အဲဒါတွေကိုလုပ်ဖို့အတွက် လူအင်အားတွေရှိတယ်၊ မြေတွေရှိတယ်၊ မျိုးတွေရှိတယ်၊ ဒါပေမယ့် နည်းပညာပိုင်းမှာ အားနည်းနေသေးတယ်။ အဲဒါကြောင့် သူတို့ဆီက နည်းပညာတွေကို မျှဝေပေးမှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ စိုက်ပျိုးရေးကျောင်းအတွက်ပိုပြီးအကျိုးရရှိစေမှာ ဖြစ်ပါတယ်" ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အပင်မျိုးမွေးမြူရေးဇီဝကမ္မဗေဒနှင့် ဂေဟဗေဒဌာနမှ ကထိက ဒေါက်တာသန်းမြင့်ထွန်းက ပြောသည်။

နည်းပညာပိုင်းဆိုင်ရာနှင့်ပတ်သက်၍ ဂျပန်တက္ကသိုလ်မှ ပညာရှင်များက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိဆရာ ဆရာမများကို လာရောက်ပို့ချခြင်းနှင့် နည်းပညာများဖလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။ နည်းပညာပိုင်းတွင် မြန်မာနိုင်ငံရာသီဥတုနှင့် စိုက်ပျိုးရန် သင့်တော်သည့် မျိုးစပ်နည်းများ၊စိုက်ပျိုးသည့်နည်းစနစ်များကို မျှဝေပေးသွားမည် ဟုသိရသည်။ JICA မှ ဓာတ်ခွဲခန်းသုံးအဆောက်အအုံနှင့် ဓာတ်ခွဲခန်းအတွက်လိုအပ်သောစက်ပစ္စည်းများ၊ သုတေသနပြုလုပ်ရန် လိုအပ်သည့်ပစ္စည်းများအတွက် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆ သန်းကို ကူညီထောက်ပံ့ပေးထားပြီးဖြစ်ကြောင်း သိရသည်။

"အခု JICA က ထောက်ပံ့ငွေနဲ့ ဓာတ်ခွဲခန်း အဆောက်အအုံတွေ စပြီးဆောက်နေပါပြီ။ ၂၀၁၅ ဧပြီလမှာ အပြီးတည်ဆောက်သွားမှာဖြစ်ပါတယ်။ နည်းပညာပူးပေါင်းဆောင်ရွက်ရေးအနေနဲ့ကတော့ ကျွန်မတို့တင်ပြထားဆဲပဲရှိပါသေးတယ်။ ဓာတ်ခွဲခန်းသုံးပစ္စည်းတွေကိုတော့ ဌာနကိုးခုကနေပြီး လိုအပ်တဲ့ပစ္စည်းတွေကို လွန်ခဲ့တဲ့တစ်နှစ်ခွဲလောက်ကတည်းက တင်ပြထားရပါတယ်။ နည်းပညာတွေဖလှယ်တဲ့နေရာမှာ သူတို့ဘက်က ကာလရှည်အတွက် တစ်ဦးအမြဲတမ်းထားပေးသွားမှာ ဖြစ်ပြီး ကာလတိုအတွက်ကတော့ နှစ်ပတ်တစ်ခါ လာရောက်သင်ကြားပြသပေးသွားမှာဖြစ်ပါတယ်" ဟု ရေဆင်းတက္ကသိုလ် သင်တန်းရေးရာဌာန ပါမောက္ခ ဌာနမှူးဒေါက်တာ တင်တင်အေးကပြောသည်။

**သတင်း - ဇူလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - အိမ့်ထက်မှူး**

## ပြည်တွင်းသတင်း

# နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်နိုင်

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဖောင်းရစ်(၃)ခု ရွှေပြားသင်္ကန်းကပ်လှူမည့်ဧရိယာ




ဥပ္ပါတသန္တိစေတီတော်ကြီးအား လာမည့်တပေါင်းလပြည့်နေ့မတိုင်မီ ကြာနုအောက်ဖောင်းရစ်သုံးရစ်အထိ ရွှေစင်ရွှေပြားများနှင့် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်သွားမည်ဖြစ်ရာ ရွှေစင်ပြားတန်ဖိုးမှာ တစ်စတုရန်းပေ(၁ ပေ×၁ ပေ) ရွှေတစ်ကျပ်သားနှင့် တစ်ပေပတ်လည်ကြေးပြားထု ၂၂ ဂိတ်အတွက် စုစုပေါင်းကုန်ကျစရိတ် ကျပ်ခုနစ်သိန်း ဖြစ်သည်။

ဖောင်းရစ်များ၏ ဧရိယာမှာ တတိယဖောင်းရစ် -၁၈၄၀ ဒသမ ၇ စ/ပေ၊ ဒုတိယ ဖောင်းရစ် ၂၂၃၅ ဒသမ ၂၆ စ/ပေနှင့် ပထမဖောင်းရစ် ၂၆၀၄ စ/ပေတို့ဖြစ်ပြီး စေတီတော်ဂေါပကအဖွဲ့အနေဖြင့် တတိယဖောင်းရစ် ရွှေစင်ပြားကပ်လှူရန် အလှူငွေလုံလောက်စွာရှိပြီးဖြစ်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပြည်သူများ၏ လှူဒါန်းမှုများဖြင့် ဒုတိယဖောင်းရစ်၊ ပထမဖောင်းရစ်တို့အထိ ရွှေစင်ပြားဆက်ကပ်သွားမည်ဖြစ်ကာ လှူဒါန်းသည့် ပုဂ္ဂိုလ်/ဌာန/အဖွဲ့အစည်းများအလိုက် ရွှေစင်ပြားတွင် အလှူရှင်အမည်ကို ကမ္ပည်းထိုးမှတ်တမ်းတင်ပြီး မိမိတို့၏ ရွှေစင်ပြားနေရာကို Layout Plan ဖြင့် ဖော်ပြပေးထားမည်ဖြစ်သည်။

နိုဝင်ဘာလကုန်မှစ၍ ငြမ်းဆင်ခြင်းနှင့် လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပြီး တပေါင်းလပြည့်နေ့တွင် စေတီတော် ရွှေစင်ရွှေပြားကပ်လှူခြင်းလုပ်ငန်းနှင့် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်းများပြီးစီးရန် စီစဉ်ထားရာ အလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ဆန်းပိုင်း နောက်ဆုံးထား၍ ဦးသန်းဌေး(နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၉-၄၉၂၃၆၄၄၄၊ ၀၆၇-၅၅၀၂၁၂၊ ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၉-၈၃၀၀၂၅၉၊ ၀၆၇-၄၁၄၂၀၅ နှင့် ဦးထွန်းကြည် (စေတီတော်ဂေါပကအဖွဲ့ဝင်) ဖုန်း-၀၉-၅၁၃၅၆၉၈၊ ၀၆၇-၂၅၉၄၃/၂၂၀၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာထားသည်။

**(မြန်မာ့အလင်း)**

■ *ရှေ့ဖုံးမှ*

ရှင်းလင်းပွဲတွင် မြန်မာ့အလင်းသတင်းစာ၏ မေးမြန်းချက်ကို တောင်ကိုရီးယားသမ္မတက ပြန်လည်ဖြေကြားရာ၌ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

(၂၅)ကြိမ်မြောက် အာဆီယံ-ကိုရီးယားဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးမှ ကိုရီးယားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ဆက်ဆံမှုပိုမိုအားကောင်းလာစေပြီး စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုဘဝနယ်ပယ်များတွင် မြင့်မားသော ပူးပေါင်းဆောင်ရွက်မှု သဘောထားများ ပေါ်ထွက်လာခြင်းကြောင့် ကိုရီးယားသမ္မတနိုင်ငံက အလွန်ဂုဏ်ယူမိကြောင်း အဆိုပါသတင်းစာရှင်းလင်းပွဲအတွင်း ကိုရီးယားသမ္မတ မဒမ်ပတ်ဂွန်ဟေးက နိုင်ငံတကာမီဒီယာများအား ပြောကြားခဲ့သည်။

မြန်မာ့အလင်းမှ မေးမြန်းမှုများကို တောင်ကိုရီးယားသမ္မတက ပြန်လည်ဖြေကြားပေးခဲ့သည်။

**မေး ။ ။မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူနေချိန်မှာ အာဆီယံအဖွဲ့အစည်းနဲ့ နိုင်ငံတကာအကြား ပူးပေါင်းဆောင်ရွက်မှုတွေကို အလေးထားလုပ်ဆောင်နေပါတယ်။ ပြည်တွင်းမှာလည်း နိုင်ငံရေးအပါအဝင် စီးပွားရေး၊ လူမှုရေးနဲ့ ကဏ္ဍအသီးသီးမှာ မြင့်တင်နေမှုအပေါ် ကိုရီးယားသမ္မတနိုင်ငံရဲ့ သဘောထားအမြင်နဲ့ ရပ်တည်ချက်ကိုသိရှိလိုပါတယ်။**

ဖြေ ။ ။မြန်မာနိုင်ငံရဲ့ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေတဲ့အပေါ်မှာရော၊ နိုင်ငံရေးအပါအဝင် ပြည်တွင်းမှာ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ကြိုးပမ်းလျှောက်လှမ်းနေတဲ့အပေါ်မှာပါ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။ ကိုရီးယားသမ္မတနိုင်ငံက မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေနဲ့ နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်မှုတွေအပေါ်မှာ အားရကျေနပ်မှုရှိပါတယ်။ မြန်မာနိုင်ငံအပါအဝင် ကိုရီးယားသမ္မတနိုင်ငံရော၊ အခြားနိုင်ငံအသီးသီးမှာပါ သမိုင်းကြောင်းတွေရှိပါတယ်။ အတိတ်ကကောင်းခြင်းဆိုးခြင်းတွေက အနာဂတ်အတွက် ပြုပြင်စရာနည်းလမ်းကောင်းတွေ ဖော်ဆောင်ပေးတယ်လို့ ယုံကြည်မိပါတယ်။ အတိတ်ကို ပြန်ပြောင်းမတွေးဘဲ ရှေ့ဆက်ရမယ့်လုပ်ငန်းစဉ်တွေကိုယုံကြည်မှုနဲ့ လျှောက်လှမ်းနေတာကို ကိုရီးယားသမ္မတနိုင်ငံက လက်တွဲကြိုဆိုပါတယ်။

**မေး ။ ။မြန်မာနိုင်ငံအပေါ်မှာ စံပြကျေးရွာ ၁၀၀ စီမံကိန်းလိုမျိုး စီမံကိန်းတွေအပြင် မွေးမြူရေးနဲ့ ကုန်သွယ်ရေးကဏ္ဍတွေမှာလည်း အကူအညီတွေပေးအပ်မယ်လို့ သိရပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးအနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဘာကြောင့်ဦးစားပေးသင့်တယ်လို့ ယူဆရပါသလဲ။**

ဖြေ ။ ။မြန်မာနိုင်ငံမှာ ၇၀ ရာခိုင်နှုန်းက ကျေးလက်ဒေသလို့ သိရပါတယ်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ဦးချင်း အသားတင်ထုတ်ကုန်တန်ဖိုးက အလွန်အရေးကြီးပါတယ်။ ဒါကြောင့် လက်ရှိအခြေအနေနဲ့အကိုက်ညီဆုံးဖြစ်စေမယ့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဦးစားပေးကူညီသင့်တယ်လို့ယူဆမိပါတယ်။ အခြားစက်မှုနဲ့ နည်းပညာကဏ္ဍတွေမှာလည်း ကူညီသွားမှာပါ။ စီးပွားရေးကဏ္ဍအနေနဲ့ ကုန်သွယ်မှုကဏ္ဍမြင့်တင်ဖို့အတွက် နည်းလမ်းတွေဖော်ထုတ်နေပြီး တိုးမြှင့်သွားဖို့ရှိပါတယ်။ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုတာလည်း မြန်မာနိုင်ငံရဲ့ ဥပဒေဖော်ဆောင်မှုတွေအပေါ်မှာ အခြေခံပြီး နိုင်ငံတကာဝင်ရောက်မှုတွေနဲ့အတူ ကိုရီးယားသမ္မတနိုင်ငံကလည်း ပူးပေါင်းပါဝင်လာမှာပါ။ ဒါပေမယ့်လည်း အခြေခံအားဖြင့် မြန်မာနိုင်ငံက စိုက်ပျိုးမွေးမြူရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အရင်ဆုံးအရှိန်မြှင့်နေတယ်လို့ ယူဆတဲ့အတွက် အဲဒီကဏ္ဍမှာပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

**မေး ။ ။နည်းပညာကဏ္ဍမှာ ကိုရီးယားသမ္မတနိုင်ငံက ထိပ်တန်းအဆင့်ရှိနေတာကြောင့် မြန်မာနိုင်ငံအတွက် ပူးပေါင်းမျှဝေပေးသွားဖို့ရှိပါသလား။ မြန်မာနိုင်ငံမှာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံလိုတဲ့ ကိုရီးယားလုပ်ငန်းရှင်တွေကိုရော အကြံပြုဖိတ်ခေါ်ပေးဖို့ရှိပါသလား။**

ဖြေ ။ ။အဓိကထားဆောင်ရွက်ရမယ့်ပူးပေါင်းဆောင်ရွက်မှုမှာ နည်းပညာကဏ္ဍလည်း ပါဝင်ပါတယ်။ အိုင်စီတီဖွံ့ဖြိုးတိုးတက်မှုနဲ့ ပညာရေးဆိုင်ရာ သင်ကြားမျှဝေမှုတွေကို မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံတွေအားလုံးနဲ့ လုပ်ဆောင်နေပါတယ်။ အဓိကအားဖြင့် ပညာသင်ကြားရေးအစီအမံတွေကို ပြုလုပ်ပြီး ကိုရီးယားနိုင်ငံမှာရော၊ အာဆီယံနိုင်ငံတွေမှာပါ သွားရောက်သင်ကြားပေးဖို့ အစီအစဉ်များစွာရှိပါတယ်။ ဒါ့အပြင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုတာ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရဲ့ သော့ချက်တစ်ခုဖြစ်ပြီး နိုင်ငံသားတွေအတွက် အလုပ်အကိုင်၊ အခွင့်အလမ်းတွေ ဖော်ဆောင်ပေးတဲ့အတွက် အလုပ်အကိုင်ကောင်းရလာတာနဲ့အတူ လူနေမှုအဆင့်အတန်းမြင့်လာပြီး မညီမျှမှုနဲ့ အတွေးအခေါ်မတူညီမှုတွေကို ပြောင်းလဲနိုင်လာမယ်လို့ ယုံကြည်ပါတယ်။ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အားကောင်းစေရေးကတော့ နိုင်ငံရဲ့ ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်း၊ မူဘောင်တွေအပေါ် မူတည်ပြီး နိုင်ငံတည်ငြိမ်အေးချမ်းမှုလည်း လိုအပ်ပါတယ်။ ကိုရီးယားက လုပ်ငန်းရှင်တွေအနေနဲ့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့အတွက် စိတ်ကူးအကြံဉာဏ်တွေရှိပါတယ်။ အစိုးရအနေနဲ့ အကူအညီပေးသွားမှာပါ။ မြန်မာနိုင်ငံသမ္မတ ဦးသိန်းစိန်ကလည်း လုပ်ငန်းရှင်တွေကို ဖိတ်ခေါ်သွားတာကြောင့် မကြာမီ ကိုရီးယားက လုပ်ငန်းတွေ မြန်မာနိုင်ငံကို ပိုမိုဝင်ရောက်လာကြတော့မှာ ဖြစ်ပါတယ်။

**မေး ။ ။မြန်မာနိုင်ငံက အာရှဒေသတွင်းနိုင်ငံတွေအကြားမှာ ဒီမိုကရေစီဖော်ဆောင်မှု သက်တမ်းအတိုတောင်းဆုံး တိုင်းပြည်တစ်ခုဖြစ်ပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ကျားကန်နေသလို တစ်ဖက်မှာလည်း ပြည်တွင်းငြိမ်းချမ်းရေးကို လုပ်ဆောင်နေရပါတယ်။ အဲဒီအခြေအနေမှာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဆောင်ရွက်နေမှုအပေါ် သုံးသပ်အကြံပြုစေလိုပါတယ်။**

ဖြေ ။ ။ပြည်တွင်းငြိမ်းချမ်းရေးက နိုင်ငံတစ်ခုမှာ အရေးကြီးဆုံးဖြစ်ပါတယ်။ မငြိမ်းချမ်းတဲ့ နိုင်ငံက စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုဘဝနယ်ပယ်အသီးသီးမှာ တိုးတက်ဖို့ဆိုတာ အလွန်ဝေးကွာပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကိုရီးယားနိုင်ငံရဲ့အရေးကို သုံးသပ်ပြီး ပိုမိုကောင်းမွန်တဲ့ အကြံဉာဏ်တွေကို ရလာနိုင်မှာပါ။ ကိုရီးယားနှစ်နိုင်ငံ ညီညွတ်ပေါင်းစည်းရေးကို ကိုရီးယားလူမျိုးတွေ မျှော်လင့်ခဲ့ကြပါတယ်။ အများကြီးကြိုးစားခဲ့ကြတယ်။ ကျွန်မတို့နိုင်ငံရဲ့ ၁၉၅၀ ဝန်းကျင်ခုနှစ်တွေမှာ စစ်ပွဲတွေဒဏ်ကို ပြည်သူတွေခံစားခဲ့ကြရတာ အားလုံးအသိဖြစ်မှာပါ။ လူမျိုးတစ်မျိုးချင်း၊ဘာသာအယူဝါဒစွဲကိုင်မှုချင်းမတူညီမှုတွေကတော့ အမြဲရှိနေမှာပါ။ ညှိနှိုင်းမှုတွေနဲ့ နှစ်ဦးနှစ်ဖက်အပြန်အလှန်သာ လေးစားလိုက်နာကြမယ်ဆိုရင် အနိဋ္ဌာရုံတွေက ကင်းဝေးနိုင်သလို ညီညွတ်ခြင်းကသာ ပြန်လည်ပေါင်းစည်းရေးကို လုပ်ဆောင်နိုင်မှာပါ။ ကိုရီးယားနိုင်ငံသားတွေအနေနဲ့ နှစ်ပေါင်း ၆၀ ကို ပြန်မသွားလိုကြပါဘူး။ တစ်နိုင်ငံလုံးရဲ့ စည်းလုံးညီညွတ်စွာ ကြိုးစားစွမ်းဆောင်မှုတွေနဲ့ နိုင်ငံတကာအကူအညီတွေကို စနစ်တကျစီမံခန့်ခွဲပြီး မြှင့်တင်နိုင်ခဲ့တာဟာ အတိတ်ကအရာတွေကို သားစဉ်မြေးဆက် ထပ်မံမကြုံဆုံစေချင်လို့ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကိုရီးယားသမ္မတနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုလမ်းစဉ်တွေကနေ အကြံဉာဏ်ကောင်းတွေ ရလာနိုင်သလို အတိတ်ဆိုးတွေဆီကလည်း သင်ခန်းစာတွေရရှိပြီး ပြုပြင်ပြောင်းလဲရေးမှာ ဝါဒမတူ၊ လူမျိုးမတူ၊ ရပ်တည်ချက်မတူပေမယ့် အတူတကွ ပေါင်းစည်းညီညွတ်ခြင်းကနေ ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်ရှိပြီး အနာဂတ်ရည်မှန်းချက်တူညီစွာထားရှိမယ်ဆိုရင် အချိန်အတိုင်းအတာတစ်ခုအတွင်းမှာ ယခုထက် အနာဂတ်လှပမယ်ဆိုတာ အသေအချာပါပဲ။

## အထက်ပိုင်းဒေသများ အအေးပိုလာမည်

**နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့ သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းတိုက်ခတ်စဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် အအေးပိုလာမည်။

**မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန**

## ကျောက်ဖြူမြို့နယ်တွင် တည်ဆောက်လျက်ရှိသော သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၌ တပ်ဆင်ရန်အတွက် အင်ဂျင်စက်များရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရွှေကမ်းလွန် သဘာဝဓာတ်ငွေ့ကို အသုံးပြု၍ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်နှင့် ပိုလျှံသောဓာတ်အားကို ဓာတ်အားစနစ် ကွန်ရက်အတွင်းသို့ ထည့်သွင်းဖြန့်ဖြူးပေးနိုင်ရန်အတွက် ကျောက်ဖြူမြို့နယ်တွင် စုစုပေါင်း ၄၅ မဂ္ဂါဝပ်အင်အားရှိ သဘာဝဓာတ်ငွေ့သုံး အင်ဂျင်ဓာတ်အားပေးစက်ရုံကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။

စက်တစ်လုံးလျှင် ၁ ဒသမ ၅၆ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်ပေးနိုင်မည့် ဓာတ်ငွေ့သုံးအင်ဂျင်စက် ၃၂ လုံးအနက် ပထမအသုတ်အဖြစ် စက် ၂၅ လုံးနှင့် ဆက်စပ်ပစ္စည်းများသည် ဒီဇင်ဘာ ၁၃ ရက်က ရန်ကုန်မြို့ Asia World ဆိပ်ကမ်းသို့ရောက်ရှိလာပြီး ဒီဇင်ဘာ ၁၉ ရက်တွင် ရခိုင်ပြည်နယ်ကျောက်ဖြူမြို့သို့ ဆက်လက်ပို့ဆောင်မည်ဖြစ်သည်။

ကျန်ရှိသော ဓာတ်အားပေးစက်များနှင့် ဆက်စပ်ပစ္စည်းများမှာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်း ရောက်ရှိလာမည်ဖြစ်သည်။

စက်ရုံတည်ဆောက်ခြင်းနှင့် စက်တပ်ဆင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်အထိ ဓာတ်အားအပြည့်အဝ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၈ မှ*

ပြပွဲ၊ ဓာတ်ပုံပြပွဲများ ပြုလုပ်သွားမည်ဖြစ်သည်။

ညပိုင်းတွင် စာပေ၊ ယဉ်ကျေးမှု၊ ငြိမ်းချမ်းရေးနှင့် ဆက်စပ်သော ဂီတဖျော်ဖြေပွဲများ ပါဝင်မည်ဖြစ်သည်။ ည ၇ နာရီမှ ၁၁ နာရီအထိ အငြိမ့်ပွဲများ ထည့်သွင်းပြသသွားမည်ဖြစ်သည်။

အထူးအစီအစဉ်အဖြစ် ဆရာဇော်ဂျီ မြန်မာမှုပြုကာ ပြန်လည်ရေးသားခဲ့သော မဟာဆန်ချင်သူပြဇာတ်အား စာရေးဆရာချစ်ဦးညိုက ဇာတ်ညွှန်းရေးသား၍ မြန်မာစာရေး ဆရာ၊ ကဗျာဆရာနှင့် ကာတွန်းဆရာများ ပါဝင်သရုပ်ဆောင်ပြီး ညစဉ် ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း ပွဲတော်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဖေမြင့်က ပြောကြားသည်။

**ရဲခေါင်ညွှန့်၊**
**မြတ်သန္တာမောင်**




**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**Electrical & Electronics Engineering Testing Equipment အတွက်**

### Open Tender ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် အသုံးပြုရန်အတွက် Electrical & Electronics Engineering Testing Equipment အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

၂။ Open Tender ပုံစံများကို ၁၇-၁၂-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် ၂၁တွင် တစ်စုံလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၂၄-၁၂-၂၀၁၄ရက် နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်။

၃။ Open Tender ပုံစံ၊စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊၀၆၇-၄၀၄၅၀၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

# နှစ်(၆၀)ပြည့် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ရခိုင်ရိုးရာကျင်ပွဲကျင်းပ

စစ်တွေ ဒီဇင်ဘာ ၁၆

**ဒီဇင်ဘာ ၁၅ ရက်တွင်ကျရောက်သော နှစ်(၆၀)ပြည့် ပတ္တမြားရတု ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ရခိုင်ရိုးရာ ကျင်ပွဲကြီးကို စစ်တွေမြို့ ကျက်သရေဆောင် ဝက်ပါကွင်းကြီးရှိ ကျင်ကွင်းတွင် ဒီဇင်ဘာ ၁၆ ရက် နံနက် ၈ နာရီခွဲက စတင်ကျင်းပရာ ပြည်သူများကွင်းလုံးပြည့်မျှ လာရောက် အားပေးကြပြီး ခြိမ့်ခြိမ့်သဲသဲ စည်ကားကာ ဝက်ပါကွင်းကြီးဝန်းကျင်၌ ကျင်စည်သံများဖြင့် မြည်ဟိန်းလျက်ရှိသည်။**

အဆိုပါ ကျင်ပွဲဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ကမ္ဘာလှည့်ခရီးသည်များနှင့် မြို့သူမြို့သားများ တက်ရောက်ကြသည်။

**ရခိုင်ရိုးရာကျင်ပွဲ၊ ဆင်ယင်နွှဲ**

ယခုနှစ်ကျင်းပသော ကျင်ပွဲကြီးသည် ဆုတန်ဖိုးမြင့်မားသဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်အစိုးရက ကျေးလက်တောရွာများပါမကျန် ကျင်သန်ကြီးများကို ဖိတ်ခေါ်ထား၍ လည်းကောင်း၊ အမျိုးဂုဏ်ဇာတိဂုဏ်ကိုဖော်ပြလို၍လည်းကောင်း၊ ပွဲဆင်ယင်ကျင်းပမှု စနစ်ကျ၍လည်းကောင်း၊ ရခိုင်ပြည်နယ်မြို့နယ်အသီးသီးမှ ကျင်သန်ကြီး၊ ကျင်သန်ငယ်များ စုံညီစွာလာရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။

ဆုကြေးအဖြစ် ရွှေမောင်းတန်းတွင် ပထမဆုရွှေစင်ရွှေသားငါးကျပ်သား၊ ဒုတိယဆု ရွှေစင်ရွှေသားလေးကျပ်သား၊ တတိယဆု ရွှေစင်ရွှေသား သုံးကျပ်သားတို့ကို လည်းကောင်း၊ ငွေမောင်းတန်းတွင် ပထမဆု ရွှေစင်ရွှေသားသုံးကျပ်သား၊ ဒုတိယဆု ရွှေစင်ရွှေသားနှစ်ကျပ်သား၊ တတိယဆု ရွှေစင်ရွှေသား တစ်ကျပ်သားနှင့် စတုတ္ထဆု ရွှေစင်ရွှေသား ငါးမူးသား(ကျပ်ခွဲ)တို့ကိုလည်းကောင်း၊ လူသစ်တန်းတွင် အနိုင်အရှုံးကို ငွေသားကျပ်ဖြင့်လည်းကောင်း ချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ရွှေမောင်းတန်းတွင် ကျင်သန်ကြီး ၄၃ ဦး၊ ငွေမောင်းတန်းတွင် ကျင်သန် ၂၈၈ ဦးနှင့် လူသစ်တန်းတွင် ကျင်သန် ၈၆ ဦး စုစုပေါင်း ၄၁၇ ဦး ပါဝင်ဆင်နွှဲလျက်ရှိပြီး ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၆ ရက်တွင် စတင်ကာ ဒီဇင်ဘာ ၁၈ ရက်တွင် နောက်ဆုံးမောင်းလုပွဲ(ဗိုလ်လုပွဲ) ကျင်းပပြီး ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ရှေးခေတ်က ကျင်ပွဲများတွင် ပထမဆု(နိုင်မောင်း)၊ ဒုတိယဆု (ကျမောင်း)ဟူ၍ သတ်မှတ်ကာ ကျင်းပလာခဲ့ကြသော်လည်း ယနေ့ခေတ်တွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုဟူ၍ ကျင်းပလာခဲ့ရာ ခေတ်သစ်ရခိုင်ကျင်ပွဲအဖြစ် ပီပြင်သက်ဝင်လှုပ်ရှားလာလေသည်။

**အဖမ်းသား၊ အခံသား၊ အပြန်ပစ်နှင့် ဆာဝါ**

ရခိုင်ရိုးရာကျင်ပွဲတွင် အဖမ်းသား(အသာစီးရသူ)၊ အခံသား (အသာစီးမရသူ)ဟူ၍ ရှိရာ အဖမ်းသားက အခံသားကို လက်နှင့် ခြေတို့ကိုသုံး၍ ဆွဲဖမ်း၊ ငင်ဖမ်း၊ ထိုးကန်၊ ပေါက်ချိတ်၊ ကော်ပင့်၊ လိမ်ကျစ်ပြီး ကျင်ပညာဖြင့် လှဲချရသည်။ထိုအခါ အခံသားက စည်းကမ်းနည်းလမ်းတကျ ရှောင်ထွက်၊ ချွတ်ထွက်၊ ခါပြစ်ပြီး လွတ်အောင်ရုန်းထွက်ရသည်။ အဖမ်းသားက ခြေမတင်ဘဲ အခံသားအနေဖြင့် အဖမ်းသားအား ကျင်ပညာဖြင့် လှဲချပါက အဖမ်းသားလဲသွားလျှင် အပြန်ပစ်သည်ဟု သတ်မှတ်ပြီး အခံသားကို အရှုံးပေးရသည်။ အကယ်၍ အဖမ်းသားက ခြေတင်ပြီးနောက် ကျင်ပညာဖြင့် လှဲချပါက အဖမ်းသားလှဲသွားလျှင် အခံသားက အနိုင်ရသည်ဟုသတ်မှတ်သည်။ ထို့ပြင် ပြိုင်ပွဲတွင် ကျင်သန်နှစ်ဦးက မသမာသောနည်းဖြင့် ညှိနှိုင်းကာ အနိုင်အရှုံးအတွက် ဟန်ပြကျင်ကိုင်ပါက ဆာဝါဟုခေါ်သည်။

**မြန်မာမြေပေါ်မှသည် နိုင်ငံတကာဆီသို့**

ယနေ့သည် ပွင့်လင်းမြင်သာသောစနစ်ဖြင့် ချီတက်နေရာ တိုင်းရင်းသားတိုင်းသည် မိမိတို့ရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်ရန်၊ ထိန်းသိမ်းရန်၊ မြှင့်တင်ရန် လိုအပ်သည်။ ရခိုင်တိုင်းရင်းသားတို့သည်လည်း မိမိတို့ရိုးရာအားကစားဖြစ်သော ကျင်ပညာ၊ ကျင်ကိုင်နည်းများကို စနစ်တကျစည်းကမ်းများပြုပြင်ကာ မြန်မာနိုင်ငံတစ်ဝန်းလုံးက စိတ်ပါဝင်စားလာအောင်၊ ပြိုင်ပွဲများကျင်းပနိုင်လာအောင် ကြိုးစားကြရန် လိုအပ်သည်။ မြန်မာ့မြေပေါ်မှ နိုင်ငံတကာအထိ ထိုးဖောက်ဝင်ရောက်နိုင်အောင် အားလုံးဝိုင်းဝန်းပေးကြရန် အချိန်တန်ပြီ ဖြစ်သည်။

သို့ဖြစ်ပါ၍ စစ်တွေမြို့ ဝက်ပါကွင်းတွင် ကျင်းပပြုလုပ်လျက်ရှိသော နှစ် (၆၀)ပြည့် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ရခိုင်ရိုးရာကျင်ပွဲကြီးကို မြန်မာပြည်တစ်နံတစ်လျားမှ ပြည်ထောင်စုဖွားတိုင်းရင်းသားများ သိရှိစေရန် ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုလျက် တင်ပြအပ်ပါကြောင်း။

**သတင်းဆောင်းပါး-ကိုကြီးစော**
**ဓာတ်ပုံ-ညေစော**






# အာဆီယံ-တရုတ် ယဉ်ကျေးမှုဖလှယ်ပွဲ ပိတ်ပွဲအထိမ်းအမှတ် ပန်းချီပြခန်းဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

အာဆီယံ-တရုတ် ယဉ်ကျေးမှုဖလှယ်ရေးနှစ်၂၀၁၄ ပိတ်ပွဲ အထိမ်းအမှတ်အဖြစ် ပန်းချီပြခန်း ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပခဲ့ပြီး ပန်းချီပြခန်းကို ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E Mr.Ding Wei နှင့် ASEAN Deputy Secretary General H.E.Mr. A.K.P Mochtan တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ခဲ့ကြသည်။

ထို့နောက် ပန်းချီပြခန်းအတွင်း ပြသထားသော အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့မှ အထိမ်းအမှတ် ပန်းချီကားများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ အခမ်းအနားပြီးနောက် နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား မင်္ဂလာသီရိဟိုတယ်၌ နေ့လယ်စာ တည်ခင်းဧည့်ခံခဲ့သည်။ ထို့နောက် စစ်သမိုင်းပြတိုက်သို့ လေ့လာရေးခရီး သွားရောက်ခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



# ကျေးလက်မီးလင်းရေး အောင်ပွဲဖွင့်

**မြစ်ငယ် ဒီဇင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် စာတော် ကျေးရွာအုပ်စု တောင်ပိုင်း ကပ်ပါးရပ်၌ ကိုယ့်အားကိုယ်ကိုး ၃၁၅ ကေဗွီအေထပ်တိုး ထရန်စဖော်မာဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီ က ကျင်းပသည်။

အဆိုပါ စာတော်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ထပ်တိုးဓာတ်အားခွဲရုံကို အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးနေမြတ်သူ၊ စာတော်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသိန်းရွှေ၊ စာတော်ကျေးရွာ မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အမှာစကားပြောကြားပြီး ဓာတ်အားခွဲရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယခင်က မီးရရှိရေးအတွက် ဘက်ထရီအိုး အသုံးပြုမီးချောင်းများ၊ တစ်ပိုင်တစ်နိုင်ဆိုလာပြားများဖြင့်သာ အသုံးပြုကြရပြီး ယခုအခါတွင် ကျေးရွာပြည်သူများထည့်ဝင်ငွေကျပ်သိန်းပေါင်း ၃၈၀ ဖြင့် လျှပ်စစ်မီး တစ်ရွာလုံးရရှိပြီဖြစ်၍ ဒေသခံပြည်သူများ ဝမ်းသာပျော်ရွှင်လျက်ရှိသည်။ **မောင်မောင်စိုး(မြစ်ငယ်)**


## အိတ်ဖွင့်လေလံ လျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်သတင်းစာတိုက်ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှရရှိသော စွန့်ပစ်ပစ္စည်းများအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၁၉-၁၂-၂၀၁၄ရက် နံနက် ၁၀နာရီမှ မွန်းလွဲ ၂နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၉-၁၂-၂၀၁၄ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၃ နာရီအတွင်း နေပြည်တော်သတင်းစာတိုက်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန် ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အဆိုပါစွန့်ပစ်ပစ္စည်းအမျိုးအမည် အရေအတွက်နှင့် ပစ္စည်းမျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက နေပြည်တော်သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၆၇-၃၆၁၃၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း**
**နေပြည်တော်သတင်းစာတိုက်**
**ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**

## ဆောက်လုပ်ရေးသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မော်လမြိုင်ခရိုင်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်ရန်လိုအပ်လျက်ရှိသော ဆောက်လုပ်ရေးပစ္စည်းများကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်း နိုင်ပါသည်။

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာ ရယူနိုင်သည့်ရက်** | - ၁၇-၁၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) |
| (ခ) | **တင်ဒါလျှောက်လွှာ ရယူနိုင်သည့်နေရာ** | - မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်မြို့ |
| (ဂ) | **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်** | - ၂၂-၁၂-၂၀၁၄ရက် (တနင်္လာနေ့) |
| (ဃ) | **တင်ဒါဖွင့်မည့်နေ့ရက်** | - ၂၃-၁၂-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီ |
| (င) | **တင်ဒါဖွင့်မည့်နေရာ** | - အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်မြို့၊ တင်ဒါစိစစ်ရေးကော်မတီ ဖုန်း-၀၅၇-၂၄၅၈၅ |

## အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ

**(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၄ခုနှစ် တရားမအထွေထွေမှုအမှတ် ၂၃၆**
**ကွယ်လွန်သူ ဦးနိုင်လင်းကိုကို၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။**

ဦးဝင်းနိုင် လျှောက်ထားသူများ
အမှတ် ၉၊ သဇင်လမ်း၊
တောင်သူစုရပ်ကွက်၊
ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ တောင်သူစုရပ်ကွက်၊ သဇင်လမ်း၊ အမှတ် ၉နေ ဦးဝင်းနိုင်က ကွယ်လွန်သူ ဦးနိုင်လင်းကိုကို၏ဖခင်အရင်းဖြစ်သည်ဟူ၍ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ တရုတ်ကျောင်းလမ်း၊ အမှတ် ၄၂၊ ပထမထပ်နေ ၎င်းကွယ်လွန်သူ ဦးနိုင်လင်းကိုကိုမှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးနိုင်လင်းကိုကိုက ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂၄ရက်(၁၃၇၆ခုနှစ် ပြာသိုလဆန်း ၄ ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူဦးဝင်းနိုင်၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်နှင်းဦး)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**တရားသူကြီး**

## ပြင်ဆင်ဖတ်ရှုပါရန်

၁-၁၂-၂၀၁၄ရက်ထုတ် မြန်မာ့အလင်း သတင်းစာ၏ စာမျက်နှာ (၁၈) ပါ အိတ်ဖွင့်တင်ဒါ လေလံတင်ရောင်းချရန်ကြော်ငြာတွင် တင်ဒါဖွင့်ရက်/အချိန် ၂၂-၁၂-၂၀၁၄ရက် (တနင်္လာနေ့) ၁၃း၀၀ နာရီအစား မြန်မာ့မီးရထားလုပ်ငန်းအခြေအနေအရ တင်ဒါဖွင့်ရက်/အချိန် ၂၆-၁၂-၂၀၁၄ ရက် (သောကြာနေ့) ၁၃း၀၀ နာရီဟု ပြင်ဆင်ပြောင်းလဲမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ဒုတိယထပ် One Set (၂-လွှာ) ရောင်းမည်။

[illegible]

ကျောက်မြောင်း၊ မလွှကုန်းလမ်း ၊ အထူးအဆင့်မြင့်ပြင်ဆင်ပြီး၊ (၁၄'x၅၀') ၊ (ဒုတိယထပ် (၂)လွှာ) One Set ∠ခန်း၊ အိမ်ရှေ့ဗာဂျာဆွဲတံခါးမကြီး၊ ဆန်းရှိတ်၊ ပန်းကနုတ်၊ သံပန်းအလှနှင့် ကြွေပြားများ တစ်အိမ်လုံးပြည့်ခင်း/ကပ်ပြီး၊ PVC ပြတင်းပေါက်များနှင့် PVC အိပ်ခန်းများ၊ အပေါ်ထပ်တွင် အဆင့်မြင့် MBR-1 ၊ အောက်ထပ်တွင် BR-2 ၊PVC အဆင့်မြင့်ဘုတ်ပြား ၊ ကောနစ်အလှများ မျက်နှာကျက်အပေါ်/အောက်တပ်ဆင်၍၊ မီးဆိုင်းအလှများ အပေါ်/အောက်ပြင်ဆင်ပြီး၊ ပါကေးအပေါ်/အောက်အပြည့်ခင်းပြီး၊ A/C (2) လုံး ၊ မီးဖိုခုံ ၊ ဘေစင် ၊ ရေပူ/ရေအေး ၊ ဘိုထိုင် ၊ အပေါ်/အောက် (2) လုံး တပ်ဆင်ထားသည်။ ရေမီးကိုယ်ပိုင်(အသင့်နေနိုင်)။

"နှစ်ထပ်အိမ်နှင့်နေရသကဲ့သို့ အထူးအဆင့်မြင့်သည်"

ကျပ်သိန်း→(710)(ပွဲစားမလို) Ph:09-5053076

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးအောင်ဝင်းလှိုင် အမည်ဖြင့် တင်သွင်းထားသော MAZDA BONGO LIGHT TRUCK, CHASSIS NO SKF 2L-101099 ၏ ကားနှင့်သက်ဆိုင်သော ကား Custom Statement နှင့် ကားဓာတ်ပုံများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

(ကျေးဇူးဆပ်ပါမည်။)

**ဦးအောင်ဝင်းလှိုင် ဖုန်း-၀၉-၅၀၄၅၂၃၇**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဗျက်ကြွမ်း ၄/ထတလ(နိုင်)၀၀၂၃၃၇၏ Passport MA 918213 နှင့် ကျွန်မ ဒေါ်မဲန်ထိုင် ၄/ထတလ(နိုင်)၀၀၂၃၃၈၏ Passport MA 918214 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၂၀၀၀၁၆၁**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# စီးပွားရေးဇုန်ဖွင့်ခဲ့၍ နယ်စပ်ကုန်သွယ်မှုတိုးတက်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ပွင့်ဆန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီခွဲက မူဆယ်မြို့ ငွေစင်ယော်အိမ်ရာထိပ် CBD လမ်းရှိ ဗဟိုစီးပွားရေးဇုန်စီမံကိန်း ရှင်းလင်းခန်းမဆောင်၌ စီမံကိန်းမန်နေဂျာ ဦးငွေစိုးက တည်ဆောက်မည့်အိမ်ရာများ၊ Shopping Mall များ၊ လမ်းလျှောက်ဈေးနှင့် လူနေဆိုင်ခန်းများ၊ ကျောက်မျက်ရတနာဈေးကွက် တည်ဆောက်ခြင်းများကို ပါဝါပွိုင့်များဖြင့်ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက စီးပွားရေးဇုန် တည်ဆောက်ပေးမှုကြောင့် ဒေသတွင်းရှိပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း၊ စီးပွားရေးဇုန်ဖွင့်လှစ်နိုင်ခဲ့သဖြင့် နှစ်နိုင်ငံနယ်စပ် ကုန်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ တည်ဆောက်ဆဲလုပ်ငန်းများ သတ်မှတ်ချိန်ထက်ဆောလျင်စွာပြီးစီးရေးဆောင်ရွက်ရန် မှာကြားရာ တာဝန်ရှိသူများက စီးပွားရေးဇုန်ခြောက်ဇုန်ပုံစံငယ်အား ပြသပြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ သိန်းသန်းချီကုမ္ပဏီ၏ တည်ဆောက်ပြီးစီးသွားသည့် အဝေးပြေးယာဉ်ရပ်နားစခန်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)မှ အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၆**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်-မန္တလေး-မော်လမြိုင်) သင်တန်းကျောင်းများ၏ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သည့် အောင်ပွဲရ အားကစားသမားများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲနှင့် အထူးနေ့လယ်စာ စားပွဲ အခမ်းအနားကို အားကစားနှင့် ကာယပညာ သိပ္ပံ(မန္တလေး) စားရိပ်သာခန်းမအသစ်၌ ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ကျောင်းအုပ်ကြီး ဦးမျိုးမြင့်အောင်က ဂုဏ်ပြုအမှာစကား ပြောကြား၍ အား/ကာသိပ္ပံ (မန္တလေး)အတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် အားကစားနှင့် ကာယပညာသိပ္ပံမှ ထူးချွန်သင်တန်းသား သင်တန်းသူ၊ အား/ကာသိပ္ပံ (ရန်ကုန်- မန္တလေး-မော်လမြိုင်) သင်တန်းကျောင်းများ၏ အားကစားပြိုင်ပွဲများ၌ အားကစားနည်းအလိုက် ရွှေတံဆိပ်ဆုရ အားကစားသမားများနှင့်အားကစားနည်းပြများအား တာဝန်ရှိသူများက ဆုတံဆိပ်နှင့်ဆုငွေများ၊ ထူးချွန်ဆုများ ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ကြသည်။ **(ဝဲအောက်ပုံ)**

ထို့နောက်ကျောင်းအုပ်ကြီးက အောင်ပွဲရ အားကစားသမားများ၊ ဧည့်သည်တော်များနှင့် ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၆-၁၂-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၇၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၆၂၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၈၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၈၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၃၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၀၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၃၆-၁၀၄၂ |
| ဥရောပ | တစ်ယူရို | ၁၂၆၅-၁၂၈၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၂-၇၈၆ |
| ထိုင်း | တစ်ဘတ် | ၃၀-၃၀.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၅၇၆ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၂ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် | တစ်အိတ် | ၁၆၈၀၀-၁၇၂၀၀ |
| မိုးဆန်သစ် (မနောသုခ) | တစ်အိတ် | ၁၅၃၀၀-၁၅၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၄၀၀၀-၂၇၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၁၂ |
| ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၇၅-၆၀၀ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၃၅၀-၁၈၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၅၀၀-၁၅၄၀ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၅၉၀-၆၈၀ |
| ရေတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၈၀၀ |
| ရေတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၄၂၀၀-၅၀၀၀ |
| သကြား | တစ်ပိဿာ | ၈၉၀-၉၃၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့် အမျှအပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံတင်ပြသည်။**

## မိုးရာသီစိုက်ပျိုးစရိတ်ငွေများ ပြန်လည်ကောက်ခံရေး ညှိနှိုင်း

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၄ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ပြန်လည်ကောက်ခံရေး ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး တို့က အမှာစကားပြောကြားကြပြီး မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိက တောင်သူများ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ယူရရှိရေးအတွက် လိုအပ်သည့် မြေစာရင်းနှင့်ပတ်သက်သည့် အထောက်အထားများ လွယ်ကူလျင်မြန်စွာရရှိရေး၊ မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးမောင်မောင်ရင်က ကျေးရွာအုပ်စုအလိုက် စီမံချက်ပါသတ်မှတ်ရက်များအတွင်း အပြေအကျေပြန်လည်ပေးသွင်းနိုင်ရေး ဆွေးနွေးမှာကြားသည်။

ကျောက်ပန်းတောင်းမြို့နယ်သည် ၂၀၁၄ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စု ၉၄ အုပ်စုမှ တောင်သူ ၁၉၅၃၂ ဦးအတွက် စုစုပေါင်းငွေကျပ်သိန်းပေါင်း ၂၇၃၇၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နေအောင် (iprd)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ဘဏ္ဍာရေးဝန်ကြီးဌာန**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော MACCS System တွင်အသုံးပြုမည့် Hardware ပစ္စည်းများနှင့် Installation များ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၅-၁၂-၂၀၁၄ ရက်မှ ၂၃-၁၂-၂၀၁၄ ရက်အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာများနောက်ဆုံးလက်ခံမည့် ရက်/အချိန်** - ၂၄-၁၂-၂၀၁၄ ရက် ၁၆း၃၀နာရီ

(ခ) **တင်ဒါဖွင့်ဖောက်မည့်ရက်/အချိန်** - ၂၈-၁၂-၂၀၁၄ ရက် ၁၀း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာအသေးစိတ်အချက်အလက်များကို ၁၅-၁၂-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ကမ်းနားလမ်း၊ အမှတ် (၁၃၂)ရှိ အကောက်ခွန်ဦးစီးဌာနသို့ လာရောက်စုံစမ်း၍ ရယူဆောင်ရွက်နိုင်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန**

**၂၂-၁၁-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ ၂၂ တွင် တရားလွှတ်တော်ရှေ့နေ ဒေါ်စုစုလှိုင်၊ အထက်တန်းရှေ့နေများဖြစ်သော ဒေါ်တင်လှဲ့လှဲ့ဝင်း၊ ဦးဇေယျာဌေးတင့်တို့၏ မှန်ကန်မှုမရှိကြောင်း ရှင်းလင်းကြေညာခြင်းနှင့်ပတ်သက်၍**

**ပြန်လည်ရှင်းလင်းကြေညာခြင်း**

ဦးထင်ဦးမောင်နှင့်ပတ်သက်၍ ဒေါ်အိဖြူဖြူခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာခဲ့သော အဆိုပါကြေညာပါအကြောင်းအချက်များသည် အဖြစ်မှန်များနှင့်ကိုက်ညီမှုမရှိဘဲ လွဲမှားနေကြောင်း ဦးထင်ဦးမောင်၏ ညွှန်ကြားချက်အရ သိရှိရပါသည်။

ထို့ကြောင့် ဦးထင်ဦးမောင်အနေဖြင့် အဆိုပါကြော်ငြာအတိုင်း လိုက်နာဆောင်ရွက်ရန် အကြောင်းမရှိကြောင်းနှင့် ဥပဒေအရ ဆောင်ရွက်လာပါကလည်း မလွှဲမရှောင်သာစွာဖြင့် ဥပဒေနှင့်အညီ ပြန်လည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီနီလှိုင် LL.B, D.B.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၁၂)**










**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် သန်လျင်မြို့နယ် ခရမ်းချောင်း-ပုဂံတောင်-ပုလဲကျေးရွာတံတားအထိ ရေသွယ်မြောင်းတူးဖော်ခြင်းလုပ်ငန်းတွင် မြေကြီးလုပ်ငန်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ရန်ကုန်တိုင်းဒေသကြီး၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွင် ၁၈-၁၂-၂၀၁၄ ရက်တွင် စတင်ရောင်းချပေးမည်ဖြစ်ပြီး ၃၀-၁၂-၂၀၁၄ ရက် ၁၆း၀၀ နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီး၊ ဆည်မြောင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ရန်ကုန်မြို့ ဖုန်း-၀၁-၅၆၆၄၀၂၊ ၀၁-၅၇၇၅၅၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး**
**(ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရှမ်းပြည်နယ်)**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း)မှ ၂၀၁၄-၂၀၁၅ခုနှစ် ပြည်နယ်အစိုးရ ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်သော-

(က) ၁၁ ကေဗွီလိုင်းများ၊ ၄၀၀ ဗို့လိုင်းများနှင့် ၁၁/၀.၄ ကေဗွီ ဓာတ်အားခွဲရုံငယ်များ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများ

(ခ) ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်းဟောင်းများအား(တိုင်/တန်း/ကြိုး/ကြွေသီးများ)လဲလှယ်ခြင်းလုပ်ငန်းများအား TURN KEY (ပုတ်ပြတ်)စနစ် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

**၂။ တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၇-၁၂-၂၀၁၄ရက်
**၃။ တင်ဒါပိတ်မည့်ရက်** - ၃၁-၁၂-၂၀၁၄ရက်
**၄။ တင်ဒါပိတ်မည့်အချိန်** - ညနေ ၄း၃၀နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဖုန်း-၀၉-၅၂၁၀၃၇၁၊ ၀၈-၁၂၀၁၉၀၆**
**ရှမ်းပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ဖုန်း-၀၈၁-၂၀၅၈၄၈၊၀၈၁-၂၁၂၁၂၈၆၊**
**၀၈၁-၂၀၅၈၄၄၊ ၀၈၁-၂၀၅၈၄၉**

**တင်ဒါခေါ်ယူရေးအဖွဲ့**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး**

**အမည်ပြောင်း** နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ ခရေအိမ်ရာ၊ တိုက်(၃၇)၊ အခန်း(၁၃)နေ ဦးကျော်လွင်၏သမီး စိုးစံကိုယ်ပိုင်အထက်တန်းကျောင်း၊ အတန်း(9F-9)မှ မချောသဉ္ဇာအား မယွန်းဝင့်ဝါအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ရထားစီးခရီးသွားပြည်သူများကျေနပ်စေမည့် ဝန်ဆောင်မှုပေးနိုင်အောင်ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး သည် ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် မန္တလေးဘူတာကြီးသို့ ရောက်ရှိရာ ခရီးသွားပြည်သူများ၏ အခြေအနေ၊ ခရီးသည်များအား လက်မှတ်ရောင်းချပေးနေမှု အခြေအနေ၊ မြန်မာ့မီးရထားဝန်ထမ်းများမှ ခရီးသွားပြည်သူများကို ဝန်ဆောင်မှုပေးနေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ခရီးသွားပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်ချက်များ၊ အကြံပြုချက်များကို မေးမြန်းခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ခေတ်နှင့်လျော်ညီစွာ ခရီးသွားပြည်သူများ ကျေနပ်စေမည့် ဝန်ဆောင်မှုများပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဘူတာ အဆောက်အအုံအတွင်းရှိ အထက်အောက်အလွှာတို့၌ တပ်ဆင်ထားသော စက်လှေကားများအား ခရီးသည်များ အမြဲတမ်းအတက်အဆင်း အသုံးပြုနိုင်အောင် ဆောင်ရွက်ထားရှိရန်၊ ဘူတာကြီးအား မြို့တော်အင်္ဂါရပ်နှင့်အညီ အမြဲတမ်း သန့်ရှင်းသပ်ရပ်အောင် ထိန်းသိမ်းဆောင်ရွက်ကြရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စဉ့်ကိုင်မြို့ မြစ်ငယ်မြစ်ပေါ်၌ တည်ဆောက်မည့် မြစ်ငယ်တံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး စီမံကိန်းတာဝန်ခံအရာရှိက ယင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ တံတားတည်ဆောက်ရေးစီမံကိန်းသည် ရန်ကုန်-မန္တလေး ရထားလမ်းပေါ်ရှိ မြစ်ငယ်မြစ်ပေါ် ဖြတ်ကာ အရှည် ပေ ၇၂၀ရှိသည့် ကွန်ကရစ်တိုင်၊ သံပေါင်ကိုယ်ထည်အမျိုးအစားဖြစ်ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြစ်ငယ်မြို့ တွဲတည်ဆောက်ရေးစက်ရုံသစ်အတွက် ဝန်ထမ်းတိုက်ခန်းများ တည်ဆောက်ရေးလုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ကွန်ကရစ်ဇလီဖားတုံး ထုတ်လုပ်သည့် စက်ရုံသို့ရောက်ရှိပြီး ထုတ်လုပ် ရရှိထားသော ဇလီဖားတုံးများကို အသုံးပြုမည့် လုပ်ငန်းခွင်သို့ အချိန်မီရောက်ရှိအောင် အလေးအနက်ထား ပို့ဆောင်ရန်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လူစီးတွဲနှင့်ကုန်တွဲစက်ရုံ (မြစ်ငယ်)သို့ရောက်ရှိပြီး စက်ရုံအတွင်းရှိ မြစ်ဆုံ-မန္တလေးခရီးစဉ် အစုန်အဆန်၌ အသုံးပြုမည့် ရထားတွဲဆိုင်းအသစ် ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ ခရီးသွားပြည်သူများအတွက် အကျိုးကျေးဇူးရရှိစေမည့် ဝန်ဆောင်မှုများကို တွဲဆိုင်းအသစ်များ၌ ထည့်သွင်းဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်ဘူတာ ဘူတာယာဒ်ဝင်းနှင့် စက်ခေါင်းပြင် စက်ရုံကို စစ်ဆေးပြီး ကမ္ဘာလှည့်ခရီးသည်များ အထူးစိတ်ဝင်စားသော ဂုတ်ထိပ်တံတားကို ခရီးသွားလုပ်ငန်းဆွဲဆောင်မြှင့်တင်မှုအဖြစ် ပိုမိုအဆင်ပြေမည့် ဂုတ်ထိပ်ခရီးစဉ်ကိုစီမံပေးရန်၊ ဘူတာသန့်ရှင်းသပ်ရပ်သာယာရေး ဆောင်ရွက်ရန်၊ ရထားစက်ခေါင်းတွဲများကို ပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် တွဲကျင်းများအား ပြုပြင်ဆောင်ရွက်ထားရှိရန်၊ မြန်မာ့မီးရထားပိုင်မြေလွတ်များအား ဝင်ငွေရရှိသော လုပ်ငန်းများဖြင့် ပြန်လည်အသုံးချနိုင်ရေး စီစဉ်ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

### ပြည်တွင်းသတင်းနှင့် ကြော်ငြာ

## ဆင်ခြေထောက်ရောဂါအကြောင်း ဟောပြော

**ကျွန်းလှ ဒီဇင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းပြီး ဒီဇင်ဘာ ၁၅ ရက်က ဆင်ခြေထောက်ရောဂါကင်းဝေးရေး ပညာပေးဟောပြောခြင်းနှင့် ဆေးတိုက်ကျွေးခြင်းကို ရှမ်းစုကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ကျင်းပသည်။ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ထားထားအေးက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဝန်ထမ်းများက နှစ်နှစ်မှငါးနှစ်အထိ ကလေးငယ်များနှင့်ခြောက်နှစ်မှ ၁၄နှစ်အထက် ဆေးတိုက်ကျွေးရမည့် ၅၇၅ ဦးတို့ကို ဆေးများဖြန့်ဝေ၍ ဆေးတိုက်ကျွေးရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## ဒီဇင်ဘာလလူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်

**ပြည် ဒီဇင်ဘာ ၁၆**

ဒီဇင်ဘာလလူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ ဒုတိယပတ်ကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၅ နာရီက ပြည်မြို့မြင်းစီးကျောက်ရုပ်၌ ကျင်းပသည်။

စုပေါင်းလမ်းလျှောက်ပွဲတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ပညာရေးကောလိပ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၁၂၀၀ ခန့်တို့သည် စုရပ်ဖြစ်သော ဗိုလ်ချုပ်လမ်းမှတစ်ဆင့် ကိုးသောင်းဈေး၊ ထိုမှတစ်ဆင့် ရွှေတစ်ချောင်းလမ်းသို့ပတ်ကာ စစ်ကဲလမ်းအတိုင်းဝင်ပြီး အထက(၁)လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

## စားသုံးရန်မသင့်သော အအေးခဲအသားများမီးရှို့ဖျက်ဆီး

**ရန်ကုန် ဒီဇင်ဘာ ၁၆**

Mobile Team (လရ-၁) အဖွဲ့သည် နောင်ချိုမြို့ Asia World တိုးဂိတ်အနီးအခြေပြုလျက် တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ၁၂ ရက်တာကာလအတွင်း ဖမ်းဆီးရမိမှု အမှုတွဲ ၄၄ မှုရှိခဲ့ပြီး ဖမ်းဆီးရမိခန့်မှန်းတန်ဖိုး ၅၉၄ သိန်းကျော်ရှိခဲ့သည်။ အဆိုပါပစ္စည်းများအနက် အများပြည်သူများစားသုံးရန် မသင့်သည့် ကျန်းမာရေးဝန်ကြီးဌာန FDA ထောက်ခံချက်မရှိသော စားသောက်ကုန်များ တန်ဖိုး ၂၁၂ သိန်းကျော်အပါအဝင် ဖမ်းဆီးရမိတန်ဖိုး၏ သုံးပုံတစ်ပုံကျော်ပါဝင်နေသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် အများပြည်သူကျန်းမာရေးအတွက် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တားဆီးဖျက်ဆီးခဲ့သော စားသောက်ကုန်များမှာ အအေးခဲကြက်ဆီဘူးများ၊ အအေးခဲအသားတုများ (ဒေသအခေါ်) ပင်လယ်စာ၊ အစပ်ချောင်း၊ ကြက်အူချောင်းများ၊ ကြာရှည်ခံစေရန်ပြုလုပ်ထားသည့် အသီး၊ အရွက်၊ ချဉ်ဖတ်အမျိုးမျိုးနှင့် ကြက်မြစ်ကြက်သဲများဖြစ်သည်။

မြန်မာလူမျိုးများအနေဖြင့် ကြက်အသဲအမြစ်ကို တန်ဖိုးထားစားသုံးသည့်အပြင် ကြက်ဆီဘူးကိုလည်း နှစ်သက်စွာ စားသုံးလေ့ရှိကြပါသည်။ နိုင်ငံတကာမှာ အသားသန့်သန့်ကိုသာစားသုံးကြပြီး ဝမ်းတွင်းသားဖြစ်သည့် အသဲအမြစ်၊ ကလီစာ၊ ဆီဘူးတို့ကို အညစ်အကြေးပစ္စည်းအဖြစ်သတ်မှတ်ပြီး စွန့်ပစ်ကြသည်ဟု သိရပါသည်။ အခြားနိုင်ငံများက စွန့်ပစ်ပစ္စည်းများကို မြန်မာတို့ တန်ဖိုးထားစားသုံးနေခြင်းသည် ကျန်းမာရေးနှင့် လျော်ညီမှုမရှိပါဟု တာဝန်ရှိသူတစ်ဦးထံက သုံးသပ်ပြောကြားပါသည်။

**ကျော်မြင့်အေး**




**ကျောင်းဖွင့်လှစ်ခြင်း နှစ်(၂၀)ပြည့် ဆရာအာသာ SUCCESS Language Academy လှည်းတန်းကျောင်းခွဲ**

ယနေ့မှစ၍ ဒီဇင်ဘာလကုန်ထိ အပ်နှံသူများအတွက်
ကျောင်းသားသစ် (15% Discount နှင့်)
ကျောင်းသားဟောင်း (15% + ပုံမှန် Discount)

(မြို့လယ်ကျောင်း) ဒီဇင်ဘာ ( ၂၀ မှ ၂၅ )ရက်အထိ ကျောင်းပိတ်ပါသဖြင့် ( ၂၆ )ရက်နေ့တွင် ကျောင်းအပ်ပြန်လည်လက်ခံပါမည်။

အမှတ်(၁၁၉)Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954

| BASIC ENGLISH SPEAKING | | |
|---|---|---|
| 1 - 2:30 | (Mon ~ Thurs) | 16 Dec |
| 1 - 4:00 | (Sat + Sun) | 28 Dec |
| 7:30 - 9 | (Mon ~ Thurs) | 29 Dec |
| 6 - 7:30 | (Mon ~ Thurs) | 5 Jan |

| BASIC FOUR SKILLS ENGLISH | | |
|---|---|---|
| 1 - 4:00 | (Sat + Sun) | 7,28 Dec |
| 10-11:30 | (Mon ~ Thurs) | 8,29 Dec |
| 7:30-10:30 | (Sat + Sun) | 14 Dec |
| 1 - 2:30 | (Mon ~ Thurs) | 15 Dec |
| 3:30 - 5 | (Mon ~ Thurs) | 15 Dec |

| BASIC GRAMMAR | | |
|---|---|---|
| 7:30-10:30 | (Sat + Sun) | 11 Jan |

| VOCAB ENRICHMENT | | |
|---|---|---|
| 1 - 2:30 | (Mon ~ Thurs) | 5 Jan |
| 1 - 4:00 | (Sat + Sun) | 10 Jan |

| PRE-INTERMEDIATE (4-SKILL ENGLISH) | | |
|---|---|---|
| 1 - 2:30 | (Mon ~ Thurs) | 9 Dec |
| 10-11:30 | (Mon ~ Thurs) | 12 Jan |
| 7:30 - 9 | (Mon ~ Thurs) | 19 Jan |

| INTERMEDIATE (ACADEMIC ENGLISH) | | |
|---|---|---|
| 10-11:30 | (Mon ~ Thurs) | 8 Dec |
| 1 - 2:30 | (Mon ~ Thurs) | 29 Dec |
| 7:30 - 9 | (Mon ~ Thurs) | 19 Jan |

ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453 တွင် ဖွင့်လှစ်မည့်သင်တန်းများ

| BASIC ENGLISH SPEAKING | | |
|---|---|---|
| 7:30-10:30 | (Sat + Sun) | 3,24 Jan |
| 3:30 - 5 | (Mon ~ Thurs) | 5 Jan |

| PRE-INTERMEDIATE (4-SKILL ENGLISH) | | |
|---|---|---|
| 7:30 - 9 | (Mon ~ Thurs) | 5 Jan |
| 12 - 3:00 | (Sat + Sun) | 11 Jan |

| INTERMEDIATE (ACADEMIC ENGLISH) | | |
|---|---|---|
| 7:30 - 9 | (Mon ~ Thurs) | 6 Jan |

| BASIC FOUR SKILLS ENGLISH | | |
|---|---|---|
| 3:30 - 5 | (Mon ~ Thurs) | 29 Dec |
| 7:30 - 9 | (Mon ~ Thurs) | 30 Dec |
| 10 - 11:30 | (Mon ~ Thurs) | 30 Dec |
| 7:30-10:30 | (Sat + Sun) | 3,10 Jan |
| 12 - 3:00 | (Sat + Sun) | 3 Jan |
| 10 - 11:30 | (Mon ~ Thurs) | 5 Jan |

| BASIC GRAMMAR | | |
|---|---|---|
| 12 - 3:00 | (Sat + Sun) | 3 Jan |

| BASIC WRITING | | |
|---|---|---|
| 1 - 4:00 | (Sat + Sun) | 3 Jan |

| INTERMEDIATE WRITING | | |
|---|---|---|
| 12 - 3:00 | (Sat + Sun) | 3 Jan |

| IELTS (Preparation) | | |
|---|---|---|
| 1 - 3:30 | (Mon ~ Thurs) | 19 Jan |
| 1 - 4:30 | (Sat + Sun) | 24 Jan |

| IELTS Exam Practice | | |
|---|---|---|
| 3:30 - 5 | (Mon ~ Thurs) | 12 Jan |

| IELTS (Speaking) | | |
|---|---|---|
| 1 - 2:30 | (Mon ~ Thurs) | 29 Dec |

| IELTS (Reading) | | |
|---|---|---|
| 10 - 12:00 | (Mon ~ Thurs) | 5 Jan |

| IELTS (Writing) | | |
|---|---|---|
| 7:30 - 9 | (Mon ~ Thurs) | 29 Dec |


### မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိတံတားများ၊ ကုန်လှောင်ရုံများနှင့်ချလန်ရုံးများကို ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂၁ ရက် (ကရင်နှစ်သစ်ကူးနေ့)နှင့် ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂၅ရက် (ခရစ္စမတ်နေ့)များတွင် ပိတ်ထားမည်ဖြစ်ပါ၍၊ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။


### ဝန်ထမ်းအလိုရှိသည်

**Lucky Auto Car Sale Centre**

ညစောင့် အသက် ၃၅နှစ် မှ ၅၅ နှစ်
အရောင်းဝန်ထမ်း မ သုံးဦး- အသက် ၁၈နှစ်အထက်
ရုံးအကူ မ နှစ်ဦး- အသက် ၂၀ မှ ၃၀
ဖုန်း-၀၁-၅၅၆၇၁၈




နိုင်ငံတကာအားကစားနှင့်ကြော်ငြာ

# အာဆင်နယ်တိုက်စစ်မှူးဟောင်း အွန်နရီနားပြီ

ကောင်းမြတ်သူ-စုစည်းသည်




အာဆင်နယ်နှင့် ပြင်သစ်တိုက်စစ်မှူးဟောင်း အွန်နရီသည် နှစ်ပေါင်း ၂၀ ကြာ ဘောလုံးသမားဘဝတွင် ကျင်လည်ခဲ့ပြီးနောက် ဘောလုံးကစားခြင်းမှ အနားယူရန် ကြေညာလိုက်ပြီဖြစ်သည်။ ၁၉၉၈ ခုနှစ်က ပြင်သစ်အသင်းနှင့်အတူ ကမ္ဘာ့ဖလားဆွတ်ခူးခဲ့သော တိုက်စစ်မှူး အွန်နရီသည် ယခုလတွင် နယူးယောက်ရက်ဘူးအသင်းမှ ထွက်ခွာသွားပြီဖြစ်သည်။ အသက် ၃၇နှစ်အရွယ်ရှိပြီဖြစ်သော အွန်နရီသည် ဘောလုံးသမားဘဝတစ်လျှောက် အာဆင်နယ်နှင့်အတူ ပရီမီယာလိဂ်ဖလားနှစ်လုံး၊ အက်ဖ်အေဖလားနှစ်လုံး ဆွတ်ခူးပေးနိုင်ခဲ့သည်။ ၎င်းသည် ၂၀၀၉ ခုနှစ်တွင် ဘာစီလိုနာအသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလား ဆွတ်ခူးခဲ့သည်။

၎င်းသည် အာဆင်နယ်အပြင် ဂျူဗင်တပ်စ်၊ ဘာစီလိုနာ၊ မိုနာကို ကလပ်တို့တွင်လည်း ကစားခဲ့ရာ ပရီမီယာလိဂ် ဂိုး ၁၇၅ ဂိုး သွင်းယူခဲ့သည်။ ပရီမီယာလိဂ်သမိုင်းတစ်လျှောက် စတုတ္ထမြောက် ဂိုးအများဆုံးသွင်းခဲ့သူ ဖြစ်သည်။ ၎င်းသည် ၁၉၉၄ ခုနှစ်တွင် မိုနာကိုအသင်းတွင် စတင်ကစားခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် ပြင်သစ်ပထမတန်းဖလားကို ဆွတ်ခူးပေးနိုင်ခဲ့သည်။

## မန်စီးတီးနှင့်ဘာစီလိုနာ ချန်ပီယံလိဂ် ၁၆ သင်းပြိုင်ပွဲတွင် ဒုတိယအကြိမ် ဆက်တိုက်ကြုံ

မန်စီးတီးနှင့်ဘာစီလိုနာအသင်းတို့သည် ချန်ပီယံလိဂ် ၁၆ သင်း ပြိုင်ပွဲတွင် နှစ်နှစ်ဆက်တိုက် ဆုံတွေ့ကြမည်ဖြစ်သည်။ ချယ်လ်ဆီးက ပီအက်စ်ဂျီနှင့်လည်းကောင်း၊ အာဆင်နယ်က မိုနာကိုနှင့်လည်းကောင်း ဖေဖော်ဝါရီလနှင့် မတ်လအတွင်းကစားကြမည်။ လက်ရှိချန်ပီယံ ရီးရဲမက်ဒရစ်က ရှော်လ်ကေးနှင့်တွေ့မည်ဖြစ်သည်။ ပြီးခဲ့သည့်ရာသီက ဗိုလ်လုပွဲရောက် အက်သလက်တီကိုက လေဗာကူဆင်နှင့် ကစားရမည်ဖြစ်သည်။ ဘိုင်ယန်မြူးနစ်နှင့် ရှက်တာဒိုးနက်၊ ဂျူဗင်တပ်စ်နှင့်ဒေါ့မွန်၊ ဘေဆယ်နှင့်ပေါ်တိုတို့ တွေ့ကြမည်ဖြစ်သည်။






## ယူရိုပါလိဂ် ၃၂ သင်း ထုတ်ပြန် လီဗာပူးနှင့် ဘက်ဆစ်တပ်တွေ့

ယူရိုပါလိဂ် ၃၂ သင်းပွဲစဉ်များကို မဲခွဲဆုံးဖြတ်လိုက်ပြီဖြစ်ရာ ဆဲလ်တစ်က အင်တာမီလန်နှင့် လည်းကောင်း၊ လီဗာပူးက တူရကီကလပ် ဘက်ဆစ်တပ်စ်နှင့် လည်းကောင်း၊ စပါးက စီးရီးအေကလပ် ဖီအိုရင်တီးနားနှင့် လည်းကောင်း၊ အဲဗာတန်က ဆွစ်ကလပ်ယန်းဘွိုင်းနှင့် လည်းကောင်း၊ လက်ရှိချန်ပီယံ ဆီဗီလာက မိုချန်ဂလာဘတ်နှင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အဆိုပါနှစ်ကျော့ပြိုင်ပွဲကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်နှင့် ၂၆ ရက်များတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယခုနှစ်ယူရိုပါလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့သည့် အသင်းသည် လာမည့်နှစ်ချန်ပီယံလိဂ် Playoff ကစားခွင့်ရမည်ဖြစ်သည်။

## ဥရောပ ပြည်တွင်းလိဂ်ဖလား ပွဲစဉ်များ (သီဟ)

| အင်္ဂလန် ကက်ပီတယ်ဝမ်းဖလား | | | ဒီဇင်ဘာ ၁၈ |
|---|---|---|---|
| စပါး | - | နယူးကာဆယ် | နံနက် ၂း၁၅ |
| ဘုန်းမောက် | - | လီဗာပူး | နံနက် ၂း၁၅ |
| **ပြင်သစ်လိဂ်ဖလား** | | | **ဒီဇင်ဘာ ၁၈** |
| လော်ရီယန့် | - | စိန့်အက်တီယန် | နံနက် ၀၀း၁၀ |
| ရန်းနက်စ် | - | ခရီတေးလ် | နံနက် ၂း၃၀ |
| အဂျာစီယို | - | ပီအက်စ်ဂျီ | နံနက် ၂း၃၀ |
| အာလက်စ် | - | ဂူအင်ဂမ့် | နံနက် ၂း၃၀ |
| လိုင်လီ | - | ဘော်ဒိုး | နံနက် ၂း၃၀ |
| လိုင်ယွန် | - | မိုနာကို | နံနက် ၂း၃၀ |
| **ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၁၆)** | | | **ဒီဇင်ဘာ ၁၈** |
| ဒေါ့မွန် | - | ဝုဖ်ဘတ် | နံနက် ၁း၃၀ |
| မိုချန်ဂလာဘတ် | - | ဝါဒါဘရီမင် | နံနက် ၁း၃၀ |
| ဟော်ဖန်ဟိမ်း | - | လေဗာကူဆင် | နံနက် ၁း၃၀ |
| ဖရန့်ဖတ် | - | ဟာသာဘာလင် | နံနက် ၁း၃၀ |
| ပါဒါဘွန်း | - | ရှော်လ်ကေး | နံနက် ၁း၃၀ |
| **စပိန်ကိုပါဒယ်ရေးဖလား** | | | **ဒီဇင်ဘာ ၁၈** |
| အက်စ်ပန်ညို | - | အလာဗက်စ် | နံနက် ၁း၃၀ |
| လီဗန်တေး | - | အယ်လ်ဘာစီတီ | နံနက် ၁း၃၀ |
| အီဘာ | - | ဂီတာဖေး | နံနက် ၁း၃၀ |
| ဗီလာရီးရဲလ် | - | ကာဒစ်ဇ် | နံနက် ၃း၃၀ |
| ဆိုစီဒက် | - | ရီးရဲအိုဗီဒို | နံနက် ၃း၃၀ |
| ကော်ဒိုဘာ | - | ဂရန်နာဒါ | နံနက် ၃း၃၀ |

### ဒီဇင်ဘာ ၁၅/၁၆ ဂိုးရလဒ်များ

| | | |
|---|---|---|
| အဲဗာတန် | ၃-၁ | ကျူပီအာ |
| အမ်ပိုလီ | ၀-၀ | တိုရီနို |
| ချီယေဗို | ၀-၂ | အင်တာမီလန် |
| ဒီပို့တီဗို | ၁-၀ | အယ်လ်ချီ |

### ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၁၅)အပြီး ရပ်တည်မှု

| စဉ် | အသင်း | ပွဲစဉ် | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | ဘိုင်ယန်မြူးနစ် | ၁၅ | ၁၂ | ၃ | ၀ | ၃၉ |
| ၂ | ဝုဖ်ဘတ် | ၁၅ | ၉ | ၃ | ၃ | ၃၀ |
| ၃ | လေဗာကူဆင် | ၁၅ | ၆ | ၆ | ၃ | ၂၄ |
| ၄ | မိုချန်ဂလာဘတ် | ၁၅ | ၆ | ၆ | ၃ | ၂၄ |
| ၅ | အော့စ်ဘတ် | ၁၅ | ၈ | ၀ | ၇ | ၂၄ |
| ၆ | ရှော်လ်ကေး | ၁၅ | ၇ | ၂ | ၆ | ၂၃ |
| ၇ | ဟော်ဖန်ဟိမ်း | ၁၅ | ၆ | ၅ | ၄ | ၂၃ |
| ၈ | ဖရန့်ဖတ် | ၁၅ | ၆ | ၃ | ၆ | ၂၁ |
| ၉ | ဟန်နိုဗာ | ၁၅ | ၆ | ၂ | ၇ | ၂၀ |
| ၁၀ | ပါဒါဘွန်း | ၁၅ | ၄ | ၆ | ၅ | ၁၈ |
| ၁၁ | ကိုလုံး | ၁၅ | ၅ | ၃ | ၇ | ၁၈ |
| ၁၂ | မိန့်ဇ် | ၁၅ | ၃ | ၈ | ၄ | ၁၇ |
| ၁၃ | ဟာသာဘာလင် | ၁၅ | ၅ | ၂ | ၈ | ၁၇ |
| ၁၄ | ဟမ်းဘတ် | ၁၅ | ၄ | ၄ | ၇ | ၁၆ |
| ၁၅ | ဖရိုင်းဘတ် | ၁၅ | ၂ | ၈ | ၅ | ၁၄ |
| ၁၆ | ဒေါ့မွန် | ၁၅ | ၄ | ၂ | ၉ | ၁၄ |
| ၁၇ | ဝါဒါဘရီမင် | ၁၅ | ၃ | ၅ | ၇ | ၁၄ |
| ၁၈ | စတုဂတ် | ၁၅ | ၃ | ၄ | ၈ | ၁၃ |

"ထိမ်းမြားမင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ"

မော်လမြိုင်မြို့နေ (ဦးစိန်ကောင်း+ဒေါ်နှင်းမြိုင်)တို့၏မြေး၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ်ချင်းရိပ်သာလမ်း၊ ခြံအမှတ်(၂၃)နေ (သုခမ္မမဏိဇောတဓရ ဦးမြင့်+ဒေါ်လှမြင့်) (ကရဝိက်သင်္ကန်းတိုက်)တို့၏မြေး၊ (ဒေါက်တာဦးခင်ထွန်း) +ဒေါ်နွဲ့နွဲ့ရီတို့၏ တစ်ဦးတည်းသောသား

ဒေါက်တာမြတ်သူ M.B.,B.S (UM-1, Ygn), M.B.A (University of Northampton, UK)

နှင့်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ကန်လမ်း၊ ကန်ရိပ်မွန်ကွန်ဒို၊ အမှတ်(၇၀၈)နေ ဦးသိန်းစိုး + ဒေါ်သန်းသန်းညိုတို့၏ သမီးငယ်

ဒေါက်တာလဲ့ယဉ်မွန်မြတ် M.B.,B.S (UM-1, Ygn)

တို့၏ (၁၄.၉.၂၀၁၄)ရက်နေ့ M3.Food centre တွင်ပြုလုပ်သော နှစ်ဖက်မိဘတွေ့ဆုံပွဲ နှင့် (၁၄.၁၁.၂၀၁၄)တွင်ပြုလုပ်သောမင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်အရှေ့ပိုင်းခရိုင်တရားသူကြီး ဦးမြင့်စိုးအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်မင်္ဂလာသြဝါဒစကားပြောကြားပေးပါသော ပြည်ထဲရေးဝန်ကြီး (ငြိမ်း) ဗိုလ်မှူးကြီးတင်လှိုင်နှင့် မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးဝင်းတင်အားလည်းကောင်း၊ ကြွရောက်ချီးမြှင့် ပေးပါသောဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးများအားလည်းကောင်း၊ မော်ကွန်းတင်လက်မှတ် ရေးထိုးပွဲတွင် အသိသက်သေအဖြစ်ဆောင်ရွက်ပေးပါသော ဒေါက်တာအာကာဖြိုး(Director Royal Auto Services Co.,Ltd နှင့် ဒေါက်တာစုယဉ်မွန်မြတ်(Consultant Biomareux Co.,Ltd, Okkar Thiri Co., Ltd) တို့အားလည်းကောင်း (၁၅.၁၁.၂၀၁၄)ရက်နေ့ တွင် စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက်တွင်ပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးအလှူတော်နှင့် (၁၀.၁၁.၂၀၁၄) ရက်နေ့တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲတွင်မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဦးမျိုးမြင့်(chairman M3 Food centre နှင့် မဟာမြိုင် hospital) နှင့် ဇနီး ဒေါက်တာဒေါ်ချိုချိုဝင်း(classic style Fashion)တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဦးတင်ဝင်း(Managing Director Royal Auto Services Co.,Ltd)နှင့် ဇနီး ဒေါက်တာဒေါ်ချိုချိုခင်တို့အားလည်းကောင်း၊ မင်္ဂလာလမ်းပြအဖြစ်ဆောင်ရွက်ပေးပါသော ညီမငယ်မပြုံးပန်းဝတ်ရည်၊ မဆုလင်းလက်၊ မင်္ဂလာပန်းကြဲပေးပါသော မသင့်မြတ်သူ၊ မင်္ဂလာ အောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော ဒေါက်တာယဉ်လှိုင်ဝင်း၊ မင်္ဂလာလက်စွပ် ဗန်းကိုင်ဆောင်ပေးပါသောဒေါက်တာ စုယဉ်မွန်မြတ်၊ မင်္ဂလာသတိုးသားအရံ ဒေါက်တာမြင့်သန်းထိုက်၊ ဒေါက်တာကျော်စိုးထွန်း၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာဝေဝေဖြိုး၊ ဒေါက်တာနိုင်လွင်သန်း မေတ္တာဖြင့် မင်္ဂလာလက်ဝတ်ရတနာများ ဆင်မြန်း ပေးပါသော ကာတီယားစိန်တိုက် မိသားစုအားလည်းကောင်း၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော ဒီဇိုင်နာ မမေမြတ်ဝါဆို (Happy Heart Fashion)၊ ပန်းအလှဆင်ပေးပါသော မစန်းစန်းဦး၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာ အခါတော်ပေးသီဆိုပေးပါသော မစိမ်းမို့မို့၊ မင်္ဂလာတေးသံသာဖြင့် သီဆိုဧည့်ခံပေးပါသော The Acess Band တေးဂီတအဖွဲ့၊ မိတ်ကပ်ဆံပင်ပြင်ဆင်ပေးပါသော ဒီဇင်ဘာနှင်းနှင့်အဖွဲ့၊ မထက်(PoPsoul) နှင့်အဖွဲ့၊ ဓါတ်ပုံနှင့်ဗီဒီယိုဓါတ်ပုံမှတ်တမ်းတင်ပေးပါသောစိုင်းဘုန်းထူး၊ ယွန်း၊ ဓါတ်ပုံသာစုနှင့်အဖွဲ့အားလည်းကောင်း၊ Pre Wedding Photo Forever နှင့် ဓါတ်ပုံသာစုတို့အားလည်းကောင်း၊ (၁၁.၁၂.၂၀၁၄)ရက်နေ့တွင်(Western Park Royal)၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ကိုအောင်ပြည့်ဖြိုး (Sky Net Media)အားလည်းကောင်း၊ မင်္ဂလာဖိတ်စာ ဖန်တီးပေးပါသောDagon Printing နှင့် Love For Love Printing၊ မင်္ဂလာလက်ဆောင်ပစ္စည်း ပြုလုပ်ပေးပါသောTri Jade Co.,Ltd အားလည်းကောင်း၊ မန္တလေးရွှေနဂါးဖိနပ်အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲများသို့ ကြွရောက်ချီးမြှင့်ပေးပါသော ရပ်ဝေးရပ်နီးမှဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟ မိသားစုများ၊ သူငယ်ချင်းများ အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ပါသော လူကြီးမင်း များနှင့်နယ်ကုန်သည်များအားလည်းကောင်း၊ M3 Food centre မန်နေဂျာနှင့် ဝန်ထမ်းများ Sedona Hotel မန်နေဂျာနှင့်ဝန်ထမ်းများ၊ Western Park Royal မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ကရဝိက်သင်္ကန်းတိုက် မိသားစု မောင်နှမများနှင့် ဝန်ထမ်းများ အားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သူ ပုဂ္ဂိုလ်များအား လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် ဒေါက်တာမြတ်သူ+ဒေါက်တာလဲ့ယဉ်မွန်မြတ်

# အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအလုပ်သမားများနေ့

# (International Migrants Day )

**ပြည်သူတစ်ဦး**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအလုပ်သမားများအဖွဲ့အစည်း International Organization for Migration (IOM) ၏ ၁၄၇ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၇- ၁၀- ၂၀၁၂ ရက်နေ့တွင် ဝင်ရောက်၍ နိုင်ငံတကာ ရွှေ့ပြောင်း အလုပ်သမားရေးရာကဏ္ဍများအား မျက်ခြည်မပြတ်စောင့်ကြည့်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများ လုပ်ဆောင်နေသည်ဟု သိရပါသည်။

လူတို့စိတ်တွင် မိမိလက်ရှိနေထိုင် လုပ်ကိုင်ဆောင်ရွက်နေသည့် ပတ်ဝန်းကျင်ထက် အခြားနေရာ ပတ်ဝန်းကျင်အား ပိုမိုသာလွန်ကောင်းမွန်သည်ဟု မျှော်လင့်ချက်ရှိသည်။ ထိုမျှော်လင့်ချက်ဖြင့် အခြားသောနေရာဒေသ ပတ်ဝန်းကျင်အသစ်များသို့ သွားရောက်နေထိုင် လုပ်ကိုင်စားသောက်ကြသည်။ တိုင်းတစ်ပါးစကားပုံတစ်ခုရှိသည်။ "ခြံစည်းရိုးတစ်ဖက်မှ မြက်ခင်းလေးများ ပိုမိုစိမ်းနေလေမလား" ( The grass is always greener on the other side of the fences ) ဟု ဆိုထားသည်။ စာရေးသူတို့ မြန်မာတွင် "တစ်ရွာမပြောင်း သူကောင်းမဖြစ်" ဆိုသည့် စကားပုံတို့ဖြစ်သည်။

အကြောင်းရင်းမှာ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးနိုင်မှု၊ ရရှိသော လုပ်ခလစာနှင့် ကြီးမြင့်လာသည့် မိသားစုနေထိုင်စားသောက်မှု စရိတ်နှင့် သားသမီးများ ပညာသင်ကြားမှု စရိတ်များကြောင့်၊ အနာဂတ် မိသားစုဘဝ အဆင်ပြေရှင်သန်ရပ်တည်ရေးအတွက် အိမ်နီးချင်းနိုင်ငံများမှ အစ အာရှ၊ ဥရောပ၊ အာဖရိကနှင့် အမေရိကအစရှိသော နိုင်ငံများသို့ ရွှေ့ပြောင်းအလုပ်သမား (Migrant Workers )များအဖြစ်ခံယူကာ မိသားစုဝမ်းရေးအတွက် လုပ်ငန်းကဏ္ဍအစုံတွင် အရေအတွက် သန်းနှင့်ချီ၍ လုပ်ကိုင်ဆောင်ရွက်နေကြောင်း သိရှိနေရပါသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ၏ ထောင်စုနှစ် ရည်မှန်းချက်ဖြစ်သော ကောင်းမွန်သင့်လျော်သော အလုပ်အကိုင်အခွင့်အလမ်း ( Decent Work ) ကို နိုင်ငံသားတိုင်း ရရှိအောင် ရည်မှန်းချက်ထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ဟု လေ့လာသိရှိရပါသည်။ ကောင်းမွန်သင့်လျော်သော အလုပ်အကိုင်ဆိုသည်မှာ လူသားတစ်ယောက်၏ ဂုဏ်သိက္ခာကို မထိခိုက်စေသော အလုပ်အကိုင်အခွင့်အလမ်း၊ သင့်တင့်လျောက်ပတ်သော လုပ်ခလစာ၊ လုံခြုံစိတ်ချရသော လုပ်ငန်းခွင်အခြေအနေအစရှိသော ကောင်းမွန်သော ရည်မှန်းချက်များဖြင့် ကြွေးကြော်အကောင်အထည်ဖော်ခြင်းဖြစ်ပါသည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလနှင့် ဒီဇင်ဘာလအတွင်း ဂျော်ဒန်နှင့် မလေးရှားနိုင်ငံတို့၌ ရွှေ့ပြောင်းအလုပ်သမားများ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော အခက်အခဲများနှင့် စိန်ခေါ်မှုဖြစ်ရပ်များသည် ILO ၏ ထောင်စုနှစ် ရည်မှန်းချက်နှင့် ဆန့်ကျင်သွေဖည်လျက်ရှိသည်ကိုလည်း တွေ့ရှိရပါသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးလုပ်ငန်းဝန်ကြီးဌာန အနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများ၏ အနာဂတ်ဘဝဖွံ့ဖြိုးတိုးတက်ပြီး ကောင်းမွန်သင့်လျော်သော အလုပ်အကိုင်အခွင့်အလမ်းများ ပိုင်ဆိုင်သူများဖြစ်အောင် ရည်ရွယ်၍သော်လည်းကောင်း၊ နိုင်ငံတကာအလုပ်သမားအဖွဲ့အစည်းများနှင့် ကျယ်ကျယ်ပြန့်ပြန့် ချိတ်ဆက်ပူးပေါင်းပြီး ပြည်တွင်းရှိ ရွှေ့ပြောင်းလုပ်သားများအရေး ပိုမိုဆောင်ရွက်နိုင်ရန်ရည်ရွယ်၍သော် လည်းကောင်း၊ ပြည်ပအလုပ်အကိုင်လုပ်ငန်းရှင်များအသင်း Myanmar Oversea Employment Agency Federation (MOEAF) ကို ၂၀၁၂ ခုနှစ်မှစတင်၍ ဖွဲ့စည်းကာ ရွှေ့ပြောင်းအလုပ်သမားရေးရာကိစ္စများဆောင်ရွက်စေခဲ့ပါသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများ အများဆုံးသွားရောက်လုပ်ကိုင်လျက်ရှိသော ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့ရှိ တရားမဝင်ရွှေ့ပြောင်းအလုပ်သမားရေးရာကိစ္စများဆောင်ရွက်ရန်နှင့် အလုပ်သမားများ၏ အခွင့်အရေးဆုံးရှုံးမှုများ၊ ရသင့်ရထိုက်သော အကျိုးခံစားခွင့်များ အကာအကွယ်ပေးရေးများကို ထိထိရောက်ရောက်ဆောင်ရွက်ရန် ရည်ရွယ်၍ အလုပ်သမားသံတမန်အရာရှိ (Labour Attaches) များကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ယခင်စေလွှတ်တာဝန်ထမ်းဆောင်စေခဲ့သော ကိုရီးယားနိုင်ငံအပြင် ထိုင်းနိုင်ငံသို့လည်းကောင်း၊ ၂၀၁၃ နှစ်လယ်ခန့်တွင် မလေးရှားနိုင်ငံသို့လည်းကောင်း စေလွှတ်တာဝန်ထမ်းဆောင်စေခဲ့သည်။

အိုးပစ်၊ အိမ်ပစ်ဖြင့် မိသားစုနှင့်ခွဲခွာရုံသာမက အခြေအနေအရပ်ရပ်ကြောင့် အိုးအိမ်နှင့် လယ်မြေယာမြေများရောင်းချ အရင်းအနှီးလုပ်၍ ရွှေ့ပြောင်းအလုပ်သမားဘဝခံယူကာ ကမ္ဘာ့နိုင်ငံအနှံ့ သွားရောက်အလုပ်လုပ်ကိုင်နေသူများသည် နိုင်ငံတော်အား တစ်ဖက်တစ်လမ်းမှ နိုင်ငံခြားငွေရှာဖွေပေးနေသူများလည်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရွှေ့ပြောင်းအလုပ်သမားရေးရာကိစ္စများအား ကျယ်ကျယ်ပြန့်ပြန့် ထိတွေ့ဆက်ဆံနေရသော အလုပ်သမားသံအရာရှိများ (Labour Attaches) နှင့် ပြည်ပအလုပ်အကိုင်လုပ်ငန်းရှင်များအသင်း (MOEAF)အနေဖြင့် ရွှေ့ပြောင်းအလုပ်သမားရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် အလုပ်သမားများအား ရောင်းကုန်တွေလိုသဘောမထားဘဲ အကျိုးတူလုပ်ဖော်ကိုင်ဖက် စီးပွားဖက်များကဲ့သို့ စိတ်စေတနာအမှန်ဖြင့် လူသားချင်း စာနာထောက်ထားဖို့နှင့် နိုင်ငံသားချင်း စေတနာထား၍ အထူးဂရုပြု ဝန်ဆောင်မှုပေးသင့်ပါကြောင်း အကြံပြုတိုက်တွန်းအပ်ပါသည်။

တရားမဝင်ရွှေ့ပြောင်းလုပ်သားများအား တရားဝင်ဖြစ်အောင် ဆောင်ရွက်ပေးသည့်ကိစ္စရပ်များတွင် နှစ်နိုင်ငံအစိုးရအကြားသဘောတူထားသည့် ကုန်ကျစရိတ်ထက် ပိုမိုထောက်ခံမှုဖြစ်စဉ်များမဖြစ်ပေါ်အောင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ပအလုပ်အကိုင် လုပ်ငန်းရှင်များအသင်း (MOEAF) နှင့် အလုပ်သမား သံအရာရှိများ (Labour Attaches) အနေဖြင့် စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်ပေးသင့်ပါသည်။ ဤကဲ့သို့ တင်ပြရခြင်းမှာ ထိုင်းနိုင်ငံတွင် နှစ်နိုင်ငံအစိုးရအကြား သဘောတူထားသည့် ကုန်ကျစရိတ်ထက် အဆပေါင်းများစွာ ကုန်ကျခဲ့ကြောင်း နေရပ်ပြန်လုပ်သားများ အင်တာနက်၊ ဝက်ဘ်ဆိုက်၊ ဖေ့စ်ဘုတ်နှင့် အခြားသတင်းအရင်းအမြစ်အမျိုးမျိုးမှ မကြာခဏကြားသိနေရပါသည်။

အလုပ်သမား ၊အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် (MOEAF) အသင်းကြီးအနေဖြင့် အနာဂတ်ရွှေ့ပြောင်းလုပ်သားများ၏ ဘဝရပ်တည်မှုမြင့်မားရေးအတွက် မရှိမဖြစ်လိုအပ်သော အခြေခံအချက်များဖြစ်သည့် အလုပ်သမားမှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စများအား ယေဘုယျမဆန်ဘဲ တိုင်း/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် စနစ်တကျမှတ်ပုံတင်ခြင်းကိစ္စများ ဆောင်ရွက်ခြင်း၊ ပြည်ပသို့ တရားမဝင်သွားရောက်လုပ်ကိုင်မှုလျော့နည်းပပျောက်အောင် အသိပညာပေးမှုများ ဆောင်ရွက်ခြင်း၊ တရားဝင်သွားရောက်လုပ်ကိုင်ဆောင်ရွက်နိုင်အောင်လည်း အပိုကုန်ကျမှုများမရှိစေရန် စနစ်တကျ စီမံဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

အလုပ်သမားများအား မှတ်ပုံတင်ရာတွင် ယေဘုယျသာမှတ်ပုံတင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အိမ်နီးချင်းနိုင်ငံများတွင်ရောက်ရှိ၍ တရားမဝင်ရွှေ့ပြောင်းလုပ်သားအဖြစ် လုပ်ကိုင်ဆောင်ရွက်နေသော "သန်းနှင့်ချီသော" အလုပ်သမားများ၏ ကိန်းဂဏန်းက သက်သေပြလျက်ရှိပါသည်။

မိသားစုအရေးနှင့် အခြေအနေအရပ်ရပ်၊ အကြောင်းအမျိုးမျိုးကြောင့် "ကြီးမားသော မျှော်လင့်ချက်"ဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်ဆောင်ရွက်နေသော ရွှေ့ပြောင်းလုပ်သား အများစုသည် ဖြည့်ဆည်းမသွားသည့် "ပညာဝမ်းစာ"၊ ပြည့်စုံအောင်ယူဆောင်မသွားသည့် "ကျွမ်းကျင်မှု"၊အသိအမှတ်ပြုလက်မှတ် (Certificate of Recognition)၊ မိမိလောဘကိုသာ ရှေးရှု၍ လွဲမှားစွာ စီစဉ်ချိတ်ဆက်ပေးသည့် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ကုမ္ပဏီများကြောင့် မျှော်မှန်းထားသလောက် ခရီးမပေါက်၊ ရသင့်ရထိုက်သော လုပ်ခလစာများရရှိရန် ကြီးမားသောစိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်ပါသည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် နေပြည်တော်ရှိ MICT (II) တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအလုပ်သမားများနေ့(Migrants Day)တွင် တစ်ကမ္ဘာလုံးတွင်ဖြစ်ပေါ်နေသော အလုပ်သမားရေးရာကိစ္စများအပေါ် အခြေခံသင်ခန်းစာရယူ၍ လက်ရှိအိမ်နီးချင်းနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကြီးမားသောစိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသော မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အနာဂတ်ဘဝ သာယာဖြောင့်ဖြူးစေရန်အတွက် ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ မဟာဗျူဟာ (Strategy) နည်းဗျူဟာ (Tatic)များအား အလေးထားဆွေးနွေးသွားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ဤဆောင်းပါးဖြင့် ရေးသားဂုဏ်ပြုအပ်ပါသည်။

## သက်ကြီးပူဇော်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

မုဒုံမြို့နယ်အသင်း(ရန်ကုန်)က အသက် ၈၀နှစ် အထက် ရာသက်ပန်အသင်းဝင် ၉၈ ဦးတို့အား သက်ကြီးပူဇော်ပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ် ၉ ရပ်ကွက် မြစံပယ်လမ်းရှိ ဝိဇ္ဇောတာရုံစာသင်တိုက်၌ ကျင်းပခဲ့သည်။

သက်ကြီး ပူဇော်ပွဲနှင့်အတူ ၂၀၁၃ -၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာဂုဏ်ထူးရှင် သုံးဦးအပါအဝင် ကျောင်းသား ကျောင်းသူ ၁၁ ဦး၊ ပါရဂူဘွဲ့ရရှိသူ သုံးဦး၊ အားကစားထူးချွန်ဆုရရှိသူတစ်ဦးနှင့် စာပေထူးချွန်ဆုရရှိသူ တစ်ဦးတို့အား တာဝန်ရှိသူတို့က ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကိုချစ်**



**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်ပွဲကြည့်မြင်တိုင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင် ဗိုလ်ကြီးစိန်သန်း (ငြိမ်း)က မဲရုံမှူးများ၊ဒုတိယမဲရုံမှူးများပါဝင်ဆောင်ရွက်ပေးကြသည့် အဖွဲ့ဝင်များအား ဆန္ဒမဲပေးပုံ သရုပ်ပြရှင်းလင်းခြင်းကို ဒီဇင်ဘာ ၁၃ ရက်က ကြည့်မြင်တိုင်မြို့နယ်အထက(၁)မြဝတ်ရည်ခန်းမ၌ ရှင်းလင်းတင်ပြစဉ်။ ကိုကြီးတင်**

**အများသိစေရန်အသိပေးကြေညာခြင်း**

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ပိန်းတန်းရပ်၊ ဦးပိုင်အမှတ် ဈ/ပ-၆၇ ဟုခေါ်တွင်သော မြေဧရိယာ ၀ ဒသမ ၁၁၂၁၃ ဧက၊ (၅၂×၉၄)ပေ အကျယ်အဝန်းရှိ ဦးဝင်းချို (ဘ)ဦးအုံ ၁၂/ကမတ(နိုင်)၀၂၆၆၇၁ ပိုင်ဆိုင်သည့် မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံနေထိုင်ပိုင်ခွင့်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်တင်တင်ချို ၁၂/ကမတ(နိုင်)၀၂၆၄၈၂ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် အဆောက်အအုံအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝါဝါလှိုင် (LL.B, LL.M, D.I.R) စဉ်-၄၁၇၀၈**

**ဒေါ်ဇင်မင်းသူ (LL.B, LL.M, D.B.L) စဉ်-၃၆၆၅၆**

**အထက်တန်းရှေ့နေများ**

**မင်္ဂလာလမ်း၊ ကြေးသွန်းရပ်၊ အိုးတော်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့၊**

**ဖုန်း-၀၉-၄၀၂၇၂၉၄၈၇၊ ၀၉-၂၅၂၂၂၉၉၃၊ ၀၉-၂၅၉၀၀၆၈၄၆**

**တရုတ်စကားပြန် အလိုရှိသည်**

- တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- Internet, email ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။

လှိုင်သာယာ (ရုံးရှေ့မှတ်တိုင်အနီး)

**ဖုန်း-၀၉-၅၃၀၂၀၂၇**

**Email-gksai 777@ gmail.com.**

**အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်၊ အကွက်အမှတ်(၃၅)၊ ဦးပိုင် (၉၉)၊ ဧရိယာ စတုရန်းပေ ၄၈၀၀၊ အမှတ်(၁၉၆)ဟုခေါ်တွင်သော အိမ်မြေကွက်ကို ကွယ်လွန်သူမိဘနှစ်ပါးဖြစ်သော ဦးဆန်ကာရ်ရှိမာနှင့် ဒေါ်စုရပ်ကူမာရီ တို့ထံမှ သားသမီးများဖြစ်ကြသော ဦးဂျာဂတ်နာရိုင်ယန်း၊ ဦးအွမ်ပရာဆတ်၊ ဦးလချူမန်၊ ဦးဟိုရီလာလ်နှင့် ဦးဗီနိုးကူးမားတို့ ညီအစ်ကိုငါးဦးတို့က အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြောင်း၊ အဆိုပါမြေကွက်ကို ဦးဂျာဂတ်နာရိုင်ယန်းထံမှ ကျွန်တော် ဦးကျော်ဦး၁/မကန(နိုင်)၀၄၇၃၂၁က (၁၉-၁၀-၂၀၁၄)ရက်စွဲပါစာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူခဲ့ပြီး ကျန်ညီအစ်ကိုများဖြစ်သော ဦးအွမ်ပရာဆတ်၊ ဦးလချူမန်၊ ဦးဟိုရီလာလ်နှင့် ဦးဗီနိုးကူးမားတို့ ညီအစ်ကိုလေးဦးမှ အသိသက်သေနေရာတွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါ ၁၉-၁၀-၂၀၁၄ ရက်စွဲပါ အိမ်ခြံမြေအရောင်းအဝယ်စာချုပ်ကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုတော့မည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)အထောက်အထားများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ထားသည့်ရက်ကျော်လွန်သွားပါက ဥပဒေနှင့်အညီ မှတ်ပုံတင်စာချုပ်ပြုလုပ်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဦး**

**၁/မကန(နိုင်)၀၄၇၃၂၁**

**အမှတ် ၁၉၆၊ အေးစေတီရပ်ကွက်၊ မြစ်ကြီးနားမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၂ယ/၄၄၈၀၅ Follow me 110, M/C ဦးခင်မောင်ကျော် ၉/မရမ(နိုင်) ၀၁၁၉၆၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါကြောင်း**

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၄A/(S-၉၁)၊ မြေကွက်အမှတ်-၆၃၊ မြေကွက်တည်နေရာအမှတ် ၁၄၊ သမိန်ဗရမ်းလမ်း၊ ဋ္ဌေးကြွယ်(က)ရပ်ကွက်၊ တာမွေမြို့နယ် ဦးချစ်လှိုင်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဦးချစ်လှိုင် ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်အုန်းကြည်၁၂/တမန(နိုင်)၀၀၇၉၂၂မှ တရားဝင် ဇနီးတော်စပ်ကြောင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် မရ/၇၄၀၀၄ Hero Honda, M/C ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ငွေ ၉/မခန(နိုင်)၀၆၀၂၁၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တမူး)**

**အများသိစေရန်**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့၊ မရိုကထောင်အုပ်စု၊ ကွင်းအမှတ် (၂၃)ရှိ ဧက ၂၃သမ၂၉ဧကရှိ ခြံနှင့် ခြံပေါ်ရှိ အိမ်အမှတ် (ဒီ-၅၀) နေအိမ်နှင့် ခြံမြေအပါအဝင် နေအိမ်ရှိ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများသည် ကျွန်မ ဒေါ်စိုးစိုးမြိုင်နှင့် သားသမီးများ ပိုင်ဆိုင်ကြပါသည်။ ဒေါ်စိုးစိုးမြိုင်၏ ခွင့်ပြုချက်မရှိဘဲ အထက်ပါအိမ်ခြံနှင့်အကျိုးခံစားခွင့်အားလုံးတို့အား ရွှေ့ပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်းမပြုလုပ်ရပါ။ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိကြေညာအပ်ပါသည်။

**ဒေါ်စိုးစိုးမြိုင် ၁၄/ဟသတ(နိုင်)၁၃၂၈၉၀**

**ဘုရားကြီး(၂)လမ်း၊ ဘုရားကြီးရပ်ကွက်၊ ဟင်္သာတမြို့**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# အင်းလေးကန်နှင့်ငါးဖိန်း



သဲဆုလှိုင်

မြန်မာနိုင်ငံသည် သဘာဝ သယံဇာတ အလွန်ပေါကြွယ်ဝသော နိုင်ငံဖြစ်ပါသည်။ သယံဇာတများ ကို အမှီပြု၍ စိုက်ပျိုးရေး၊ မွေးမြူ ရေးလုပ်ငန်းများကို အောင်မြင်စွာ လုပ်ကိုင်လျက်ရှိသည်။ မွေးမြူရေး လုပ်ငန်းများတွင် ငါးမွေးမြူရေး လုပ်ငန်းသည်လည်း အရေးပါသော ကဏ္ဍတစ်ခုဖြစ်ပါသည်။ ငါးမွေးမြူ ရေးလုပ်ငန်းသည် တစ်နိုင်တစ်ပိုင် မွေးမြူနိုင်၍ ကျေးလက်ဒေသဖွံ့ဖြိုး ရေးကို များစွာအထောက်အကူဖြစ် စေနိုင်ပေသည်။

မြန်မာနိုင်ငံတွင် ဒေသထွက် တိုင်းရင်းငါးမျိုး များစွာရှိပါသည်။ အင်းလေးဒေသရှိ ငါးဖိန်းသည် အင်းသူ၊ အင်းသားတို့၏ အဓိကထား စားသုံးသော အစာအာဟာရတစ်ခု ဖြစ်ပါသည်။ အင်းလေးနှင့်ငါးဖိန်း သည် ခွဲခြား၍မရပေ။ အင်းသားသေ ငါးဖိန်းစား၊ ငါးဖိန်းသေ အင်းသားစား ဟုပင် ဆိုရိုးရှိခဲ့ပါသည်။

ငါးဖိန်း (Cyprinus intha)ကို king of carp ဟုလည်း ခေါ်ပါသည်။ ယင်း၏မျိုးစိတ်အမည်မှာ rayfinned fish ဖြစ်ပါသည်။ carp မျိုးနွယ်စု တွင်ပါဝင်၍ ငါးကြင်းနှင့် ပုံသဏ္ဌာန် ဆင်တူပါသည်။ ငါးဖိန်း (Cyprinus intha)သည် များသောအားဖြင့် အင်းလေးဒေသတွင်သာ တွေ့ရလေ့ ရှိသည်။ ငါးဖိန်း၊ ငါးရစ်၊ ငါးတောင် နွယ်၊ ငါးခူရှင်ဖ၊ ငါးနီစိမ်း၊ ငါးဖြူစိမ်း၊ ငါးအုံမက်၊ ငါးပြားသမတို့သည် အင်းလေးဒေသ၏ ဒေသမျိုးရင်းများ ဖြစ်ကြပါသည်။ ငါးဖိန်း၏ အရောင် မှာ ရွှေရောင်အဆင်းရှိပါသည်။ အခြားဒေသရှိ ငါးဖိန်းနှင့် အင်းလေး ရှိငါးဖိန်းသည် အရောင်အနည်းငယ် ကွာခြားပါသည်။ ကြေးခွံမှာလည်း ပို၍ကြီးပါသည်။ ငါးဖိန်းသည် ရေမှော်ပင်များရှိသော ရေအောက် ပိုင်းတွင် ကျင်လည်ကျက်စားလေ့ ရှိသည်။ ယခင်က အင်းလေးကန် အတွင်း၌ ငါးဖိန်းများ အလွန်ပေါများ ခဲ့သည်။ ယခုအခါလူတို့၏ မဆင် မခြင် ဖမ်းဆီးခြင်းကြောင့်လည်း ကောင်း၊ ဘက်ထရီရှော့ခ်တိုက် ဖမ်းဆီးခြင်းကြောင့် လည်းကောင်း၊ လူဦးရေတိုးပွားလာ၍ စားသုံးမှုမြင့် မားလာမှုကြောင့်လည်းကောင်း ငါး ဖိန်းများ မျိုးသုဉ်းပျောက်ကွယ်သွား ပြီဟုထင်ရလောက်အောင် ရှားပါ လာပါသည်။

ယခင်က ငါးဖိန်း၏အရွယ်အစား သည် (30 cm) ခန့်ရှိ၍ ယခုအခါ ခြောက်လက်မ၊ ခုနစ်လက်မအရွယ် လောက်သာ တွေ့ရှိရပါသည်။ ထို့ကြောင့် ဘက်ထရီရှော့ခ်တိုက် ဖမ်းဆီးခြင်းနှင့် ငါးမဖမ်းရရာသီ များတွင် ငါးဖမ်းဆီးခြင်းများကို ရှောင်ကြဉ်သင့်ပါသည်။ ရေပြင်ကို တုတ်ဖြင့်ရိုက်၍ ငါးများကို ခြောက် လှန့်ခြင်းသည်လည်း မျိုးဥများအား ပျက်စီးစေနိုင်ပါသည်။

## အင်းလေးကန်၏အလှ အင်းသားတို့၏ဘဝ လှပစေရေး ငါးဖိန်းများ မျိုးသုဉ်းပျောက်ကွယ်မသွားစေရန် ဝိုင်းဝန်းထိန်းသိမ်းသင့်ပါသည်။

အင်းလေးကန်၏ အလှအပများ ထဲတွင် ငါးဖိန်းသည်လည်း ပါဝင် ပေရာ ငါးမျိုးသုဉ်းပျောက်ကွယ်သွား ပါက အင်းလေးကန်၏ အလှများ လည်း မှေးမှိန်လာပေလိမ့်မည်ဟု ထင်မြင်မိပါသည်။ အင်းလေးကန်၏ အလှ အင်းသားတို့၏ဘဝ လှပစေရေး ငါးဖိန်းများ မျိုးသုဉ်းပျောက်ကွယ် မသွားစေရန် ဝိုင်းဝန်းထိန်းသိမ်းသင့် ပါသည်။ ဆေးထိုးသားဖောက်သော နည်းများကိုလည်း အသုံးပြု၍ မွေးမြူ သင့်ပါသည်။ မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှလည်း ငါးဖိန်းများ မျိုးသုဉ်းပျောက်ကွယ် မသွားစေရန် နည်းပညာများ ကူညီပံ့ပိုးလျက်ရှိပါ သည်။

လူဦးရေ တိုးတက်များပြားလာ သည်နှင့်အမျှ ငါးဖိန်းမွေးမြူရေးကို လည်း တိုးချဲ့မွေးမြူသင့်ပါသည်။ ငါးဖိန်းအမတစ်ကောင်သည် ပထမ ဦးဆုံးအကြိမ် ဥဥပါက ဥပေါင်း သုံး သိန်းအထိ ဥနိုင်ပါသည်။ ရေအပူချိန် နှင့် မိုးရေချိန်မြင့်တက်သော ရာသီ များတွင် နှစ်ဆဥချနိုင်ကြောင်း လေ့လာသိရှိရသည်။ ငါးအလွန်အကျွံ ဖမ်းဆီးခြင်း၊ တရားမဝင်နည်းလမ်းများ ဖြင့် ဖမ်းဆီးခြင်းများကို ရှောင်ကြဉ် မည်ဆိုပါက စားသုံးမှုဖူလုံစေရုံသာ မက ပိုလျှံသည်များကို ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ပါသည်။ သို့မှသာ အင်းလေးဒေသ၏ တိုင်းရင်းငါးမျိုး ကို ထိန်းသိမ်းနိုင်မည်ဖြစ်ပေသည်။ အင်းသားတို့၏ ဘဝ၊ အင်းလေးကန်၏ အလှပြည့်စုံစေရန် ငါးဖိန်းမွေးမြူရေး ကို တစ်နိုင်တစ်ပိုင်သော်လည်း ကောင်း၊ စီးပွားဖြစ်သော်လည်းကောင်း မွေးမြူသင့်ပါကြောင်း အကြံပြုရေး သားအပ်ပါသည်။

## လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးဆောင်ရွက်



**ညောင်လေးပင် ဒီဇင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးကျော် ဇေယျဦးဆောင်၍ ဝန်ထမ်းများက ဒီဇင်ဘာ ၁၄ ရက်အထိ ပင်မဓာတ်အား ခွဲရုံအတွင်း ocp အဟောင်းများ ဖယ်ရှားကာ အသစ်လဲလှယ်ခြင်း၊ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၁ ကေဗွီဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသောသစ်ပင် များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အိုဟောင်းနေသောဓာတ်တိုင်များကို စစ်ဆေးကာ ကွန်ကရစ်တိုင်များနှင့်လဲလှယ်ခြင်း၊ မြို့မ (၄)ရပ်ကွက်အတွင်း နဝဒေးလမ်း ရှိ 11 KV ဓာတ်အားလိုင်းအတွက် မလွတ်ကင်းသော အဆောက်အအုံ များ၊ ချုံနွယ်၊ သစ်ပင်သစ်ကိုင်းများ ရှင်းလင်းခြင်းကို ဒီဇင်ဘာလအတွင်း ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ဇေယျနှင့် ဝန်ထမ်း များက တစ်မြို့နယ်လုံးအတိုင်းအတာဖြင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေး၊ လျှပ်စစ်ဓာတ်အားမှန်ကန်စွာ သုံးစွဲ ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း (ညောင်လေးပင်)**

## သတင်းတို

### နန်းဆုံကွေ့တံတား အသစ်ဆောင်ရွက်လျက်ရှိ

**လှိုင်ကော် ဒီဇင်ဘာ ၁၆**

လှိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် Myanmar Land ကုမ္ပဏီမှ ဆောင်ရွက် လျက်ရှိသည့် လှိုင်ကော်မြို့နယ် နန်းဆုံကွေ့ကျေးရွာ သစ်သားတံတား တည် ဆောက်နေမှုကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး တာဝန်ခံအင်ဂျင်နီယာ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အထောက် အကူပြုအဖွဲ့တို့က လုပ်ငန်းများဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေး ကြသည်။

အဆိုပါတံတားသစ်ဆောက်လုပ်ပြီးစီးသွားပါက ဒေါ်စဲကျေးရွာ၊ ဝမ်ငေါ့ ကျေးရွာ၊ မဲ့ဖျံကျေးရွာ၊ ဒေါပါပကျေးရွာများရှိ အိမ်ခြေ ၂၈၇ အိမ်၊ လူဦးရေ ၂၈၅၂ ဦးတို့ သွားလာရေးအဆင်ပြေလာမည်ဖြစ်ကြောင်း၊ ယင်းတံတားကို ကုန်ကျငွေ ၁၅ ဒသမ ၀၀ သန်းဖြင့် တည်ဆောက်ထားကြောင်း သိရ သည်။

**(မြို့နယ် ပြန်/ဆက်)**

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ပဲခူးတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနအောက်ရှိ ခုတင် (၂၀၀)ဆံ့ ဆေးရုံကြီးများ (ပဲခူး၊ တောင်ငူ၊ ပြည်)နှင့်ခုတင် (၁၀၀)ဆံ့ဆေးရုံ၊ ကုတင်(၅၀)ဆံ့ ဆေးရုံ၊ (၂၅)ခုတင်ဆံ့ ဆေးရုံ၊ (၁၆)ခုတင်ဆံ့ ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဦးစီးဌာနများအတွက် လိုအပ် သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ခုတင် (၂၀၀)ဆံ့ဆေးရုံကြီးများ (ပဲခူး၊ တောင်ငူ၊ ပြည်)အတွက် တင်သွင်းလိုသည့် လျှောက်လွှာများကို သက်ဆိုင်ရာဆေးရုံကြီးများတွင် လျှောက်ထားရန်ဖြစ်ပြီး ကျန်ဆေးရုံနှင့် ဌာနများအတွက် တင်သွင်းလိုသည့် လျှောက်လွှာများကို ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးဦးစီး ဌာနမှူးရုံးတွင် လျှောက်ထားရန်ဖြစ်ပါသည်။

၃။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၈-၁၂-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၅-၁-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီ

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်းအသေးစိတ်ကို သိရှိလို ပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ပဲခူးတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး**
**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့**
**ဖုန်း-၀၅၂-၂၁၂၁၇**
**ပဲခူးမြို့၊ ပြည်သူ့ဆေးရုံကြီး ဖုန်း-၀၅၂-၂၁၀၂၈**
**တောင်ငူမြို့၊ ပြည်သူ့ဆေးရုံကြီး ဖုန်း-၀၅၄-၂၃၉၀၆**
**ပြည်မြို့၊ ပြည်သူ့ဆေးရုံကြီး ဖုန်း-၀၅၃-၂၇၃၅၁**

**တောင်ငူတက္ကသိုလ်**
**ဘွဲ့နှင်းသဘင်ဓာတ်ပုံရိုက်ကူးခွင့်**
**တင်ဒါခေါ်ယူခြင်း**

၂၀၁၅ ခုနှစ် ဇန်နဝါရီလ၌ကျင်းပမည့် တောင်ငူတက္ကသိုလ် (၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံရိုက်ကူးခွင့်လုပ်ငန်းလျှောက်ထားလိုသူများ သည် ဈေးပြိုင်စနစ်ဖြင့် အိတ်ဖွင့်တင်ဒါများ လျှောက်ထားနိုင်ကြောင်း ဖိတ်ခေါ် အပ်ပါသည်။

တင်ဒါလျှောက်လွှာများကို ၁၈-၁၂-၂၀၁၄ ရက်မှ ၃၁-၁၂-၂၀၁၄ ရက်အထိ (ရုံးချိန်အတွင်း)နောက်ဆုံးထား၍ တင်သွင်းကြရမည်ဖြစ်ပြီး တင်ဒါစည်းမျဉ်း စည်းကမ်းများကို တောင်ငူတက္ကသိုလ်၊ သင်တန်းရေးရာဌာနနှင့် ကြော်ငြာသင်ပုန်း များတွင် ဖတ်ရှုလေ့လာနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၄-၂၄၀၀၂၊ ၂၄၀၀၃၊ ၂၄၀၀၇၊ ၂၄၄၁၁ တို့ကို စုံစမ်းမေးမြန်းနိုင်ပါသည်။ **အတွင်းရေးမှူး**
**(၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်**
**ဓာတ်ပုံရိုက်ကူးခွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**တောင်ငူတက္ကသိုလ်**

**လုပ်ငန်းရှင်များအတွက် အခွင့်အလမ်းကောင်းများ**

ဝန်ဆောင်မှုပိုင်းဆိုင်ရာ ကုမ္ပဏီတစ်ခုမှ မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ရန် အောက်ဖော်ပြပါလုပ်ငန်းများအတွက် ကုန်တင်သွင်းခြင်း၊ ဖြန့်ချိ ခြင်းဆိုင်ရာ လုပ်ငန်းများလုပ်ဆောင်လျက်ရှိသော လုပ်ငန်းရှင်များကို ဖိတ်ခေါ်အပ်ပါ သည်။ (၁)စားသုံးဆီလုပ်ငန်းနှင့် ထုပ်ပိုးမှုဆိုင်ရာလုပ်ငန်းများ၊ (၂)ဘီစကစ်နှင့်ကွတ်ကီး၊ (၃)ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်း၊ (၄)အင်ဂျင်ချောဆီလုပ်ငန်းများ၊ (၅)ဆပ်ပြာမှုန့်နှင့် သန့်ရှင်းရေးဆိုင်ရာလုပ်ငန်းများ၊ အသေးစိတ်သိရှိလိုသူများ ၃၁-၁၂-၂၀၁၄ ရက် နောက်ဆုံး ထားပြီး အောက်ဖော်ပြပါတာဝန်ခံများထံ ဆက်သွယ်နိုင်ပါသည်။ မြန်မာဘာသာဖြင့် စုံစမ်းလို သူများ (U Cho Hlaing Nyein @ Simon, ph-09-254828115, e-mail simonchho@tanchonggroup.com အင်္ဂလိပ်ဘာသာဖြင့် စုံစမ်းလိုသူများ MR.M.T.Rajah Tel:09-421135261 Email:thambirajah,marimuthu@tanchoggroup.coom သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**ကန့်ကွက်ရန်ကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ပုဇွန်တောင်ဉယျာဉ်(လိပ်ကန်)အိမ်ရာရှိ တိုက် အမှတ်(၃)၊ အခန်းအမှတ်(၁၀၄)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်လင်း ၁၂/ကမရ (နိုင်)၀၂၀၆၅၆ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်စန်းစန်းဝင်း ၁၂/မဂတ(နိုင်) ၀၅၆၉၂၇၊ ဒေါ်သန်းသန်းညွန့် ၁၂/မဂတ(နိုင်)၀၅၆၉၂၆ က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက် နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့-(၂)၊ မြေကွက်အမှတ်-၆၃၃ သိန်းလေးဆယ်သွင်း၊ မြေအကျယ်အဝန်းပေ (၄၀×၆၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါက်တာဝင်းနိုင် ၉/မရတ(နိုင်)၀၆၀၅၂၃ အမည်ပေါက်(ပါမစ်)မြေအား စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပြီးလက်ရှိပိုင်ဆိုင်စီမံ ရောင်းချပိုင်ခွင့်ရှိသူ ဦးအေးချမ်းကိုကို ၁၂/ဥကတ(နိုင်)၁၅၈၃၉၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းကို ပေးအပ်ထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနိုင်မင်း LL.B (စဉ်-၃၈၀၃၀) အထက်တန်းရှေ့နေ**
**အာရုမြေ အိမ်၊ ခြံ၊ မြေအကျိုးဆောင်ကုမ္ပဏီ**
**အမှတ်(၁၇)၊ သဲဖြူကွင်းကျေးရွာ၊ ကျိုက်ခေါက်ဘုရားလမ်း၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၀၂၂၂၁၄၂၊ ၀၅၆-၂၃၁၉၅၊ ၀၅၆-၂၃၂၅၂၊ ၀၅၆-၂၃၂၅၃**

**ကန့်ကွက်နိုင်ပါကြောင်း**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁/အနော်မာ ၊ မြေကွက်အမှတ် ၂၄၂/ခ၊မြေကွက်တည်နေရာအမှတ် ၂၄၂/ ခ၊ အနော်မာ၆လမ်း၊ ၁/အနော်မာ ရပ်ကွက်၊ သာကေတမြို့နယ် (ဦးထွန်းရှင်)အမည် ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးထွန်းရှင်(ဖခင်)နှင့် ဒေါ်သိန်းရှင်(မိခင်) တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁)ဦးတင်ဝင်း ၁၂/သကတ(နိုင်)၁၅၁၂၀၄၊ (၂) ဒေါ်ဝင်းဝင်းကြည် ၁၂/ပဘတ(နိုင်) ၀၃၁၇၂၆တို့မှ သေစာရင်းနှင့် ကျမ်းကျိန် လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ် ရက်အတွင်းကန့်ကွက်နိုင်ရန်နှင့် ကန့်ကွက်မှု မရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄စီ(S-၉၀)၊ မြေကွက်အမှတ် ၁၀၄၊ မြေကွက် တည်နေရာအမှတ် ၈၉၊ စိတ္တသုခ လမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်၊ (ဦးသိန်းအောင် နှင့်ဒေါ်အေးသန်း) အမည်ပေါက် နှစ် ၆၀ မြေအား အမည်ပေါက်နှစ်ဦးအနက် ဦးသိန်း အောင် ကွယ်လွန်သဖြင့် ပူးတွဲအမည်ပေါက် သူ ဒေါ်အေးသန်း၁၂/တမန(နိုင်)၀၁၁၃၆၀ က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်း ကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင် ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ် ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ် နည်းအတိုင်းဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းစဉ် ရှင်းလင်းဆွေးနွေး

**မြင်းမူ ဒီဇင်ဘာ ၁၆**

မြင်းမူမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်၊ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ အခြေခံမဲဆန္ဒရှင် စာရင်းပြုစုခြင်း လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၃ ရက်က မြင်းမူမြို့ ရွှေပြည်သစ်ခန်းမ၌ ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် မြင်းမူမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဉာဏ်ထွန်းတို့က အမှာစကားများပြောကြားကြပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးကျော်ကျော်လင်းနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းတို့က အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရှင်းလင်းပွဲတက်ရောက်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက သိရှိလိုသည်များကို



မေးမြန်းကြပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **အောင်စိုးဖေ(iprd)**

# သာစည်မြို့နယ် ဟံဇားကျေးရွာတွင် (၁၆)ခုတင်ဆံ့ဆေးရုံ တည်ဆောက်မည်

**သာစည် ဒီဇင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ဟံဇားကျေးရွာတွင် (၁၆)ခုတင်ဆံ့ ဆေးရုံ တည်ဆောက်ရန်အတွက် ပန္နက်တင်အခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက်က ကျင်းပရာ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ငွေ၊ အတွင်းရေးမှူး ဦးကံဆောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသူရ၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးစောထွန်းဦး၊ မြို့နယ်ဆရာဝန်ကြီး ဦးဇော်ဝင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းထွဋ်နှင့် Royal Mya ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးသိန်းမိုးတို့က ပန္နက်များတင်ပေးခဲ့သည်။

တည်ဆောက်မည့် (၁၆)ခုတင်ဆံ့ဆေးရုံတွင် လူနာဆောင်၊ ခွဲစိတ်ဆောင်၊ ဓာတ်မှန်ဆောင်၊ ပြင်ပလူနာဆောင်များအပြင် တာဝန်ကျဆရာဝန်နေထိုင်ရန် နှစ်ခန်းတွဲတိုက်တစ်လုံး၊ သူနာပြုဝန်ထမ်းများနေထိုင်ရန် လေးခန်းတွဲတိုက်တစ်လုံး၊ ဆေးရုံလုပ်သားများနေရန် သုံးခန်းတွဲတိုက်တစ်လုံးကိုပါ ထည့်သွင်းတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ဆေးရုံတည်ဆောက်ရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ခွင့်ပြုငွေကျပ်သိန်း ၆၀၀၀ ရရှိထားပြီးဖြစ်ကြောင်းနှင့် ဆေးရုံအကျယ်အဝန်းမှာ အလျား ၁၂၆ ပေ၊ အနံ ၈၉ပေ၊ အမြင့် ၁၄ ပေဖြစ်ကြောင်း သိရသည်။

**မောင်ကို**

# ရပ်ကွက်စာကြည့်တိုက်သို့ နည်းပညာနှင့် စာအုပ်များပံ့ပိုး

**ကော့သောင်း ဒီဇင်ဘာ ၁၆**

ကော့သောင်းမြို့ အေးမြကန်သာရပ်ကွက် ပညာအလင်းစာကြည့်တိုက်တွင် ပြည်သူများသို့ နည်းစနစ်မှန်ကန်စွာ စာအုပ်ငှားနိုင်ရေးနှင့် လိုအပ် သည့် စာအုပ်စာပေများပံ့ပိုးမှုများကို ကော့သောင်းခရိုင် ပြန်/ဆက်ဦးစီးဌာနက ဒီဇင်ဘာ ၁၁ ရက်က ဆောင်ရွက်ခဲ့သည်။

ရပ်ကွက်စာကြည့်တိုက်တွင် စာအုပ်များစနစ်တကျထားသိုမှု၊ စာအုပ်များကို ပညာရပ်အလိုက် စနစ်တကျတိုက်ပိုင်စာရင်းသွင်းခြင်း၊ စာအုပ်ငှားရမ်းဖတ်ရှုမှု စာရင်းပြုစုထိန်းသိမ်းနည်းများစသည့် စာကြည့်တိုက်ဆိုင်ရာ လုပ်ငန်းနည်းပညာများကို စာကြည့်တိုက်တာဝန်ခံအား သင်ကြားပေးပြီး လိုအပ်သည့် သုတ၊ ရသစာအုပ်များကိုလည်း ပံ့ပိုးဖြည့်ဆည်းလှူဒါန်းခဲ့သည်။

ထို့အပြင် ရပ်ကွက်စာကြည့်တိုက်တွင် မထားရှိနိုင်သေးသည့် သုတ၊ ရသစာအုပ်များကိုလည်း ရပ်ကွက်ပြည်သူများ ဖတ်ရှုနိုင်ရန်အတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးက မိုဘိုင်းစာကြည့်တိုက်ဖွင့်လှစ်ငှားရမ်းပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ဆားလင်းကြီး ဓာတ်အားခွဲရုံသစ်မှ ဓာတ်အားစတင်ပေးဝေ

**ဆားလင်းကြီး ဒီဇင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် လျှပ်စစ်ဓာတ်အားခွဲရုံသစ်မှ မြို့ပေါ်ရပ်ကွက် သုံးခုနှင့် အနီးတစ်ဝိုက်ကျေးရွာများသို့ ဒီဇင်ဘာ ၁၃ ရက်ကစ၍ လျှပ်စစ်ဓာတ်အားစတင်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ယခင်က ဆားလင်းကြီးမြို့ပေါ်ရပ်ကွက်(၁၊ ၂၊ ၃) နှင့် အခြားသောပတ်ဝန်းကျင်ရှိကျေးရွာအချို့တွင် ဆားလင်းကြီးမြို့နှင့် ၁၂ မိုင်ကျော်ရှိ လည်ငေါက်ဓာတ်အားခွဲရုံနှင့် ၁၁ မိုင်ကျော်ရှိ ညောင်ပင်ကြီးဓာတ်အားခွဲရုံများမှ ဓာတ်အားရယူသုံးစွဲခဲ့ရပြီး ဓာတ်အားအပြည့်အဝ မရရှိခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ဆားလင်းကြီးမြို့ အမှတ်(၁)ရပ်ကွက် ပြည်သူ့ဆေးရုံကြီး၏ တောင်ဘက်တွင် (33/11 KV, 5 MVA) ဓာတ်အားခွဲရုံသစ်ကို နိုင်ငံတော်ရန်ပုံငွေမှ ငွေကျပ် ၂၃၈၄ သိန်း အကုန်အကျခံ၍ တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ ယခုဓာတ်အားခွဲရုံသစ်တည်ဆောက်ပြီးစီး၍ လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဝေလျက်ရှိရာ ဓာတ်အားအပြည့်အဝသုံးစွဲနိုင်ပြီဖြစ်ကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

## သတင်းတို

### ရေးမြို့နယ်ဒေသဖွံ့ဖြိုးရေးဆိုင်ရာများဆွေးနွေး

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၃ ရက်က ကျင်းပရာ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ဒေသတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းဥပဒေများနှင့်အညီ အဖွဲ့အစည်းများ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရန် အမှာစကားပြောကြားပြီး ဆွေးနွေးပွဲသို့ နယ်မြေခံပြည်နယ်ဝန်ကြီးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ကော်မတီလေးရပ်မှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**

# ဇမ္ဗူသီရိမြို့နယ်တွင် အဆင့်မြင့်လယ်ယာမြေဖော်ထုတ်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာတွင် တောင်သူ ၉၇ ဦးတို့၏ လယ်ယာမြေ ၂၄၄ ဒသမ ၅၃ ဧကအား ကိုးရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) နှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန (MOAI)တို့ပူးပေါင်း၍ အဆင့်မြင့်လယ်ယာ ဖော်ထုတ်နေမှုကို နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်နှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၁၃ ရက်က သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

နေပြည်တော်ကောင်စီဝင်ဦးမျိုးညွန့်၊ ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး ယခင်သမားရိုးကျ စိုက်ပျိုးနေသည့် လယ်ယာမြေများအား ယခုကဲ့သို့ အဆင့်မြင့်လယ်ယာမြေများဖော်ထုတ်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် အလျင်လိုကျေးရွာသို့သွားရောက်၍ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် အုတ်ခွက်ဘုရားများအား ကျေးရွာဓမ္မာရုံ၌ ပူဇော်ထားရှိမှုနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ကျေးရွာတွင်းလျှပ်စစ်ဓာတ်အား အပြည့်အဝအသုံးပြုနိုင်ရေးအတွက် ထရန်စဖော်မာ အားဖြည့်တပ်ဆင်နိုင်ရေးနှင့် ကျေးရွာအတွင်း လမ်းကတ္တရာခင်းကျင်းနေမှု အခြေအနေများကိုလည်းကောင်း၊ လက်ပံခါးလှကျေးရွာတွင် နိုင်ငံတော်မတည်ငွေဖြင့် ကျေးရွာစာကြည့်တိုက် ဆောက်လုပ်နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုပြီး ဒေသခံများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရွှေကုက္ကို**




**စက်မှုဝန်ကြီးဌာန**
**အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ သံမဏိစက်ရုံများကြီးကြပ်ရေးဌာနအောက်ရှိ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)အတွက် လိုအပ်သော Stacker & Reclaimer (1) Lot အား ရန်ကုန်ဆိပ်ကမ်းအရောက် နိုင်ငံခြားငွေ(USD)ဖြင့် ဝယ်ယူရန် တင်ဒါခေါ်ယူ ဆောင်ရွက်လိုပါသည်-

(က) Stacker & Reclaimer (1)Lot
- (က) Conveyor Length 1256 meter
- (ခ) Stacker 450 Ton per hour
- (ဂ) Reclaimer 150 Ton per hour

၂။ **တင်ဒါပုံစံစတင်ထုတ်ယူမည့်ရက်**- ၁၉-၁၂-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၆-၁-၂၀၁၅ ရက်

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်း ထုတ်ယူနိုင်ပါသည်။

**သံမဏိစက်ရုံများကြီးကြပ်ရေးဌာန**
**အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**ရုံးအမှတ် ၄၁၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၃၄၅**



## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ရွှေပျောက်ကျေးရွာ၊ ကွင်းအမှတ် (၆၁၉)၊ ဦးပိုင်အမှတ်(၁၆၀/၁)ဒေါ်အေးချိုပိုင်မြေဧရိယာအတွင်းမှ ၀ ဒသမ ၂၆ ဧက၊ (၁၀၀'× ၁၀၀')ရှိ ခြံမြေအား ဒေါ်မင်းမင်းသွယ် ၇/တငန(နိုင်)၀၉၈၉၂၉၈က ၁၆-၁၂-၁၂တွင် ဒေါ်လှမျိုးကြည် ၁၂/ကတန(နိုင်)၀၀၇၅၂၁နှင့် နှစ်ဦးသဘောတူအရောင်းအဝယ်ပြုစရန်ငွေပေးချေထားပါသည်။ ဒေါ်မင်းမင်းသွယ်မှ စရန်ငွေစာချုပ်စည်းမျဉ်းအတိုင်း ကျန်ငွေအား ဆက်လက်ပေးချေမည်ဖြစ်ပါသည်။ ယင်းခြံမြေအား ဒေါ်မင်းမင်းသွယ် မသိရှိဘဲ နောက်ထက်အရောင်းအဝယ်ပြုလုပ်ပါက ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှ LL.B အထက်တန်းရှေ့နေ စဉ်-၂၉၆၆၀**
**ဖုန်း-၀၉-၄၃၀၇၃၄၂၆**



## အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မြောက်ဘက်ခြမ်းရှိ ရွှေမြယာ(၂)အဆင့်မြင့်အိမ်ရာစီမံကိန်းမှ အောက်ဖော်ပြတိုက်ခန်းများအား လက်ရှိဒေသပေါက်ဈေးအတိုင်း ကြိုတင်ရောင်းချပေးရန်ရှိပါသဖြင့် ဝယ်ယူလိုသူများအနေဖြင့် အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ မြေညီထပ်တွင် လျှောက်လွှာများအား ၁၆-၁၂-၂၀၁၄ရက်မှ ၁၅-၁-၂၀၁၅ရက်အထိ နေ့စဉ် နံနက် ၁၀း၀၀ နာရီမှ မွန်းလွဲ ၂း၀၀ နာရီအတွင်း လျှောက်ထားနိုင်ပါသည်-

(က) Building-A ဓာတ်လှေကား ၂စင်းပါသော Basement+ရှစ်ထပ်အဆောက်အအုံ
- Basement - အများသုံး Carparking
- ပထမထပ်မှ သတ္တမထပ်ထိ - ၂၂၀၃ စတုရန်းပေရှိ အခန်း(၂၈)ခန်း

(ခ) Building- B ဓာတ်လှေကား ၂စင်းပါသော Basement+၉ထပ်အဆောက်အအုံ
- Basement - အများသုံး Carparking
- မြေညီထပ် - အများသုံး Carparking
- ပထမထပ်မှ အဋ္ဌမထပ်အထိ - ၂၆၈၃.၅ စတုရန်းပေရှိ အခန်း၄၈ ခန်း

၂။ အထက်ပါတိုက်ခန်း(၇၆)ခန်းအား အမှန်တကယ်နေထိုင်မည့်သူမှ ဝယ်ယူလျှောက်ထားနိုင်ပြီး တိုက်ခန်းများအား မဲဖောက်ရောင်းချသွားမည်ဖြစ်ပါသည်။ တိုက်ခန်းမှာ ဓာတ်လှေကားပါဝင်သဖြင့် သတ်မှတ်ဈေးနှုန်းတူညီ၍ အထပ်အနိမ့်အမြင့်အလိုက် ရွေးချယ်မှုမပြုဘဲ မဲပေါက်သည့်တိုက်ခန်းအား ဝယ်ယူရမည်ဖြစ်ပါသည်။ သတ်မှတ်ကာလအတွင်း တိုက်ခန်းဖိုးငွေအကျေပေးသွင်းနိုင်သူဖြစ်ရမည်ဖြစ်ပြီး ပေးသွင်းခြင်းမရှိပါက တိုက်ခန်းဝယ်ယူခွင့်ကို ပယ်ဖျက်ပြီးအခြားဝယ်ယူမည့်သူတစ်ဦးသို့ ဆက်လက်ရောင်းချသွားမည်ဖြစ်ပါသည်။ အဆောက်အအုံများမှာ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ) ၁၀ထပ်ရုံး (ရှစ်လွှာ)၊ ဖုန်း-၀၁-၃၇၄၃၆၆သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။ လျှောက်လွှာနမူနာပုံစံနှင့်ငွေပေးချေမှုစနစ်အား ၁၀ထပ်ရုံး၊မြေညီထပ် ကြော်ငြာဘုတ်တွင် ကပ်ထားပေးပါမည်။

**ဌာနမှူး**
**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1G/6697 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**



## မြေညီထပ်ငှားမည်

အနော်ရထာလမ်းမ၊ ကျောက်တံတားမြို့နယ်(၁၄ပေ×ပေ၅၀) Hall Type၊ ကြွေပြားခင်း၊ထပ်ခိုးပြည့်၊ရေ၊မီး၊ဖုန်း၊ ၁၇သိန်း။

**ဖုန်း-၀၉-၈၇၂၉၇၁၆၆၄၊ ၀၉-၃၁၃၄၁၇၄၆**



**ဂရန်မူရင်းအားပယ်ဖျက်ပြီးကြောင်း**
## အသိပေးကြေညာခြင်း

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀ဂျေ၊မြေကွက်အမှတ် ၃၆၊ မြေကွက်တည်နေရာအမှတ် (၁၇/၁၉)၊ ဗိုလ်တထောင်လမ်းသွယ်(၃)၊ ၄ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ် ဒေါက်တာဦးတင်နှင့် ဒေါက်တာမခင်ရီအမည်ပေါက် နှစ်၉၀ဂရန်မြေအား အမည်ပေါက် ဖခင်ဒေါက်တာဦးတင်နှင့်မိခင်ဒေါက်တာမခင်ရီ ကွယ်လွန်သဖြင့်အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၂၆၇၄/၂၀၀၁ (၁၂-၉-၂၀၀၁) ဖြင့်ပိုင်ဆိုင်သူသမီး ဒေါ်တင်မေလွင်(ခ)ဘာဘရာတင် ၁၂/ဗတထ(နိုင်)၀၁၃၀၀၂ မှဂရန်ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရာ ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်ပါ၍ မူလထုတ်ပေးထားသည့် ဒေါက်တာဦးတင်နှင့် ဒေါက်တာမခင်ရီ အမည်ပေါက် နှစ်၉၀မြေငှားစာချုပ်ဂရန်မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# မင်းကင်းမြို့နယ်ကျေးလက်ဒေသများသို့ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများပေးအပ်

**မင်းကင်း ဒီဇင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်အတွင်းရှိ ကျေးရွာများမီးလင်းနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ထောက်ပံ့ငွေနှင့် ဒေသခံကျေးလက်နေ ပြည်သူများ၏ ထည့်ဝင်ငွေတစ်ဝက်စီဖြင့် ဆောင်ရွက်ပေးခဲ့သော နေရောင်ခြည်စွမ်းအင်သုံးဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများအား ဒေသခံပြည်သူများထံ ဒီဇင်ဘာ ၁၃ ရက်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ ပေးအပ်ခဲ့သည်။

ဆိုလာပြားများပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းက အမှာစကားပြောကြားပြီး နေရောင်ခြည်စွမ်းအင်သုံးဆိုလာပြားစနစ်နှင့် ဆက်စပ်ပစ္စည်းများကို မြို့နယ်အတွင်းရှိ နန္ဒင်းချောင်းကျေးရွာအတွက် ၆၅ စုံ၊ ပုထိုးလုံးကျေးရွာအတွက် ၆၅ စုံနှင့် ခြားတောကျေးရွာအတွက် အစုံ၇၀၊ စုစုပေါင်းကျေးရွာသုံးရွာအတွက် အစုံ ၂၀၀ ကို သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများပေးအပ်ပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်မီးလင်းရေးအဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

**ချင်းတွင်းသား(iprd)**

# မြစိမ်းရောင်ရန်ပုံငွေကဲ့သို့ အရင်းမပျောက်ရန်ပုံငွေစနစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ထူထောင်

**ပုလဲ ဒီဇင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးအတွက် ကျေးရွာ ၈၅ ရွာတွင် တစ်ရွာလျှင် ငွေကျပ်သိန်းတစ်ရာနှုန်းဖြင့် မြစိမ်းရောင်စီမံကိန်းကဲ့သို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၈၅၀၀ ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်က လက်ရှိဆောင်ရွက်ပေးလျက်ရှိသော မြစိမ်းရောင်စီမံကိန်းရန်ပုံငွေမှာ ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ စီ အရင်းမပျောက်လည်ပတ်ရန်ပုံငွေအဖြစ် ထုတ်ပေးနေခြင်းဖြစ်သည်။ ပုလဲမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် မြစိမ်းရောင်စီမံကိန်းကဲ့သို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၁၀၀ ပေးအပ်မည်ဖြစ်၍ ကျေးရွာရှိ အများလေးစားသည့် လုပ်ငန်းကြီးကြပ်မှုကော်မတီဝင် ခုနစ်ဦးကို ပြည်သူများက ရွေးချယ်တင်မြှောက်ပေးရန်နှင့် ရန်ပုံငွေများရရှိလာပါက ကျေးရွာမှရွေးချယ်တင်မြှောက်ထားသည့် ကော်မတီဝင်များက အိမ်ထောင်စုဝင်များ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်လာစေရေးကို စေတနာထားဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ဝမ်းဘဲချိုင့်ကျေးရွာ၌ ဒီဇင်ဘာ ၅ ရက်က ပြုလုပ်သည့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေမှ မြစိမ်းရောင်စီမံကိန်းကဲ့သို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေပေးအပ်နိုင်ရေးနှင့် လုပ်ငန်းကြီးကြပ်မှု ကော်မတီဝင်များရွေးချယ်မှုဆိုင်ရာ ရှင်းလင်းပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါကော်မတီဝင်ရွေးချယ်မှုဆိုင်ရာ ရှင်းလင်းပွဲတွင် ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုက ဝမ်းဘဲချိုင့်ကျေးရွာနေ ပြည်သူများ၏ ဆန္ဒနှင့်အညီ လုပ်ငန်းကြီးကြပ်မှုကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဖေယျာမြေ)**



မြင်းမူမြို့နယ်စာရေးဆရာအသင်းနှင့် မြို့နယ်ပညာရေးဌာနတို့က ကြီးမှူး၍ ကျောင်းပေါင်းစုံ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများကို မြင်းမူမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဒီဇင်ဘာ ၁၂ ရက်က ကျင်းပရာ စာစီစာကုံးပြိုင်ပွဲ၌ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ၄၅ ဦး ယှဉ်ပြိုင်နေစဉ်။ ဖိုးခါး(iprd)

# ကချင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဝယ်ယူသည့် မီးသတ်ယာဉ်သစ် ၂၁ စီး မြို့နယ်များသို့ ပေးအပ်

**မြစ်ကြီးနား ဒီဇင်ဘာ ၁၆**

ကချင်ပြည်နယ် မီးသတ်ဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဝယ်ယူသည့် မီးသတ်ယာဉ်သစ် ၂၁စီးအား မြို့နယ်များသို့ လွှဲပြောင်းပေးအပ်ပွဲကို ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ဒီဇင်ဘာ ၁၂ ရက်က ကျင်းပခဲ့သည်။

မီးသတ်ယာဉ်များ လွှဲပြောင်းပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက ပြည်နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် မီးရရှိရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ကျေးရွာချင်းဆက်တံတားများ တည်ဆောက်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှု လျော့နည်းပပျောက်စေရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဝယ်ယူခဲ့သည့် မီးသတ်ယာဉ်အသစ်များကို ဦးစားပေးလိုအပ်လျက်ရှိသည့် မြို့နယ်များသို့ လွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မြစ်ကြီးနားခရိုင်အတွင်း ထုတ်ယူမည့် မီးသတ်ယာဉ်အသစ် ခြောက်စီးနှင့် စာရွက်စာတမ်းများကို လည်းကောင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသန်းအောင်က ပူတာအိုခရိုင်အတွင်း ထုတ်ယူမည့် မီးသတ်ယာဉ်အသစ် သုံးစီးနှင့် စာရွက်စာတမ်းများကိုလည်းကောင်း၊ ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်အောင်က မိုးညှင်းခရိုင်အတွင်း ထုတ်ယူမည့် မီးသတ်ယာဉ်အသစ် ငါးစီးနှင့် စာရွက်စာတမ်းများကို လည်းကောင်း၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းမောင်ရွှေက ဗန်းမော်ခရိုင်အတွင်း ထုတ်ယူမည့် မီးသတ်ယာဉ်အသစ် ခုနစ်စီးနှင့် စာရွက်စာတမ်းများကို လည်းကောင်း သက်ဆိုင်ရာကိုယ်စားလှယ်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့နောက် ကိုယ်စားလှယ်တစ်ဦးက အဆင့်မြင့်မီးသတ်ယာဉ်များကို ယခုကဲ့သို့ ဖြန့်ဝေပေးသည့်အတွက် ရပ်ကွက်၊ ကျေးရွာများ၏ မီးငြိမ်းသတ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်မည့်အပြင် မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် လူမှုရေးလုပ်ငန်းများကိုလည်း ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် ရေရှည်အသုံးပြုနိုင်ရန် ထိန်းသိမ်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မီးသတ်တပ်ဖွဲ့၏ မီးသတ်ယာဉ်အသစ်များ စမ်းသပ် သရုပ်ပြမှုကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**သံဖြူဇရပ်မြို့နယ်တရားရုံးတော်၌**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၉**

| | | | |
|---|---|---|---|
| ၁။ ဒေါ်ရင်စိန် | နှင့် | ၁။ ဒေါ်စိန်ဆင် | ၈။ ဒေါ်ခင်ထွေး |
| ၂။ ဦးအောင်ရှိန် | | ၂။ ဒေါ်သန်းရီ | ၉။ မခင်စန်းဝေ |
| (၄င်းတို့၏ အခွင့်ရ | | ၃။ ဦးပြည်တော်စိန် | ၁၀။ မထွေးကြည် |
| ကိုယ်စားလှယ်မထွေးထွေးဝင်း) | | ၄။ ဒေါ်ချော | ၁၁။ ဒေါ်သန်းစီ |
| | | ၅။ ဦးစိန်ချစ် | ၁၂။ ဒေါ်လှသီ |
| | | ၆။ ဒေါ်နု | ၁၃။ မစန္ဒာထွေး |
| | | ၇။ ဒေါ်ညွှန့် | |

အနင်းကျေးရွာ/သံဖြူဇရပ်မြို့နယ်

**တရားလိုများ** **တရားပြိုင်များ**

သံဖြူဇရပ်မြို့နယ်၊ အနင်းရွာနေ (၃)ဦးပြည်တော်စိန်၊ (၄)ဒေါ်ချော၊ (၆)ဒေါ်နု၊ (၇)ဒေါ်ညွှန့်၊ (၈)ဒေါ်ခင်ထွေး၊ (၁၀)မထွေးကြည်၊ (၁၁)ဒေါ်သန်းစီ၊ (၁၂)ဒေါ်လှသီ၊ (၁၃)မစန္ဒာထွေး တရားပြိုင်များ(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁၉ ရက် (၁၃၇၆ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများစွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ ကိုယ်စားလှယ်ရှေ့နေလက်ဝယ်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(လှမျိုးလွင်)**
**မြို့နယ်တရားသူကြီး**
**သံဖြူဇရပ်မြို့နယ်တရားရုံး**

## မြင်းမူမြို့၊ အထက(ခွဲ)မြတ်ဆရာပူဇော်ပွဲ

အနန္တဂိုဏ်းဝင် ဆရာသခင်တို့အား ၁၁-၁-၂၀၁၅ ရက်(တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီတွင်ကျောင်းခန်းမ၌ အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါသည်။ မြင်းမူမြို့ အထက(ခွဲ)မှ အသက် (၆၀)ပြည့် ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အာစရိယပူဇော်ပွဲသို့ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ အလှူငွေများကို အောက်ပါပုဂ္ဂိုလ်များထံတွင် လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| ၁။ ဦးဝင်းနိုင် | ဖုန်း-၀၉-၄၄၀၁၇၁၄၁ |
| ၂။ ဦးဇေယျ | ဖုန်း-၀၉-၄၀၀၅၁၉၄၀၀ |
| ၃။ ဦးသန့်ဇင် | ဖုန်း-၀၇၁-၄၀၄၃၂ |
| ၄။ ဦးတင်ထွန်းအောင် | ဖုန်း-၀၉-၆၄၇၄၀၆၂ |
| ၅။ ဒေါ်နီလာအောင် | ဖုန်း-၀၉-၃၃၀၉၅၈၆၆ |
| ၆။ ဒေါ်ယင်းမာလှ | ဖုန်း-၀၉-၂၅၉၁၇၆၃၂၄ |

## အထက၊ ဒီပဲယင်းမြို့ စတုတ္ထအကြိမ်မြတ်ဆရာပူဇော်ပွဲ

အထက ဒီပဲယင်းမြို့၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ကျောင်းသူ ကျောင်းသားဟောင်းများအားလုံး တက်ရောက်ပူဇော်ကန်တော့နိုင်ကြပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်-**

| | |
|---|---|
| ဆရာဦးကျော်စိုး | ဖုန်း-၀၉-၄၁၀၅၁၀၈၉၁ |
| ဦးသက်လွင် | ဖုန်း-၀၉-၂၅၆၁၆၀၃၄၅ |
| ဦးဇော်ဇော်မြင့် | ဖုန်း-၀၉-၄၀၀၄၆၀၆၀၀ |
| ဒေါ်တင်အေးကျော် (မုံရွာ) | ဖုန်း-၀၉-၆၄၅၀၁၈၁ |
| ဒေါ်မော်မော်ဆွေ (မုံရွာ) | ဖုန်း-၀၉-၂၅၀၃၁၅၉၄၄ |
| ဦးအောင်ဆွေ (မန္တလေး) | ဖုန်း-၀၉-၄၄၄၀၁၆၃၈၂ |
| ဒေါ်တင်တင်အေး (မန္တလေး) | ဖုန်း-၀၉-၄၀၀၄၂၁၃၁၇ |
| ဦးညွန့်ဆွေ (မြစ်ကြီးနား) | ဖုန်း-၀၉-၃၀၁၀၆၀၄၇ |
| ဒေါ်မော်မော် (ပြင်ဦးလွင်) | ဖုန်း-၀၉-၄၀၀၄၀၆၁၇၆ |
| ဦးကျော်ဝင်းစိန် (ရန်ကုန်) | ဖုန်း-၀၉-၇၃၂၃၄၉၄၅ |
| ဦးအောင်ဇော်ဝင်း (နေပြည်တော်) | ဖုန်း-၀၉-၄၉၂၂၆၇၆၈ |

**မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာအိမ်ရာ (ဇ/တောင်)ရပ်ကွက်၊ အိမ်ရာစီမံကိန်းရှိ တိုက်(၁)၊ အခန်း(၁၁၃)ကိုမူလအမည်ပေါက် ပိုင်ရှင်ဒေါ်စိန်မြိုင် ထံမှ ဦးမြင့်စိန် ၇/ကတခ(နိုင်)၀၄၄၀၈၉ ကတရားဝင်စာချုပ်စာတမ်းဖြင့် ဝယ်ယူပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုအမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

**ပြည်တွင်းသတင်းနှင့်ကြော်ငြာ**

# ကျောင်းမုန့်ဈေးတန်းမှ မုန့်အမျိုးအစားပေါင်း ၂၀၀၀ ကျော် ဓာတ်ခွဲစမ်းသပ်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံတွင် ကျောင်းမုန့်ဈေးတန်းမှမုန့်များ ဘေးအန္တရာယ် ဆိုးကျိုးများ မဖြစ်ပေါ်စေရေးအတွက် စစ်ဆေးအရေးယူမှုများ ပြုလုပ်လျက်ရှိရာ မုန့်အမျိုးအစားပေါင်း ၂၀၀၀ ကျော်ကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးနိုင်ခဲ့ပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"မုန့်မျိုးစုံနဲ့ စားသောက်ကုန်ပစ္စည်းတွေ ထုတ်လုပ်ရာမှာ တာရှည်ခံအောင် မသုံးသင့်တဲ့ ဓာတုပစ္စည်းတွေ သုံးနေတာတွေရှိပါတယ်။ ဒီလိုသုံးစွဲတဲ့အတွက် စားသုံးသူတွေကို ဘေးအန္တရာယ်ဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် ကျောင်းမုန့်ဈေးတန်းက မုန့်နမူနာတွေယူပြီး ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ခဲ့ရာ မုန့်အမျိုးအစားပေါင်း ၂၀၀၀ ကျော်အထိ ဓာတ်ခွဲစမ်းသပ်ပြီးဖြစ်ပါတယ်။ ဒီအထဲမှာ စားသုံးရန်မသင့်တဲ့ မုန့်တွေလည်း တွေ့ရပါတယ်။ ဒီအတွက် ကျောင်းတွေမှာ ပညာပေးဟောပြောမှုတွေ ပြုလုပ်ရပါတယ်"ဟု အဆိုပါ တာဝန်ရှိသူက ပြောကြားသည်။

အဆိုပါ ကျောင်းမုန့်ဈေးတန်းများမှ မုန့်များကို ဓာတ်ခွဲစမ်းသပ်မှုကို ဇွန်လမှစတင်၍ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဌာနခွဲ ကျောင်းကျန်းမာရေးဌာနစိတ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနများ ပူးပေါင်းကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စတင်ဆောင်ရွက်စဉ်က ဓာတ်ခွဲခန်း မလုံလောက်မှုကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌သာ ဦးစားပေးဆောင်ရွက်နိုင်ခဲ့ပြီး လာမည့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျောင်းများအားလုံး၌ ရောင်းချသော မုန့်များကို ဓာတ်ခွဲစမ်းသပ်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။



သာကေတမြို့နယ်ရှိ ကျောင်းတစ်ကျောင်းမှ မုန့်ဈေးတန်းကို တွေ့ရစဉ်။

**သတင်း-ကြဲတိုင်းအောင်၊ ဓာတ်ပုံ-သဏ္ဌ**

## HIV လူနာများနှင့် တီဘီလူနာများအား အစားအသောက်နှင့် အလှူငွေများ ထောက်ပံ့

**စစ်တွေ ဒီဇင်ဘာ ၁၆**

ရခိုင်ပြည်နယ် စစ်တွေမြို့ မင်းဂံရပ်ကွက်ရှိ HIV လူနာများ တည်းခိုဆောင်မှ HIV လူနာများအား ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့က စားသောက်ဖွယ်ရာများ၊ ဆေးစိမ်ခြင်ထောင်များနှင့် အလှူငွေများကို ဒီဇင်ဘာ ၁၃ ရက်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုဝေလွင်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမြတ်နန္ဒာခိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ ပါဝင်သောအဖွဲ့က HIV လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် တည်းခိုဆောင်တာဝန်ရှိသူများထံ အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါအဖွဲ့သည် ရွာကြီးမြောက်ရပ်ကွက်နှင့် ကျောင်းတက်လမ်းရပ်ကွက်ရှိ တီဘီရောဂါလူနာများ၏ နေအိမ်များသို့လည်း အိမ်တိုင်ရာရောက်သွားရောက်ခဲ့ပြီး တီဘီလူနာများအား အားပေးနှစ်သိမ့်စကားများ ပြောကြားကာ တီဘီဆေးများရရှိမှုနှင့် သောက်သုံးနေမှုအခြေအနေများကို မေးမြန်းပြီး လူနာများအား စားသောက်ဖွယ်ရာများ၊ ဆေးစိမ်ခြင်ထောင်များနှင့် အားဆေးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# တာချီလိတ် အထကတွင် ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

**တာချီလိတ် ဒီဇင်ဘာ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် နှွယ်သာကီ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၁၂ ရက်က ကျင်းပသည်။

ကျောင်းဆောင်သစ်ကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၂၃၄၀ ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အလျား ၁၉၅ ပေ နှင့် အနံပေ ၃၀ရှိ အာရ်စီနှစ်ထပ်ကျောင်းဆောင်အမျိုးအစားဖြစ်ကြောင်း သိရသည်။

ကျောင်းဆောင်သစ်ကို ပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ငွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးက အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင် ဦးဇော်မြင့်က ကျောင်းဆောင်သစ်တည်ဆောက်ရခြင်းနှင့် စာရေးခုံများ လှူဒါန်းရရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။



ထို့နောက် ကျောင်းဆောင်သစ်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများအား အိပ်မက်ရွာ ဆောက်လုပ်ရေးမှ မန်နေဂျင်းဒါရိုက်တာ ဦးနေမျိုးဦးက ကျောင်းအုပ်ဆရာကြီး ဦးလှဝင်းထံ လွှဲပြောင်းပေးအပ်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသည့် ကွန်ပျူတာနှစ်စုံနှင့် အားကစားပစ္စည်းများအား ပြည်နယ်လူမှုရေးဝန်ကြီးက ကျောင်းအုပ်ဆရာကြီးထံပေးအပ်ကာ မြို့နယ်ပညာရေးမှူး ဦးစိန်ထွန်းလှက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်မေထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**လှဋ္ဌေး(iprd)**

# စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**ကျိုက်ထို ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၏ ကူညီပံ့ပိုးမှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ကျပန်းစကားပြောနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲနှင့် ကျောင်းစာကြည့်တိုက်များသို့ စာအုပ်စာစောင်များ လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၃ ရက်က ကျိုက်ထိုမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်။

စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနာယက ဦးအောင်ကြည်က အမှာစကားပြောကြားပြီး စာကြည့်တိုက်များဖောင်ဒေးရှင်းဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စာကြည့်တိုက်များဖောင်ဒေးရှင်းနာယကနှင့် တာဝန်ရှိသူများက စာစီစာကုံး၊ ကဗျာ၊ ကျပန်းစကားပြောနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများမှ ဆုရရှိသည့် ကျောင်းသားကျောင်းသူများကို ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် စာကြည့်တိုက်များဖောင်ဒေးရှင်းနာယကက ကျိုက်ထိုမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် အလယ်တန်းကျောင်းများမှ ကျောင်းစာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ်စာစောင်များကို ကျိုက်ထိုမြို့နယ် လက်ထောက်ပညာရေးမှူး ဦးလှထွန်းထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။

စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မွန်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဌေးလွင်၊ ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးခွန်ဖေမြ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**


## အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ မရင်မေဖြိုး (ဘ)ဦးညွန့်ဝင်း ၁၂/အစန(နိုင်)၂၀၇၁၇၈၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေ မရင်မေဖြိုးကို ဦးညွန့်ဝင်းနှင့် ဒေါ်မြင့်မြင့်မေတို့မှ ၁၉၈၂ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ယခုလက်ရှိ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ဒေါ်နှင်းရင်လမ်း၊ အိမ်အမှတ် က/၂၄ဟုခေါ်တွင်သော နေအိမ်မှာ ဦးညွန့်ဝင်း၊ ဒေါ်မြင့်မြင့်မေတို့ ပိုင်ဆိုင်ခဲ့သော အမွေဆိုင်အိမ်ဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေမှာလည်း ဦးညွန့်ဝင်းနှင့် ဒေါ်မြင့်မြင့်မေတို့၏ တရားဝင်သားသမီးဖြစ်သောကြောင့် ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မပါဝင်ဘဲ ကျန်အမွေဆိုင်များမှသော်လည်းကောင်း၊ တခြားမည်သူတစ်ဦးတစ်ယောက်မှသော်လည်းကောင်း အဆိုပါ က/၂၄၊ ဒေါ်နှင်းရင်လမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ် နေအိမ်ခြံမြေကွက်အား လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေအရ ပြီးမြောက်မည်မဟုတ်ကြောင်းနှင့် ပြုလုပ်သူ၏ တာဝန်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**စည်သူအံ့ဘွယ် LL.B**
**တရားလွှတ်တော်ရှေ့နေ (Advocate) (စဉ်-၈၄၅၃)**
**ရှေ့နေများနားနေခန်း စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၇၃၀၂၁၁၂၃**

## အုတ်တွင်း အထက အာစရိယပူဇော်ပွဲ

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့၊ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၅ရက် (ကြာသပတေးနေ့) နံနက် ၈း၀၀ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

နယ်ဝေးရောက် ဆရာ/ဆရာမများနှင့် ကျောင်းသားကျောင်းသူဟောင်းများ ဖိတ်ကြားစာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို ဦးလှမောင် ဖုန်း-၀၅၄-၄၆၀၅၃၊ ဦးစိုးသိန်း(ဆက်သွယ်ရေး) ဖုန်း-၀၉-၃၁၇၅၁၆၆၉၊ ဒေါ်စန်းမြင့် ဖုန်း-၀၉-၄၂၈၀၆၃၂၇၀၊ ဒေါ်သောင်းသောင်းဝင်း ဖုန်း-၀၅၄-၄၆၁၉၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

## ဂရန်မူရင်းပျောက်ဆုံးကြောင်းအများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ပြည်တော်သာရပ်ကွက်၊ ခွာညိုလမ်း၊ အမှတ်(၂၃၄)နေ ဦးကျောင်းမွန်း၏သမီး ကျွန်မ ဒေါ်နန်းရွက် ၁၃/တကန(နိုင်)၀၂၁၃၄၁က အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

တောင်ကြီးမြို့၊ ပြည်တော်သာရပ်ကွက်၊ မြေတိုင်းအခေါ် အကွက်အမှတ်(၃)၊ အကွက်အမည် ဦးကြီးခမ်းတောင်၊ ဦးပိုင်အမှတ် (F-72)၊ ဧရိယာ ၀ ဒသမ ၀၇၂ ဧကရှိ မြေကွက်အား ကျွန်မဒေါ်နန်းရွက် အမည်ဖြင့် ဂရန်အမှတ်တွဲအမှတ် (၆၇၀/၁၉၉၉)ဖြင့် ဂရန်အမည်ပေါက် ပိုင်ဆိုင်ထားပါသည်။ အဆိုပါ ကျွန်မအမည်ပေါက် ပိုင်ဆိုင်သည့် ဂရန်အမှတ်တွဲအမှတ် (၆၇၀/၁၉၉၉)ဂရန်မူရင်းသည် ယခုအခါတွင် ပျောက်ဆုံးနေပါသဖြင့် ကျွန်မအနေဖြင့် ဂရန်မူရင်းအား သက်ဆိုင်ရာရုံးအသီးသီးတွင် ဂရန်အသစ် ပြန်လည်ထုတ်ယူမည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူများ ရှိပါက သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထား အပြည့်အစုံဖြင့် ကျွန်မထံသို့ ဤကြော်ငြာစာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူများမရှိပါက ဂရန်မူရင်းအား ပြန်လည်ထုတ်ယူရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းရွက် ၁၃/တကန(နိုင်)၀၂၁၃၄၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ၂ လမ်း၊ အမှတ် ၅၊ မြေညီထပ်၏ အပေါ်ခန်းဟုခေါ်တွင်သော အကျယ်အဝန်း ၁၂ $\frac{၁}{၂}$ပေ×၅၇ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေရှင်နှင့် သဘောတူညီဆောက်လုပ်ရာမှ အကျိုးခံစားခွင့်ရရှိလာသော ကန်ထရိုက်တာ (ဒေါ်နွယ်နွယ်ဦး) ၁၂/မရက(နိုင်)၀၁၅၇၇၂မှ ကျွန်ုပ်မိတ်ဆွေထံ ၁၀-၁၂-၂၀၁၄ ရက်တွင် အထက်ပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်လက်ရောက်ရောင်းချထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ဤကြော်ငြာပါ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံခိုင်လုံသောသက်သေခံ စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ပြသကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်ရက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေသာလျှင် အထက်ဖော်ပြပါတိုက်ခန်းပိုင်ရှင်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်မြတ်စိုး(စဉ်-၇၄၆၇) တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၄၉၃၀၅၅၀၃၊ ၀၉-၂၅၄၂၁၄၄၂၉**

## ကန့်ကွက်နိုင်ပါသည်

မရမ်းကုန်းမြို့နယ်၊ ၂-ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ်(၁၉/၂၀)ရှိ နှစ်ခန်းတွဲ (၃ $\frac{၁}{၂}$)ထပ် ကန်ထရိုက်တိုက်သစ်အဆောက်အအုံ၏ မြေရှင်ရရှိသည့်ခေါင်းရင်းခြမ်းမှ ဒုတိယထပ် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်။

အထက်ဖော်ပြပါတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်စန်း B.A (Law), LL.B**
**တရားလွှတ်တော်ရှေ့နေ**

| | | |
|---|---|---|
| **ဒေါ်စုစုခိုင် LL.B** | **ဒေါ်ခင်သီရိထွန်း LL.B** | **ဒေါ်ဂရေစီထိုက်LL.B** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅ လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၂) (ကွေ့မရွာ)ရပ်ကွက်၊ ရတနာပုံ ၃လမ်း၊ အမှတ် (၈၇၇)၊ (အလျား ၁၀ပေ× အနံ ၆၀ပေ)ရှိ အိမ်ခြံမြေအား ဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်သူ ဦးတင်ဝင်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နော်ရွှေစင်ဦး ၉/မနတ(နိုင်)၀၀၂၇၃၂ က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက ခုနစ်ရက်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်မျိုးလင်းထွန်း LL.B အထက်တန်းရှေ့နေ**
**အမှတ်-၃၀၊ ဗမ္ဘူသီရိ ၁လမ်းအနောက်၊ ၆/အနောက်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့**

# အာဆီယံနိုင်ငံများမှ အဂတိတိုက်ဖျက်ရေးအတွေ့အကြုံများရရှိပြီး မူဘောင်ရေးဆွဲရာတွင် ပူးပေါင်းဆောင်ရွက်

**နေပြည်တော်  ဒီဇင်ဘာ  ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Grand ball Room ၌ကျင်းပသည့် အာဆီယံအသိုက်အဝန်းတာဝန်ယူနိုင်သော အုပ်ချုပ်မှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု ပုံဖော်ရေးဒေသဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယသမ္မတက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာ၌ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူထားသည့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံဒေသအတွင်း တာဝန်ယူမှုရှိသည့် စီမံအုပ်ချုပ်မှုနှင့် အဂတိလိုက်စားမှုတို့အတွက် သင့်လျော်လှသော အခြေခံမူဘောင်တစ်ရပ် ရေးဆွဲဆောင်ရွက်ရန် စတင်ဆောင်ရွက်နေချိန်တွင် ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်ရခြင်းအတွက် အထူးပင်

*စာမျက်နှာ ၈ ကော်လံ ၁* ✻

> **“ ယခုနှစ်အစောပိုင်းကာလတွင် မြန်မာနိုင်ငံအနေဖြင့် သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာရေးဆောင်ရွက်မှု (EITI) ၏ (၄၅)နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် သတ်မှတ်ခြင်းကို ခံခဲ့ရ ”**




ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း အာဆီယံအသိုက်အဝန်းတာဝန်ယူနိုင်သော အုပ်ချုပ်မှုနှင့်အဂတိလိုက်စားမှု တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု ပုံဖော်ရေးဒေသဆိုင်ရာအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## MNL ချာရတီ ဖလားပြိုင်ပွဲ နှစ်ကျော့စနစ် ပြောင်းလဲကျင်းပမည်

သတင်း-ညီမြတ်သော်တာ

**ရန်ကုန်  ဒီဇင်ဘာ  ၁၆**

၂၀၁၅ ရာသီ MNL ချာရတီဖလားပြိုင်ပွဲကို ပြိုင်ပွဲပုံစံပြောင်းလဲသွားမည်ဖြစ်ပြီး အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက်နှင့် ၄ ရက်တို့တွင် ပုသိမ်မြို့နှင့် မန္တလေးမြို့တို့တွင် ကျင်းပမည်ဖြစ်သည်။

၂၀၁၅ MNL ချာရတီဖလားပြိုင်ပွဲအဖြစ် ၂၀၁၄ MNL အမှတ်ပေးချန်ပီယံ ရတနာပုံအသင်းနှင့် MFF Cup ရှုံး/ထွက်ချန်ပီယံ ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဇန်နဝါရီ ၃ ရက် ညနေ ၃ နာရီခွဲတွင် ပုသိမ်မြို့ရှိ ကျောက်တိုင်ကွင်း၌ လည်းကောင်း၊ ဇန်နဝါရီ ၇ ရက် ညနေ ၄ နာရီတွင် မန္တလေးမြို့ရှိ ဗထူးကွင်းတွင် လည်းကောင်း၊ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဧရာဝတီအသင်းမှာ ၂၀၁၅ ရာသီတွင် MNL ပွဲစဉ်များကို ကျောက်တိုင်ကွင်း၌ အိမ်ကွင်းအဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ယင်းပွဲစဉ်မှာ အိမ်ကွင်းအဖွင့်ပွဲ ဖြစ်လာမည်ဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၅* ✻

## ရေနွေးငွေ့စက်ခေါင်းအထူးရထား ပုဂံ-ကျောက်ပန်းတောင်းခရီးစဉ် ပြေးဆွဲသွားမည်

သတင်း-ချမ်းသာ(မိတ္ထီလာ )
ဓာတ်ပုံ-ရဲသူရအောင်(ညောင်ဦး)

**မိတ္ထီလာ  ဒီဇင်ဘာ  ၁၆**

ရေနွေးငွေ့စက်ခေါင်း အထူးရထား ပုဂံ-ကျောက်ပန်းတောင်းခရီးစဉ်ကို အပတ်စဉ်အင်္ဂါနေ့တစ်ရက်သာပြေးဆွဲမည်ဟု သတ်မှတ်ထားသော်လည်း ခရစ္စမတ်နှင့် နှစ်သစ်ကူးနေ့များတွင် အထူးအစီအစဉ်အနေဖြင့် ပြေးဆွဲသွားရန် စီစဉ်ထားကြောင်း မြန်မာ့မီးရထားနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မင်္ဂလာရှုခင်း(ခရီးသွားဝန်ဆောင်မှု) ကုမ္ပဏီဒါရိုက်တာ ဦးဇော်ဝိတ်ထံမှ သိရသည်။

“လောလောဆယ် ရေနွေးငွေ့စက်ခေါင်းအထူးရထား ပုဂံ-ညောင်ဦးခရီးစဉ်ကို အပတ်စဉ်အင်္ဂါနေ့တစ်ရက်တည်း ပြေးဆွဲပေးမယ်လို့သတ်မှတ်ထားပေမယ့် ခရီးသည်ရရှိမှုအပေါ် မူတည်ပြီးတော့တိုးချဲ့ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်။ ခရစ္စမတ်နဲ့ နှစ်သစ်ကူးနေ့များမှာလည်း အထူးအစီအစဉ်အနေဖြင့် ပြေးဆွဲသွားဖို့ စီစဉ်ထားပါတယ်။ နောက်ဆို ခရီးသည်ရရှိမှုအပေါ် မူတည်ပြီး ပြေးဆွဲပေးတဲ့နေရာမှာ စာချုပ်သဘောနဲ့ ခရီးသည် ၃၀၊ ၄၀၊ ၅၀ လောက်ဆိုရင်လည်း အထူးဈေးနှုန်းနဲ့ ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်”ဟု ၄င်းက ပြောကြားသည်။

ယင်းရေနွေးငွေ့စက်ခေါင်း မီးရထားခရီးစဉ်ကို ညောင်ဦး(ပုဂံ) ဒေသအတွင်း ခရီးသွားဧည့်သည်များ၊ နိုင်ငံခြား ခရီးသွားဧည့်သည်များ ရထားစီးနင်းမှု အဆင်ပြေချောမွေ့စေရန် ရည်ရွယ်ပြေးဆွဲခြင်းဖြစ်ပြီး

*စာမျက်နှာ ၉ ကော်လံ ၆* ◆



## ယနေ့ မာတိကာ

ဝန်ကြီးဟောင်း၏ အကျင့်ပျက်ခြစားမှုတွင် ပါဝင်သည့် စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးကို ထောင် နှစ် ၂၀ ချမှတ် — စာ-၄

ယူရိုပါလိဂ် ၃၂ သင်း ထုတ်ပြန် လီဗာပူးနှင့် ဘက်ဆစ်တပ်တွေ့ — စာ-၁၄

အင်းလေးကန်နှင့်ငါးဖိန်း — စာ-၁၇

**ကြော်ငြာအချပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ရောင်စုံကြော်ငြာ အချပ်ပို လေးမျက်နှာနှင့် အဖြူအမည်းလေးမျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS

‘ရလဒ်’ ကောင်းဖို့ ‘ကျောင်းကောင်း’ ရွေးပါ
သဉ်္ဇာသန်းနိုင် တည်ထောင်သည့်
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် ဘော်ဒါ
FORWARD အဆင့်မြင့်စာသင်ဝိုင်း
ကျောင်း၊ မြေအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊
ဝိုင်း အမှတ်(၄၄)၊ ဝိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၁ ၃၈၅ ၀၉၇၊
Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726
၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်အတွက်
ကြိုအပ် လက်ခံပါပြီ
[ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ]
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် (ကက-၁၃/၄၄/၀၆၅)
◆ ကိုယ်ပိုင်အထက်တန်းကျောင်း PRIVATE SCHOOL
ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။
ပဥ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[ Grade 11 (ဧပြီ ၃)၊ Grade 10 (ဧပြီ ၃၀) Grade 9,8,7,6 (မေ ၇) စ,မည်]
ကျောင်းကား (ကြို/ပို့) ferry စီစဉ်ပေးသည်။
◆ အဆင့်မြင့်ဘော်ဒါ ပဥ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[ဧပြီလ နောက်ဆုံးပတ် ဘော်ဒါ စ,ဝင်ရမည်]
◆ အဆင့်မြင့် စာသင်ဝိုင်း
Grade 10,11(တက္ကသိုလ်ဝင်တန်း)[ဘာသာစုံ]
Grade 11 [ ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း ] အထူးသီးသန့် ရှိသည်။
Grade 9 [သင်္ချာ၊ အင်္ဂလိပ်၊ သိပ္ပံ]
(ဧပြီ ၃) စ,မည်။ ကျောင်းပြန်ကား ferry စီစဉ်ပေးသည်။
◆ ကိုယ်ပိုင်အထက်တန်းကျောင်း(သို့) အဆင့်မြင့် ဘော်ဒါ (သို့) အဆင့်မြင့် စာသင်ဝိုင်း
◆ အဆင်ပြေ ကြိုက်နှစ်သက်ရာ အစီအစဉ်ကို စုံစမ်း၊ ရွေးချယ်၊ အပ်နှံ တက်ရောက်နိုင်ပါသည်။

**အမည်ပြောင်း**

ဦးနိုင်အောင်လှိုင်၏သား ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း Grade-7 (D) မှ မောင်ရဲဇော်နသန်အား ယနေ့မှစ၍ မောင်ရဲဇော်နသန်ဝင်းထက်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရဲဇော်နသန်ဝင်းထက်နိုင်



# ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားမြှင့်တင်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် သမဝါယမ

အမှတ်စဉ်(၄)

**ကြိုးစားတိုးပွား**

❖ အလုပ်ကြိုးစားတိုးပွားဥစ္စာ၊
❖ လိုအပ်တာသုံး အပိုမဖြုန်းနဲ့၊
❖ ကျင့်သုံးသေချာစုဆောင်းပါက၊
❖နောင်မှာတစ်နေ့ ချမ်းသာပေလိမ့်။

## “လယ်ယာကဏ္ဍထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်”

**“လယ်ယာကဏ္ဍထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လယ်ယာထုတ်ကုန် သမဝါယမအသင်းများကို သက်ဆိုင်ရာဝန်ကြီးဌာန (၂)ခု ဖြစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမဝန်ကြီးဌာနတို့မှ စုပေါင်း၍ စနစ်တကျဖွဲ့စည်းပြီး လယ်ယာကဏ္ဍ သိသိသာသာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း”**

ဆင်းရဲမှုလျှော့ချမည်ဆိုလျှင် ပြည်သူအများစုဖြစ်သည့် ၇၀ % သော ကျေးလက်နေပြည်သူများအား လူမှုစီးပွားတိုးတက်ရန် ၎င်းတို့၏ မိသားစုဝင်ငွေများတိုးတက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ဝင်ငွေတိုးတက်အောင် ဆောင်ရွက်ရာတွင် ၎င်းတို့အများဆုံးလုပ်ကိုင်ဆောင်ရွက်သော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အခြေခံဆောင်ရွက်ရမည်ဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးကို အခြေခံလျှင် လယ်ယာအသစ်များထပ်မံတိုးချဲ့၍ လယ်မရှိသူများ လယ်လုပ်နိုင်ရန်၊ နည်းနည်းရှိသူများ များများရှိစေရန်၊ (Extensive) နည်းဖြင့် တိုးချဲ့ပေးရန် လိုအပ်သကဲ့သို့ ရှိပြီးသားလယ်ယာများမှ တစ်သီးစိုက်နိုင်သော လယ်ယာများအား နှစ်သီး၊ သုံးသီးစိုက်နိုင်ရန်၊ တင်းလေးဆယ်လောက် ထွက်ခြင်းမှ တင်းခြောက်ဆယ်၊ တင်းတစ်ရာထွက်ရန်၊ မျိုး၊ မြေဩဇာ၊ စက်ကိရိယာ အရည်အသွေး ညှိဖွင့်မှုများအား အရည်အသွေးမြှင့်အောင် (Intensive) နည်းဖြင့် ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။ (Intensive) နည်းဖြင့် ဆောင်ရွက်မည်ဆိုလျှင် စက်ပစ္စည်းကိရိယာမရှိဘဲ၊ အသုံးမပြုဘဲမရနိုင်ပါ။ လယ်ယာသုံးစက်ပစ္စည်းကိရိယာများကိုလည်း သာမန်လယ်သမားများသည် သိန်း ၂၀၊ သိန်း ၃၀၊ သိန်း ၁၀၀ တန်ကို လက်ငင်းပေးပြီး မဝယ်ယူနိုင်ကြသဖြင့် ခေတ်မီလယ်ယာသုံးစက်ကိရိယာများအား အရစ်ကျငွေချေစနစ် (Hire Purchase) စနစ်ဖြင့် ဝယ်ယူနိုင်ရေး နိုင်ငံတော်အစိုးရမှ စီစဉ်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ **လယ်ယာသုံးစက်ကိရိယာများ အရစ်ကျငွေချေစနစ်ဖြင့်ရောင်းချခြင်း (Hire Purchase) လုပ်ငန်းသည် အသင်းများ၏အကျိုးအမြတ်အတွက် အဓိကဦးမတည်၊ တောင်သူဦးကြီးများလက်ဝယ်သို့ အရည်အသွေးကောင်းမွန်သည့် လယ်ယာသုံးစက်ကိရိယာများ ရောက်ရှိရေးကို အဓိကဦးတည်သည်။**






**“ရာသီလည်း-မီ၊ အလုပ်လည်း-တွင်၊ အလေအလွင့်လည်း-နည်း၊ လုပ်သားရှားလည်း-မှုစရာမလို၊ အရင်းအတွက်လည်း-ပူစရာမရှိအောင် တောင်သူများ၏ လိုအပ်ချက်ဖြစ်သည့် လယ်ယာသုံး၊ လုပ်ငန်းသုံးစက်ကိရိယာများအား သမဝါယမဝန်ကြီးဌာနအစီအစဉ်အရစ်ကျ ငွေချေစနစ်ဖြင့်ရောင်းချပေးခဲ့ရာ စက်ကိရိယာအမျိုးပေါင်း ၅၂၇၂ စီး တန်ဖိုး ကျပ်သန်း ၁၃၀၃၀.၃၉ အား တောင်သူများလက်ဝယ်သို့ အောက်ပါဇယားအတိုင်း ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။**

**လယ်ယာသုံး၊ လုပ်ငန်းသုံးစက်ကိရိယာ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနိုင်မှုအခြေအနေ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | အသင်း | အသင်းသား | လယ်ယာသုံးစက်ကိရိယာ | | လုပ်ငန်းသုံးစက်ကိရိယာ | | ရေလုပ်ငန်းသုံးပစ္စည်းများ | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | စီးရေ | တန်ဖိုး(ကျပ်သန်း) | စီးရေ | တန်ဖိုး(ကျပ်သန်း) | စီးရေ | တန်ဖိုး(ကျပ်သန်း) | စီးရေ | တန်ဖိုး(ကျပ်သန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | နေပြည်တော်ကောင်စီ | ၈ | ၇၃ | ၄၅၂ | ၉၂ | ၂၄၀. ၉၁၆၀ | ၃၆၀ | ၃၅၅. ၀၁၅ | | | ၄၅၂ | ၅၉၅. ၉၃၁၀ |
| ၂ | ကရင် | ၁ | ၄ | ၁၅ | ၁၅ | ၁၀၇. ၉၈၂ | | | | | ၁၅ | ၁၀၇. ၉၈၂ |
| ၃ | စစ်ကိုင်း | ၃၂ | ၂၀၅ | ၁၁၁၂ | ၃၆၂ | ၁၂၅၀. ၄၆၃ | ၇၅၀ | ၂၈၆. ၈၇၅ | | | ၁၁၁၂ | ၁၅၃၇. ၃၃၈ |
| ၄ | တနင်္သာရီ | ၄ | ၁၂ | ၁၂၂ | ၇၃ | ၄၂. ၄၀၈ | ၄၉ | ၈. ၂၂၀ | | | ၁၂၂ | ၅၀. ၆၂၈၀ |
| ၅ | ပဲခူး | ၂၈ | ၃၃၅ | ၈၅၈ | ၆၂၃ | ၁၅၄၉. ၂၅၀ | ၂၃၅ | ၁၆၆. ၂၂၀ | | | ၈၅၈ | ၁၇၁၅. ၄၇၀ |
| ၆ | မကွေး | ၂၄ | ၁၆၉ | ၄၃၂ | ၂၇၀ | ၉၆၀. ၅၉၇ | ၁၇၇ | ၉၇. ၃၆၂ | | | ၄၄၇ | ၁၀၅၇. ၉၅၉၀ |
| ၇ | မန္တလေး | ၁၆ | ၁၀၈ | ၁၉၉ | ၁၉၆ | ၈၇၈. ၉၀၅၀ | ၁၀ | ၂၂. ၂၀၀ | | | ၂၀၆ | ၉၀၁. ၁၀၅၀ |
| ၈ | မွန် | ၉ | ၃၂ | ၃၅၇ | ၁၆ | ၁၀. ၂၀၄ | ၃၄၂ | ၄၆. ၃၀၇ | ၂ | ၀. ၇၉၀ | ၃၆၀ | ၅၇. ၃၁၁ |
| ၉ | ရန်ကုန် | ၃၈ | ၃၁၈ | ၃၇၉၈ | ၈၄၀ | ၁၃၄၉. ၆၄၇ | ၂၉၇၉ | ၁၅၄၂. ၆၆၅ | | | ၃၈၁၉ | ၂၈၉၂. ၃၁၂ |
| ၁၀ | ရှမ်း | ၂၅ | ၃၂၈ | ၁၄၆၄ | ၁၁၀၀ | ၂၂၄၁. ၆၈၀ | ၃၆၆ | ၁၉၁. ၆၆၀ | | | ၁၄၆၆ | ၂၄၃၃. ၃၄၀ |
| ၁၁ | ဧရာဝတီ | ၂၆ | ၅၆၆ | ၂၉၃၆ | ၁၆၈၅ | ၁၃၂၀. ၀၅၀ | ၇၆၃ | ၁၉၆. ၃၂၀ | ၅၁၉၉ | ၁၆၄. ၆၄၅ | ၇၆၄၇ | ၁၆၈၁. ၀၁၄၅ |
| စုစုပေါင်း | | ၂၁၁ | ၂၁၅၀ | ၁၁၇၄၅ | ၅၂၇၂ | ၉၉၅၂.၁၁၂၀ | ၆၀၃၁ | ၂၉၁၂.၈၄၄ | ၅၂၀၁ | ၁၆၅.၄၃၅ | ၁၆၅၁၄ | ၁၃၀၃၀.၃၉၀၅ |

**နှစ်စဉ်တိုးတက်ဆောင်ရွက်ပေးနိုင်မှုပြ ဂရပ်**




## တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေး သမဝါယမဖြင့် ဆောင်ရွက်ပေး

စာမျက်နှာ ၃ သို့

စာမျက်နှာ ၂ မှ

## အရစ်ကျငွေချေစနစ်ဖြင့် (Hire Purchase) ဖြင့် ရောင်းချပေးမှုကြောင့် စက်ဌားသုံးဘဝမှ ကိုယ်ပိုင်ဘဝသို့ ရောက်ရှိမှု Result

| စဉ် | | စက်ကိရိယာ | အသင်းသား | အရေအတွက် | တန်ဖိုး(ကျပ်သန်း) |
|---|---|---|---|---|---|
| ၁ | | **လယ်ယာသုံးစက်ကိရိယာ** | ၁၇၈ | ၁၇၈ | ၂၀၂.၄၉၆၅ |
| | ၁ | လက်တွန်းထွန်စက် | ၄၈ | ၄၈ | ၈၈. ၈၉၅၀ |
| | ၂ | ထွန်စက် | ၄ | ၄ | ၃၄. ၅၀၀၀ |
| | ၃ | အင်ဂျင် | ၃၁ | ၃၁ | ၁၀. ၉၅၇၀ |
| | ၄ | ရေစုပ်စက် | ၇၈ | ၇၈ | ၂၄. ၇၅၇၀ |
| | ၅ | ထော်လာဂျီ | ၉ | ၉ | ၃၈. ၇၉၀၀ |
| | ၆ | မြက်ဖြတ်စက် | ၂ | ၂ | ၀. ၀၃၀၀ |
| | ၇ | နောက်တွဲယာဉ် | ၃ | ၃ | ၂. ၉၁၀၀ |
| | ၈ | အခြား | ၃ | ၃ | ၁. ၅၅၇၅ |
| ၂ | | **လုပ်ငန်းသုံးစက်ကိရိယာ** | ၁၁၀၆ | ၁၁၀၆ | ၁၂၇.၃၆၂၀ |
| | ၁ | သုံးဘီးဆိုင်ကယ် | ၇ | ၇ | ၁၅. ၇၅၀၀ |
| | ၂ | ဆိုင်ကယ် | ၂၅ | ၂၅ | ၁၈. ၀၇၅၀ |
| | ၃ | အပ်ချုပ်စက် | ၁၀၅၇ | ၁၀၅၇ | ၉၀. ၉၈၇၀ |
| | ၄ | ဆိုက်ကား | ၁၇ | ၁၇ | ၂. ၅၅၀၀ |
| ၃ | | **ရေလုပ်ငန်းသုံးပစ္စည်း** | ၂ | ၂ | ၀.၇၉၀၀ |
| | ၁ | အင်ဂျင် | ၂ | ၂ | ၀. ၇၉၀၀ |
| | | **စုစုပေါင်း** | ၁၂၈၆ | ၁၂၈၆ | ၃၃၀.၆၄၈၅ |

### Hire Purchase စနစ်ဖြင့် စက်ကိရိယာများရောင်းချသည့်လုပ်ငန်း အောင်မြင်စေရေးအတွက် လိုက်နာရမည့်အချက်များ

- **အရစ်ကျဝယ်ယူထားသော စက်ကိရိယာများ အသုံးပြု၍ မိမိတို့၏လယ်ယာလုပ်ငန်းကို ထိရောက်အောင်မြင်စေရန် ဆောင်ရွက်ခြင်း၊**
- **စက်တန်ဖိုး ပြန်ဆပ်ရမည့်ကာလတွင် မှန်မှန်ပြန်ဆပ်ခြင်း၊**
- **Hire Purchase လုပ်ငန်း၏ စည်းကမ်းချက်များကို စနစ်တကျ တိကျစွာ လိုက်နာဆောင်ရွက်ခြင်း၊**

### တောင်သူလယ်သမားများ၏ ရင်တွင်းစကားသံများ

"ကျွန်တော့်မှာ ယာ (၁၅) ဧက ရှိတယ်ခင်ဗျ၊ နွားတစ်ရှဉ်းနဲ့ အလုပ်လုပ်မယ်ဆိုရင်ယာ (၁၅) ဧကကို ထယ်ထိုးတာနဲ့တင် (၁၅) ရက်လောက်ကြာမယ်။ စက်ကိရိယာတွေနဲ့လုပ်မယ်ဆိုရင် ယာ (၁၅) ဧကကို (၂) ရက်လောက်နဲ့ ပြီးအောင်လုပ်နိုင်တာကြောင့်စက်ကိရိယာတွေလိုပါတယ်။ အခုဆိုရင် ဆောင်းသီးနှံဖြစ်တဲ့ မြေပဲစိုက်ဖို့ ပြင်နေပါပြီ။ မြေပဲနုတ်ဖို့ကလည်း အလုပ်သမားတွေ ရှားပါးတဲ့အတွက် မြေပဲနုတ်စက်တွေ၊ နှမ်းရိတ်စက်တွေ၊ ကြံခုတ်စက်တွေနဲ့ ကြံတင်စက် တွေလိုပါတယ်။ ကိုရီးယားကဖြစ်ဖြစ်၊ ဘယ်နိုင်ငံကပဲဖြစ်ဖြစ် **လိုနေတဲ့ လယ်ယာသုံးစက်တွေကို အစိုးရကစီစဉ်ပေးမယ်ဆိုရင်၊ ကျွန်တော်တို့ တောင်သူတွေရဲ့နေမှု၊ ထိုင်မှုအဆင့်မြင့်လာမယ်လို့ ယုံကြည်**တယ်ခင်ဗျာ။ " **( တောင်သူကြီး ဦးတင်ထွေး၊ ကံပြားကျေးရွာ၊ မကွေးမြို့နယ်)**

**"လယ်သမားတွေကအားလုံးတစ်ပြိုင်နက် စိုက်ပျိုးရတာဖြစ်လို့ တကယ်လက်တွေ့မှာ ကောက်စိုက်သမတွေ ရှားပါးနေ**ပါတယ်ခင်ဗျာ၊ ဒါကြောင့်မို့ **ထွန်စက်၊ ရိတ်စက်တွေအပြင် ကောက်စိုက်စက်တွေ အရစ်ကျ ရောင်းပေးဖို့ အစီအစဉ်ရှိလား**ဆိုတာ သိချင်ပါတယ်ခင်ဗျာ။" **(လယ်သမား ဦးထိန်လင်း၊ တွံတေး)**

## မြန်မာ့လယ်ယာလုပ်ငန်းခွင်တွင် အားဖြည့်ကြမည့် Daedong လယ်ယာသုံးစက်ကိရိယာများ

လယ်ယာကဏ္ဍကုန်ထုတ်တိုးရေး၊ စက်မှုလယ်ယာကူးပြောင်းနိုင်ရေးနှင့် လယ်သမားများ လူမှုဘဝတိုးတက်မြင့်မားရေးအတွက် လယ်သမားများ၏ အဆိုပြုချက်အရ လယ်ယာလုပ်ငန်းခွင်သုံးစက်ကိရိယာများ များစွာတိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။ လက်ရှိအရစ်ကျငွေချေစနစ်နှင့် ရောင်းချပေးသည့် အရေအတွက်သည် သမဝါယမမှ စိုက်ထုတ်ပေးရမည့် ငွေကြေးမလုံလောက်သဖြင့် လယ်သမားများရယူလိုကြသည့် အရေအတွက်၏ ၅% မျှသာ ရှိပါသည်။ အသင်းသားလယ်သမားများ အသုံးပြုလိုသည့် စက်ကိရိယာကို အသင်းသားများကိုယ်တိုင် ဈေးကွက်အတွင်းမှ စိတ်ကြိုက်ရွေးချယ် ဝယ်ယူနိုင်ပြီး သမဝါယမက ငွေကြေးစိုက်ထုတ်ပေးသည့်ကြိုက်ရောင်းကြိုက်ဝယ် စနစ်ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ Daedong ကုမ္ပဏီက နှစ်ရှည် အရစ်ကျစနစ်ဖြင့် ရောင်းချပေးရန် အဆိုပြုသော အမေရိကန်ဒေါ်လာ သန်း (၁၀၀)ဖိုးရှိ လယ်ယာသုံးစက်ကိရိယာများအား လယ်သမားများသို့ ရောင်းချပေးနိုင်ပါက သမဝါယမက ငွေစိုက်စရာမလိုဘဲ လယ်သမားများ၏ လိုအပ်ချက်ကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။ Daedong ကုမ္ပဏီထုတ် လယ်ယာသုံးစက်ကိရိယာများကို မြန်မာ့လယ်မြေသဘာဝနှင့် ကိုက်ညီ မှုရှိ မရှိ တောင်သူကြိုက်၊ မကြိုက် သိရှိနိုင်ရန် မြို့ကြီး(၇)မြို့တွင် လက်တွေ့သရုပ်ပြပွဲများပြုလုပ်ခဲ့ရာ သရုပ်ပြပွဲ၌ပင် (၃၀၇၇) စီး ဝယ်ယူရန် အဆိုပြုခြင်းခံရသည့်ပစ္စည်းများ ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတကြီးနှင့်အစိုးရအဖွဲ့ကလည်း လယ်ယာကဏ္ဍ တိုးတက်အောင် ဆောင်ရွက်ရန် အထူးအားပေးလျက်ရှိပြီး Daedong လယ်ယာသုံးစက်များ ဝယ်ယူရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်သို့ သဘောတူညီချက်ရယူရန် ... သဘောထားအမြင် ... အဆိုပြုခဲ့ပါသည်။ ပြည်ထောင်စုလွှတ်တော်နာယက ကလည်း ပြည်သူများအတွက် အမှန်တကယ်လိုအပ်သော လုပ်ငန်းဖြစ်၍ ဆိုင်ရာကုမ္ပဏီနှင့် လိုအပ်သည်များ ညှိနှိုင်းပြီး လွှတ်တော်တွင် ရှင်းလင်းတင်ပြဆောင်ရွက်ရန် လမ်းညွှန်မှုတို့ကြောင့် လယ်ယာသုံးစက်ကိရိယာအရစ်ကျ ရောင်းချခြင်းအတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆွေးနွေး အဆုံးအဖြတ်ရယူခဲ့ရာ ကိုရီးယားသမ္မတနိုင်ငံ Daedong Industrial Co.,Ltd ထံမှ လယ်ယာသုံးစက်ကိရိယာများကို (၇)နှစ် အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူခြင်းအား မဲပေးနိုင်သူ (၅၀၃) ဦးရှိသည့်အနက် လွှတ်တော်ကိုယ်စားလှယ် (၄၂၇) ဦးက ထောက်ခံမဲ ပေးခဲ့ကြပြီး (၈၄. ၈၉)%ဖြင့် သဘောတူအတည်ပြုခဲ့ပါသည်။ သို့ဖြစ်၍ ကိုရီးယားနိုင်ငံ Daedong Industrial Co., Ltd. နှင့် မြန်မာနိုင်ငံသမဝါယမဝန်ကြီးဌာနတို့သည် အမေရိကန်ဒေါ်လာသန်း (၁၀၀) ဖိုးရှိ လယ်ယာသုံးစက်ကိရိယာများအား အရစ်ကျငွေချေစနစ် (Hire Purchase) ဖြင့် ဝယ်ယူရန်အတွက် အရောင်းအဝယ်စာချုပ် ချုပ်ဆိုခြင်းကို ၁၃-၁၁-၂၀၁၄ နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

### "အရစ်ကျရောင်းချမည့်စနစ်"

- Daedong လယ်ယာသုံးစက်ကိရိယာများကို ဆိုင်းငံ့ကာလ (၁)နှစ်၊ ပြန်ဆပ်ကာလ (၆)နှစ် ပေါင်းချေးငွေ ကာလ (၇)နှစ်ဖြစ်ပါသည်။
- အရစ်ကျဝယ်ယူသည်နှင့် စက်တန်ဖိုး၏ ၁၀% ကို လက်ငင်း (Dawn Payment) ပေးချေရမည်ဖြစ်ပြီး (၁) နှစ်ပြည့်သည်နှင့် စက်တန်ဖိုး၏ ၅ %နှင့် (၁)နှစ်စာ ကျသင့်သည့် အတိုးပေးချေရပါသည်။
- (၆)လ တစ်ကြိမ်စီ အရင်း (၇. ၀၈%)နှင့် အတိုးတို့ကို ပေးဆပ်ရန်၊ စုစုပေါင်း (၁၂) ကြိမ်ပေးဆပ်ရန်။
- အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူရာတွင် သတ်မှတ်ကာလ (၇)နှစ်ပြည့်မှ ငွေအကျေ ပေးချေနိုင်သကဲ့သို့ စီးပွားရေးအဆင်ပြေလာ၍ (၂) နှစ်၊ (၃) နှစ်နှင့် အကျေပေးချေလိုပါကလည်း ပေးချေနိုင်ပါသည်။
- လက်ငင်းဝယ်ယူလိုပါကလည်း လက်ငင်းဈေးနှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။
- အရောင်းဈေးနှုန်းတွင် Daedong ကုမ္ပဏီလီမိတက်အတွက် အတိုး (၂) %နှင့် သမဝါယမအသင်းများအတွက် စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်စရိတ် (၈)% ပေါင်း (၁၀)%သာ ရယူထားပါသည်။ ထိုရောင်းဈေးနှုန်းသည်ပင် ပြင်ပမှ ရောင်းချနေသည့် လယ်ယာသုံးစက်ကိရိယာများ၏ ဈေးနှုန်းထက် များစွာသက်သာလျက်ရှိပါသည်။
- Daedong လယ်ယာသုံးစက်ကိရိယာနှင့် တွဲဖက်သုံးစွဲရမည့် ပစ္စည်းများကိုလည်း ရောင်းချပေးမည်ဖြစ်ပြီး Daedong စက်များသည် အခြားနိုင်ငံထုတ် ဆက်စပ်ပစ္စည်းများနှင့်လည်း တွဲဖက်သုံးစွဲနိုင်ပါသည်။

**Daedong Industrial Co.,Ltd. မှ လယ်ယာသုံးစက်ကိရိယာများသည် ရန်ကုန်ဆိပ်ကမ်းသို့ အောက်ပါအတိုင်း (၃) ကြိမ် ခွဲ၍ရောက်ရှိမည်ဖြစ်ပါသည်-**

| သင်္ဘောတင်ပို့မှု | ကိုရီးယားနိုင်ငံမှ စတင်ထွက်ခွာမည့်နေ့ | ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိမည့်နေ့ |
|---|---|---|
| ပထမအကြိမ် First Shipment | ၂-၁၂-၂၀၁၄၊ ၃-၁၂-၂၀၁၄၊ ၈-၁၂-၂၀၁၄၊ ၉-၁၂-၂၀၁၄ | ၂၃-၁၂-၂၀၁၄၊ ၂၄-၁၂-၂၀၁၄၊ ၂၉-၁၂-၂၀၁၄၊ ၃၀-၁၂-၂၀၁၄ |
| ဒုတိယအကြိမ် Second Shipment | ၃၁-၁၂-၂၀၁၄ | ၂၀-၁-၂၀၁၅ |
| တတိယအကြိမ် Third Shipment | ၃၁-၃-၂၀၁၅ | ၂၀-၄-၂၀၁၅ |






### Daedong ၏ ဝန်ဆောင်မှု (After Sale Service) အစီအစဉ် -

- စက်ပစ္စည်းဝယ်ယူသူများကို ဝယ်ယူသည်နှင့် မောင်းတတ်၊ တပ်ဆင်တတ်၊ အသုံးပြုတတ်အောင် သင်ကြားပေးမည်။
- စက်ပစ္စည်းများအား အာမခံကာလ (၁) နှစ် ပေးပါမည်။ အာမခံကာလ (၁)နှစ်အတွင်း ပြင်ဆင်မှုအတွက် စက်ပစ္စည်း၊ လက်ခ အခမဲ့ဖြစ်ပြီး သတ်မှတ်ကာလကျော်လွန်ပါက သင့်တင့်သော အခကြေးငွေဖြင့် ဆောင်ရွက်ပေးမည်။
- ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့များတွင် ကိုရီးယားအင်ဂျင်နီယာ (၂)ဦး၊ မြန်မာအင်ဂျင်နီယာ (၆)ဦး ပါဝင်သော အဖွဲ့ဖြင့် Service Center များ ဖွင့်လှစ်ထားရှိမည်။
- ဒေသအလိုက် စက်ပစ္စည်းဝယ်ယူမှုအပေါ် မူတည်၍ Service Center များ ဆက်လက်တိုးချဲ့ဖွင့်လှစ်သွားမည်။
- ဝန်ဆောင်မှုထိရောက်စေရန် ဝန်ကြီးဌာနမှ အင်ဂျင်နီယာ (၂)ဦး၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ (၁၈)ဦး၊ ပေါင်း(၂၀)ဦးကို ကိုရီးယားနိုင်ငံတွင် Daedong ကုမ္ပဏီအစီအစဉ်ဖြင့် စက်တပ်ဆင်ပြုပြင်ခြင်းနှင့်မောင်းနှင်အသုံးပြုခြင်းသင်တန်းအား ၁-၁၂-၂၀၁၄ မှ (၂)ပတ်ကြာ လေ့ကျင့်သင်ကြားပေးလျက်ရှိ။

**ထပ်မံတိုးချဲ့ဆောင်ရွက်ဦးမည့် လယ်ယာသုံး၊ လုပ်ငန်းသုံးစက်ကိရိယာ ကြိုက်ရောင်းကြိုက်ဝယ် အရစ်ကျ (Hire Purchase) လုပ်ငန်း**

**ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီမှ ဒေါ်လာသန်း (၁၀၀)ဖိုးရှိ လယ်ယာသုံးစက်ကိရိယာများအပြင် China EXIM Bank မှ နောက်ထပ်ရယူမည့် ချေးငွေ ဒေါ်လာသန်း (၃၀၀)အနက်မှ သန်း (၃၀)ကျော်နှင့် ညီမျှသော မြန်မာကျပ်ငွေဖြင့် ပြည်တွင်းဈေးကွက်တွင်ရှိသော လယ်ယာသုံးစက်ကိရိယာများကို ကြိုက်ရောင်း ကြိုက်ဝယ်စနစ်ဖြင့် အသင်းသား တောင်သူလယ်သမားများသို့ အရစ်ကျ ထပ်မံရောင်းချပေးသွားမည်ဖြစ်။**

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)
## ကြော်ငြာစာအမှတ် ၁/၂၀၁၄
## ၁၃၇၆ ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ ရက်
## ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ရှိ ပညာဌာနများတွင် နည်းပြ (လစာနှုန်း ၉၉၀၀၀ိ-၁၀၀၀ိ-၁၀၄၀၀၀ိ)ရာထူးများ လစ်လပ်လျက်ရှိပါသဖြင့် အောက်ဖော်ပြပါပညာအရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

| စဉ် | ရာထူး | အရေအတွက် | သတ်မှတ်ပညာအရည်အချင်း |
|---|---|---|---|
| (က) | နည်းပြ (စီမံခန့်ခွဲမှုပညာဌာန) | ၁ ဦး | မဟာဝါဏိဇ္ဇဘွဲ့ (သို့မဟုတ်) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (သို့မဟုတ်) ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုမဟာဘွဲ့ (သို့မဟုတ်) မဟာသိပ္ပံ(သင်္ချာ) (သို့မဟုတ်) ကွန်ပျူတာဆိုင်ရာမဟာဘွဲ့ |
| (ခ) | နည်းပြ (နိုင်ငံရေးသိပ္ပံပညာဌာန) | ၃ ဦး | မဟာဝိဇ္ဇာဘွဲ့ (နိုင်ငံတကာဆက်ဆံရေးပညာ/ အင်္ဂလိပ်စာ/အင်္ဂလိပ်ဘာသာ/ သမိုင်း/ ပထဝီဝင် |
| (ဂ) | နည်းပြ (လူမှုရေးပညာဌာန) | ၂ ဦး | မဟာဝိဇ္ဇာဘွဲ့(နိုင်ငံတကာဆက်ဆံရေးပညာ/ အင်္ဂလိပ်စာ/ အင်္ဂလိပ်ဘာသာ/ သမိုင်း/စိတ်ပညာ/ ဒဿနိကဗေဒ) |
| (ဃ) | နည်းပြ (ဥပဒေပညာဌာန) | ၂ ဦး | မဟာဥပဒေဘွဲ့ |

၂။ လျှောက်ထားသူသည်-
- (က) တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသောနိုင်ငံသားဖြစ်ရမည်။
- (ခ) သတ်မှတ်ပညာအရည်အချင်းအလိုက် အနည်းဆုံးမဟာဘွဲ့ရရှိသူဖြစ်ရမည်။
- (ဂ) ကွန်ပျူတာအခြေခံတတ်မြောက် ကျွမ်းကျင်သူဖြစ်ရမည်။
- (ဃ) ၁-၁-၂၀၁၅ ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ပါရဂူဘွဲ့ရရှိသူဖြစ်ပါက အသက် (၄၀)ထက် မကျော်လွန်သူဖြစ်ရမည်။
- (င) ကျန်းမာရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသော မြို့နယ်/ခရိုင်အဆင့်ရှိ ဆေးရုံတစ်ခုခုမှ ကျန်းမာကြောင်း ထောက်ခံချက်မူရင်းပါရှိရမည်။
- (စ) ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် အနည်းဆုံး သုံးနှစ်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-
- (က) နှစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၂ ပုံ
- (ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ
- (ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
- (ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် မူရင်း
- (စ) သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်း
- (ဆ) စာမေးပွဲဝင်ကြေးငွေပေးသွင်းပြီး ပြေစာမူရင်း

၄။ လျှောက်လွှာများကို ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ၁၉-၁၂-၂၀၁၄ ရက်မှစတင်၍ ဝယ်ယူလျှောက်ထားနိုင်ပြီး ၁၅-၁-၂၀၁၅ ရက်နောက်ဆုံးထား၍ လူကိုယ်တိုင်(သို့မဟုတ်) စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာတစ်စောင်ကို ဤတက္ကသိုလ်သို့ သတ်မှတ်ရက်အတွင်း ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး ကျန်လျှောက်လွှာတစ်စောင်ကို မိမိတို့တာဝန်ထမ်းဆောင်နေသည့် ဝန်ကြီးဌာနအဖွဲ့အစည်းမှတစ်ဆင့် ဤတက္ကသိုလ်သို့ ကြိုတင်ပေးပို့ရန်ဖြစ်သည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲအား ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ၂၀-၁-၂၀၁၅ရက်တွင် မြန်မာစာနှင့်အထွေထွေဗဟုသုတ၊ ၂၁-၁-၂၀၁၅ ရက်တွင် အင်္ဂလိပ်စာတို့ကို ဖြေဆိုရမည်။ (ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။)

၆။ စာမေးပွဲဝင်ကြေး ၅၀ဝိ/အား မြန်မာ့စီးပွားရေးဘဏ် (ပြင်ဦးလွင်မြို့နယ်)ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ငွေစာရင်းအမှတ် MD-၀၁၀၆၅၇ သို့ ပေးသွင်းရမည်။ ရာထူးတစ်မျိုးထက်ပို၍ လျှောက်လွှာတင်သွင်းလိုပါက ရာထူးတစ်မျိုးစီအတွက် စာမေးပွဲဝင်ကြေးငွေ ၅၀ဝိ/-စီကို သီးခြားပေးသွင်းပြီး ရာထူးအလိုက် လျှောက်လွှာတစ်စောင်စီ သီးခြားတင်သွင်းရမည်။

၇။ ဖြေဆိုခွင့်ကတ်ပြားများအား ၁၉-၁-၂၀၁၅ရက် တစ်ရက်တည်းသာ ရုံးချိန်အတွင်း၌ ထုတ်ပေးမည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)သို့ လူကိုယ်တိုင် (သို့မဟုတ်) ဖုန်းအမှတ် ၀၂-၅၀၀၀၅၊ ၀၂-၅၀၂၃၅ နှင့် ၀၂-၅၀၂၃၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအနောက်ရပ်ကွက်၊ အကွက်အမှတ် (၅၀)၊ ဦးပိုင်အမှတ် (၄၄)၊ ၁၁×၁၂ လမ်းကြား၊ ၈၀×၈၁လမ်းကြားရှိ ဦးကံလှ၊ ဒေါ်မိ အမည်ပေါက်ဂရန်မြေကွက်အား ဖခင်ဦးကံလှ၊ မိခင်ဒေါ်မိ (သမီး)ဒေါ်သိမ့်၊ ဒေါ်ဆိမ့်(အပျိုကြီးဘ၀) တို့ အသီးသီးကွယ်လွန်၍ ကျန်ရစ်သူ(သား)ဦးသာဒင်သည် ဇနီးဒေါ်သောင်းနှင့် အိမ်ထောင်ကျပြီးသား/သမီး(၇)ဦး မွေးဖွားခဲ့ပါသည်။ သား၊ သမီး (၇)ဦးအနက် သားများဖြစ်သော ဦးငွေမောင်၊ ဦးငွေအောင်၊ ဦးမြင့်သန်းတို့ကွယ်လွန်၍ ၄င်းတို့၏ကျန်ရစ်သူဇနီးများနှင့် ကျန်ရစ်သူသား/သမီးများဖြစ်သော ဒေါ်အမလေး ၉/မနမ(နိုင်)၀၂၉၄၃၈၊ ဦးမြင့်ဆန်း ၉/မနမ(နိုင်)၀၂၉၀၈၇ (ဦးငွေမောင်)ကွယ်လွန်၏ဇနီး ဒေါ်ခင်စန်းတင့် ၉/မနမ(နိုင်)၀၃၀၀၀၅၊ (ဦးငွေအောင်)ကွယ်လွန်၏ဇနီး ဒေါ်ခင်မျိုးဝင်း ၉/မနမ(နိုင်)၀၄၂၉၁၇၊ ဦးတင်ဆန်း ၉/မနမ(နိုင်)၀၃၀၀၃၈၊ ဦးတင်သန်း ၉/မနမ(နိုင်)၀၃၀၀၄၀၊ (ဦးမြင့်သန်း)ကွယ်လွန်၏ဇနီး ဒေါ်ယဉ်လှ ၉/မနမ(နိုင်)၀၂၉၃၀၃ တို့မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄(E)၊ မြေကွက်အမှတ် ၈၄၊ မြေကွက်တည်နေရာအမှတ်-၉၆၊ သမိန်ဗရမ်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ် ဦးကျော်သိန်း အယ်လ်/အာရ်ဂျီအန်-၀၂၆၁၉၀ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်သိန်း ၁၂/တမန(နိုင်)၀၄၃၈၅၇ က ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ သက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၀၊ မြေကွက်အမှတ် ၂၄၊ (၄၀'×၆၀')ရှိ မြေကွက်ကို ဒေါ်ခင်တီအမည်ဖြင့် မြေချပါမစ်ရရှိထားပါသည်။ ထိုမြေကွက်လက်ဝယ်ရှိသူ ဦးထွန်းထွန်းစိုး ၃/ဘအန(နိုင်)၁၂၁၃၁၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေပေးချေခဲ့ပြီးဖြစ်ပါသည်။ ထိုမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဆုမွန်ဆွေ (စဉ်-၃၇၆၉၄)** | **ဒေါ်လှဲ့လှဲ့ရီ B.A, LL.B, D.B.L,D.M.L (စဉ်-၂၄၁၀)** |
| **ဒေါ်နုနုခိုင် (စဉ်-၃၈၀၂၈)** | **ဒေါ်ခင်စိုးဝင်း (စဉ်-၉၄၅၃)** |
| **ဒေါ်အိဖြိုးဇင် (စဉ်-၄၁၂၀၇)** | **ဒေါ်နှင်းရည်ငွေ (စဉ်-၉၄၉၄)** |
| **ဒေါ်ဇင်မျိုးငြိမ်း (စဉ်-၄၄၄၂၂)** | **ဒေါ်အိစန္ဒီစိုး (စဉ်-၉၅၃၀)** |
| **အထက်တန်းရှေ့နေများ** | **တရားလွှတ်တော်ရှေ့နေများ** |

**အမှတ် ၈၃/၁၁၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၅၉၃၂၂၊ ၀၁-၅၃၅၆၇၃**

# ဂုဏ်ယူဝမ်းမြောက်ကြောင်း

ပန်းချီပညာရှင်ဆရာကြီး ဦးလွန်းကြွယ်အား အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ Doctor of Letters (Honoris Causa) အပ်နှင်း ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ရိုသေစွာ ဂါရဝပြုအပ်ပါသည်။

**ပန်းချီဆရာမ ဒေါ်မြင့်မြင့်တင်၊ ဒေါ်သန်းသန်းမွန်နှင့် ပန်းချီဆရာမများ**

## ဒဿနိကဗေဒမိသားစု ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

ဒဿနိကဗေဒ အဓိကမိသားစု ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဒဿနိကဗေဒဌာနများတွင် အမှုထမ်းသက်(၅)နှစ်နှင့်အထက် အမှုထမ်းခဲ့သော ၃၀-၁၁-၂၀၁၄ရက်တွင် အသက်(၆၅)နှစ်ပြည့်ပြီးသော ဆရာကြီး ဆရာမကြီးများသည် သက်ဆိုင်ရာ ဒဿနိကဗေဒဌာနများသို့ ဆက်သွယ်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ၊ လက်ရှိပညာသင်ကြားနေဆဲ ကျောင်းသား ကျောင်းသူများအားလုံး မပျက်မကွက် တက်ရောက် ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်အချိန်** - နံနက် ၀၉:၀၀ နာရီမှ မွန်းတည့် ၁၂:၀၀နာရီအထိ
**ကျင်းပမည့်နေ့ရက်** - ၄-၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်နေရာ** - တက္ကသိုလ်များဓမ္မာရုံ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

**အလှူငွေ ဆက်သွယ်လှူဒါန်းနိုင်သော နေရာများ**

၁။ တက္ကသိုလ်ကောလိပ်အသီးသီးရှိ ဒဿနိကဗေဒဌာနများအားလုံး
၂။ ကမ္ဘောဇဘဏ်(ကမာရွတ်)ငွေစာရင်းအမှတ် -၀၂၁၁၂၂၀၀၆၆၁၁၂

**အလှူငွေ ဆက်သွယ်လှူဒါန်းနိုင်သော ပုဂ္ဂိုလ်များ**

ဒေါက်တာလှဲ့လှဲ့ဝင်း ပါမောက္ခ(ဌာနမှူး) ဒဿနိကဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်
ဖုန်း-၀၉-၅၀၃၇၀၂၃၊ ၀၁-၅၃၅၀၅၀

| | | |
|---|---|---|
| ဦးတင်ရှိန် | ၁၉၇၂ | ဖုန်း-၀၉-၇၃၀၄၃၉၈၃၊ ၀၉-၃၀၄၅၇၇၇၇ |
| ဒေါ်မြသီ | ၁၉၆၆ | ဖုန်း-၀၁-၅၇၇၈၆၃၊ ၀၉-၅၅၀၁၈၆၈ |
| ဒေါ်သန်းသန်းညွန့် | ၁၉၆၇ | ဖုန်း-၀၉-၇၃၂၅၅၁၉၉ |
| ဦးသန်းအောင်လေး | ၁၉၆၈ | ဖုန်း-၀၉-၇၃၁၅၀၅၁၇ |
| ဒေါက်တာစောခူးလာ(မန္တလေး) | ၁၉၆၉ | ဖုန်း-၀၉-၄၃၁၆၀၀၄၃ |
| ဦးကိုကိုကြီး | ၁၉၆၉ | ဖုန်း-၀၉-၂၅၄၃၁၅၉၉၁ |
| ဦးခင်မောင်ချို | ၁၉၆၉ | ဖုန်း-၀၉-၈၇၄၂၈၇၈ |
| ဦးဝင်းမြင့် | ၁၉၆၉ | ဖုန်း-၀၉-၇၃၀၈၉၉၈၈၁ |
| ဦးကျော်လေး | ၁၉၇၀ | ဖုန်း-၀၉-၈၅၃၄၇၃၂၊ ၀၁-၇၀၈၃၄၇ |
| ဦးကြည်ဝင်း | ၁၉၇၀ | ဖုန်း-၀၉-၄၉၃၄၈၈၆၁ |
| ဒေါ်ရီရီတင် | ၁၉၇၀ | ဖုန်း-၀၉-၅၀၁၈၃၄၅၊ ၀၁-၅၄၁၉၀၁ |
| ဦးသောင်းအေး (လုပ်သားများကောလိပ်) | ၁၉၇၅ | ဖုန်း-၀၉-၂၅၀၂၈၈၈၁၂ |
| ဦးသိန်းလွင်(Rev.) | ၁၉၇၅/၇၆ | ဖုန်း-၀၉-၅၁၂၃၈၇၃ |
| ဦးမြင့်ဆွေ | ၁၉၇၈ | ဖုန်း-၀၉-၅၁၁၁၄၁၀ |
| ဦးအုန်းစိန် | ၁၉၇၉ | ဖုန်း-၀၉-၈၆၁၃၃၇၀၊ ၀၉-၂၅၄၂၇၇၅၀၁ |
| ဦးဇော်ထွန်း | ၁၉၇၉ | ဖုန်း-၀၉-၈၅၉၁၈၃၁၊ ၀၁-၆၅၇၉၆၃ |
| ဒေါက်တာမြသောင်း | ၁၉၈၁ | ဖုန်း-၀၁-၅၁၆၃၀၃၊ ၀၉-၄၅၀၀၂၆၉၆၂ |
| ဦးငြိမ်းချမ်းအောင် | ၁၉၈၆ | ဖုန်း-၀၉-၅၅၀၀၅၂၉ |
| ဒေါက်တာထွန်းရွှေ (အထက်မြန်မာပြည်) | ၁၉၉၃ | ဖုန်း-၀၉-၉၁၀၀၄၄၀၃ |
| ဦးအောင်ရဲမြင့် | ၁၉၉၃ | ဖုန်း-၀၉-၄၂၀၈၃၃၉၁ |
| ဦးမိုးမြင့်ထွန်း | ၁၉၉၃ | ဖုန်း-၀၉-၈၆၁၄၆၃၆ |
| ဒေါက်တာဝါဝါဝင်း | ၁၉၉၅ | ဖုန်း-၀၉-၇၃၂၁၉၉၇၇ |
| ဒေါက်တာလှနုထွေး | ၁၉၉၅ | ဖုန်း-၀၉-၈၇၄၂၆၀၇ |
| ဒေါက်တာသန်းသန်းထွေး | ၁၉၉၅ | ဖုန်း-၀၉-၅၀၅၈၆၁၉ |
| ဦးမိုးအောင် | ၂၀၀၁ | ဖုန်း-၀၉-၇၃၂၀၄၀၅၂ |

**ဒဿနိကဗေဒမိသားစုမိတ်ဆုံစားပွဲ**

(လက်မှတ်တစ်စောင်လျှင် ကျပ် ၁၀၀၀ဝိ/-နှုန်းဖြင့် ဝယ်ယူအားပေးကြပါရန်)

**ကျင်းပမည့်ရက်/အချိန်** - ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက် (တနင်္ဂနွေနေ့) ညနေ ၆ နာရီ
**ကျင်းပမည့်နေရာ** - M3 Food Center ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီး ဗဟန်းမြို့နယ်။

**မှတ်ချက်။** (၁) ဒဿနိကဗေဒအသင်း(မြန်မာနိုင်ငံ)ကိုလည်း ဖွဲ့စည်းလျက်ရှိပါသဖြင့် စိတ်ပါဝင်စားသူများသည် အသင်းအတွင်းရေးမှူး ဦးမြင့်ဆွေ ဖုန်း-၀၉-၅၁၁၁၄၁၀ သို့ ဆက်သွယ်ဝင်ရောက်နိုင်ပါသည်။
(၂) ကွယ်လွန်သွားကြသော ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများအား ရည်စူးလျက် အာစရိယပူဇော်ပွဲကျင်းပမည့်ရက် ၄-၁-၂၀၁၅ရက်တွင် တက္ကသိုလ်များဓမ္မာရုံ၌ အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းပါမည်။ စိတ်ပါဝင်စားသူများတက်ရောက်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ငမိုးရိပ်၊ မြေကွက်အမှတ် (၃၃၈)၊ မြေကွက်တည်နေရာအမှတ်(၃၃၈)၊ ၇လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်း ဦးဟံပ အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးဟံပထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူထားသူ ဒေါ်သန်းသန်းရီ ၁၂/သဃက(နိုင်)၁၀၇၅၄၉ နှင့် ဒေါ်တင်စန်းလှ ၁၂/သဃက(နိုင်)၀၃၈၈၆၂ တို့က မပြည့်စုံသောပါမစ်မူရင်းတင်ပြ၍ နှစ်၆၀ မြေငှားစာချုပ်ဂရန်သစ် လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၂ ကံဘဲ့၊ မြေကွက်အမှတ် ၂၄၊ မြေကွက်တည်နေရာအမှတ် ၉၊ ကန်ရိပ်သာလမ်း၊ ၉ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဦးဇင်မင်းအောင်)အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးဇင်မင်းအောင် ထံမှ S/P-၂၇၆၂၇/၂၀၁၄(၁၀-၁၀-၂၀၁၄)ရရှိသူ ဒေါ်ဇင်မေစိုး ၁၂/သဃက(နိုင်) ၁၆၄၃၇၂ မှ S/P၊ ကျမ်းကျိန်လွှာ၊ နှစ်၆၀ဂရန်၊ ၂၀၁၄ ခုနှစ်တွင် ထုတ်ယူထားသည့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံမူရင်းပျောက်ဆုံးသွားကြောင်း၊ ကျမ်းကျိန်လွှာမူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံ/မြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၆၂၃)၊ မြေကွက်တည်နေရာအမှတ်(၃၆)၊ ရွှေပြည်သာလမ်းမကြီး၊ (၃၂)ရပ်ကွက်၊ ဒဂုံမြောက်၊ ဦးကျော်မြင့်(ISN-၂၀၆၃၉၁)၊ ဒေါ်ခင်ငွေဝင်း(AA-၀၉၆၅၁၅) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်မြင့်၊ ဒေါ်ခင်ငွေဝင်းတို့ကွယ်လွန်သဖြင့် ဒေါ်ခင်စန္ဒာကျော်(၁၂/မဂဒ(နိုင်)၀၄၉၃၂၁)၊ ဒေါ်ခင်သီတာကျော်(၁၂/မဂဒ(နိုင်)၀၄၉၂၆၅)၊ ဦးဝဏ္ဏကျော်(၁၂/မဂဒ(နိုင်)၀၄၉၂၃၈)၊ ဦးတောက်ထွန်းကျော်(၁၂/သဃက(နိုင်)၀၀၃၅၆၇) တို့ကသားသမီးများတော်စပ်ကြောင်းကျမ်းကျိန်လွှာနှင့်သေစာရင်းများတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာခိုင်လုံသော အထောက်အထားများတင်ပြ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါကဤဌာန၏လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ခင်ပွန်းအဖြစ် မသက်ဆိုင်တော့ပါကြောင်း

ကျွန်မ၏ခင်ပွန်းဖြစ်သူ ကိုကိုမိုး ၁၂/မရက(နိုင်)၁၁၈၂၅၀ သည် ခွင့်မလွှတ်၊ သည်းမခံနိုင်သောကိစ္စကို ပြုလုပ်၍ ၄င်း၏ သဘောဆန္ဒဖြင့် နေအိမ်မှဆင်းသွားပါသဖြင့် ခင်ပွန်းအဖြစ် မသက်ဆိုင်တော့ပါကြောင်းနှင့် ၄င်း၏အပြုအမူများ၊ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ကျွန်မနှင့် လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မခင်မိုးဝင်း ၁၄/ကပန(နိုင်)၁၃၁၉၈၄**

## ရောင်းမည်

စမ်းချောင်းမြို့နယ်၊ ရွှေလောင်းလမ်း၊ (၂၅×၅၀)ပေ မြေညီထပ်မှ ပထမထပ် (တွဲလျက်) အတွင်းလှေကားဖောက်ထား၊ အဆင့်မြင့်ပြင်ဆင်ပြီး ဒုတိယထပ်ကြမ်းခင်း ရာထိုးခင်း၊ အိမ်သာ၊ ရေချိုးခန်း၊ ဘိုထိုင်၊ ကြွေပြားကပ်ပြီး။

**ဆက်သွယ်ရန်- ဖုန်း-၀၉-၅၀၅၅၁၉၁၊ ၀၉-၄၉၃၂၅၇၁၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ **ထိန်းချုပ်ကြယ်** ပို့ကုန်နှင့်သွင်းကုန် ကုမ္ပဏီ လီမိတက်၏ IDနံပါတ်-၁၀၁၈၃၀၊ IDနံပါတ်-၁၂၀၃၄၂၊ IDနံပါတ်-၁၂၁၉၈၅၊ IDနံပါတ်-၁၂၁၉၈၄၊ IDနံပါတ်-၁၂၃၃၆၂၊ ID နံပါတ်-၁၂၃၃၆၀၊ ID နံပါတ်-၁၂၃၃၆၁၊ ID နံပါတ်-၁၂၆၂၃၇၊ ID နံပါတ်-၁၂၄၉၁၂၊ ID နံပါတ်-၁၂၇၉၀၇၊ ID နံပါတ်-၁၃၀၆၇၁၊ ID နံပါတ်-၁၃၀၆၇၀၊ ID နံပါတ်-၁၃၄၄၄၁၊ ID နံပါတ်-၁၃၆၃၀၃၊ ID နံပါတ်-၁၃၃၆၅၂၊ IDနံပါတ်-၁၅၃၄၀၂၊ ID နံပါတ်-၁၅၃၄၀၂၊ ID နံပါတ်-၁၆၀၄၀၆၊ ID နံပါတ်-၁၆၀၇၁၂၊ ID နံပါတ်-၁၆၁၉၄၅၊ ID နံပါတ်-၁၆၅၇၅၆၊ ID နံပါတ်-၁၇၉၀၆၈၊ ID နံပါတ်- ၁၇၃၅၈၀၊ ID နံပါတ်-၁၉၃၆၃၁ စာရွက်စာတမ်းများမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၀၈၄၁၇**

